# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၈ ရက် အင်္ဂါနေ့။ Tuesday, 4 April 2017 (၈၈၈၆)


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)သင်တန်းဆင်းပွဲ တက်ရောက်

စာမျက်နှာ - ၅



မန္တလေးမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မြရည်နန္ဒာအိမ်ရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)

# တိုင်းပြည်နှင့် ပြည်သူများအတွက် အကျိုးမရှိသည့် စီမံကိန်းများကို ရဲဝံ့ပြတ်သားစွာ ပယ်ဖျက်ပစ်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ ကျေနပ်ဝမ်းမြောက်မှုရရှိစေရန်၊ အငြိမ်းစားယူပါက ဘဝလုံခြုံစိတ်ချမှုရှိစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် Take off year အဖြစ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ကျေနပ်လောက်သည့် တိုးတက်ပြောင်းလဲမှုတစ်ခုကို ပြသနိုင်ရမည်ဖြစ်ကြောင်း၊ အခက်အခဲနှင့်ပြဿနာများကို တွန့်ဆုတ်ရှောင်ရှားမနေဘဲ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လုပ်ဆောင်ကြရမည့် သူများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ မလုပ်ဆောင်နိုင်ပါက တိုင်းပြည်အတွက် သိသာထင်ရှားသည့် အရွေ့တစ်ခုကို ရရှိမည် မဟုတ်ပါကြောင်း၊ တိုင်းပြည်နှင့် ပြည်သူများအတွက် အကျိုးမရှိသည့် စီမံကိန်းများကို ရဲဝံ့ပြတ်သားစွာ ပယ်ဖျက်ပစ်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ စီမံကိန်းဝန်ကြီးများနှင့် (၂/၂၀၁၇) ကြိမ်မြောက် လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐**



## ကြေးမုံ

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံတစ်ဝန်းရှိ လစ်လပ်သော မဲဆန္ဒနယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ခဲ့ပြီး နောက်တစ်နေ့တွင် အနိုင်ရရွေးချယ်ခံရသူ ကိုယ်စားလှယ် ၁၉ ဦး၏ အမည်စာရင်းကို ပြည်သူတို့အား အသိပေး ထုတ်ပြန်ကြေညာပေးနိုင်ခဲ့သည်။

ယခုကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲကို အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာဖြင့် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံနှင့်ပြည်သူ အကျိုးအတွက် ပြည်သူ့ကိုယ်စားထမ်းရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပေမည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဥပဒေကို ဖောက်ဖျက်သည့် အမှုအခင်းအနည်းငယ်ခန့်သာရှိခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူပြည်သူများ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတစ်ဝန်းရှိ လစ်လပ်မဲဆန္ဒနယ်များရှိ မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးကြသူများအား စနစ်တကျလွတ်လပ်စွာမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရသည်။

တရားမျှတသည့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်အောင် ဆောင်ရွက်ပေးကြသည့်သူများအား အသိအမှတ်ပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအလေ့အထဖြစ်သည့် မဲပေးရွေးချယ်ခြင်း စနစ်ကို ယမန်နှစ်မှစတင်၍ ပျိုးထောင်နိုင်ခဲ့ပြီး ရွေးကောက်ပွဲအတွေ့အကြုံနည်းသေးသော်လည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတကာကပင် အသိအမှတ်ပြုလက်ခံခဲ့ကြသည်။

ယခုကြားဖြတ်ရွေးကောက်တွင် ထူးခြားချက်မှာ အမြင်အာရုံချို့တဲ့သူများအား မဲပေးနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ခြင်းမှာ ကျေနပ်အားရစရာဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပခဲ့ရာ၌ တွေ့ရှိခဲ့သော အားနည်းချက်များကို ယခုရွေးကောက်ပွဲတွင် ပြန်လည်ပြင်ဆင်ဖြည့်စွက်ထားသည်ကိုတွေ့ရသည်။ အဓိကလိုအပ်ချက်မှာ မဲပေးပိုင်ခွင့်ရှိသော ပြည်သူများ မဲပေးနိုင်ရေးသာဖြစ်သည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ လွှတ်တော်သုံးရပ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခြင်းဖြစ်ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲမှာ လွှတ်တော်နှစ်ရပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့အတွက်ဖြစ်သည်သာ ကွာခြားသည်။ ထို့အပြင် မဲပုံး၊ မဲလက်မှတ်၊ မဲရုံမှအစကွာခြားပြီး ပြည်သူများအနေဖြင့် စားဝတ်နေရေးအတွက် ရုန်းကန်နေရသောကြောင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနည်းနေသေးသည်ဟုဆိုနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိစွာဖြင့် ပါဝင်ဆောင်ရွက်ခြင်း၊ မဲပေးခြင်းများရှိခဲ့သဖြင့် ကျေနပ်ရမည်ဖြစ်သည်။ ယခင်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်များပြီး လစ်လပ်ရွေးချယ်ခံကိုယ်စားလှယ် လေးဆယ်ကျော်ရှိခဲ့သော်လည်း ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်ရွေးချယ်ခံကိုယ်စားလှယ် ၁၉ ဦးသာရှိသဖြင့် စိတ်ဝင်စားမှုလျော့ကျခြင်းလည်းဖြစ်နိုင်သည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ ပေးပိုင်ခွင့်ရှိသော မဲတစ်ပြားသည် မည်မျှတန်ဖိုးရှိကြောင်း အသိနည်းပါးနေသေးခြင်းလည်း ဖြစ်နိုင်သည်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးနေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးနေရာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်နေရာတို့အတွက် နိုင်ငံရေးပါတီ ၂၄ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် စုစုပေါင်း ၉၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုရွေးကောက်ပွဲတွင် အားနည်းချက်များရှိသလို အားသာချက်များလည်းရှိမည်ဖြစ်သည်။ ရရှိလာသော ရွေးကောက်ပွဲအတွေ့အကြုံနှင့် သင်ခန်းစာများကိုရယူပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဒီမိုကရေစီ အနှစ်သာရများလျော်ညီစွာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ချင်းတွင်းတံတား(ကလေးဝ)နှင့် ဂန့်ဂေါ-ကလေးလမ်း ကတ္တရာကွန်ကရစ်လမ်းဖွင့်

**နေပြည်တော် မေ ၃**

ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်နှစ်သွယ်ပေါင်းဆုံရာဒေသ ကလေးဝမြို့၌ နိုင်ငံတော်အစိုးရသစ် လက်ထက် တစ်နှစ်တာအလွန် လမ်းပန်းဆက်သွယ်ရေးသမိုင်းသစ်ကို ဖွင့်လှစ်ပေးလိုက်နိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ရေဦး-ကလေးဝလမ်း ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ချင်းတွင်းတံတား(ကလေးဝ) ဖွင့်ပွဲကို မေ ၂ ရက် နံနက် ၇ နာရီက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံကို ဆက်သွယ်ထားသော ကွန်ရက်အတွင်းမှာလည်း ပါဝင်ကြောင်း၊ မူးမြစ်ကူး (သမရိုး)တံတားသည်လည်း ပြီးစီးပြီဖြစ်ကြောင်း၊ ချင်းတွင်းမြစ်ပေါ်တွင်လည်း ချင်းတွင်းတံတား(ခန္တီး)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)တို့မှာ တည်ဆောက်ဆဲဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြီးစီးဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဖြစ်သည့် နာဂဒေသ ဖွံ့ဖြိုးရေးအတွက် သက္ကယ်ကျင်း-ဖောင်းပြင်ကိုလည်း ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်စီမံပြီးဖြစ်ကြောင်း၊ ချင်းတွင်းတံတား (ထမံသီ-ပင်းမ)ကိုလည်း ငါးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်၍ အထက်ချင်းတွင်းဒေသနှင့် ဆက်စပ်ဒေသများသည် မည်သည့်နေရာတွင်မဆို ဆက်သွယ်သွားလာမှု အဆင်ပြေတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တံတား တည်ဆောက်ပေးသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ရာသီမရွေး သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်တော့မည်ဖြစ်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ချင်းတွင်းတံတား (ကလေးဝ)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က ချင်းတွင်းတံတား(ကလေးဝ) ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဒေသခံပြည်သူများ၊ ဧည့်သည်တော်များနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ဂန့်ဂေါ-ကလေးလမ်း (ကလေးမြို့နယ်အပိုင်း) ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကလေးမြို့နယ်အတွင်း ကတ္တရာကွန်ကရစ်လမ်း ဖွင့်လှစ်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ ဧည့်သည်တော်များသည် ဒေသခံပြည်သူများနှင့်အတူ ကတ္တရာကွန်ကရစ်လမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ BOT လုပ်ငန်းများနှင့် လမ်း၊ တံတား၊ အဆောက်အအုံများသာမက မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လမ်းမိုင် ၂၉၁၂ မိုင်ကျော် ဖောက်လုပ်ထိန်းသိမ်းထားကာ ပေ ၁၈၀ နှင့်အထက် တံတား ၅၄ စင်းကို တည်ဆောက်ပေးထားပြီး ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ယနေ့ဖွင့်လှစ်လိုက်သည့် ချင်းတွင်းတံတား (ကလေးဝ)အပါအဝင် ၃၄ စင်း တည်ဆောက်ခဲ့ပြီး JICA၊ ODA ချေးငွေဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

အရှည် ၂၈၀၅ ပေ ရှိသည့် ချင်းတွင်းတံတား(ကလေးဝ) ဖွင့်လှစ်နိုင်၍ ပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ တိုးတက်လာမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်ရေးမှာလည်း ပိုမိုမြန်ဆန်သွက်လက်လာမည် ဖြစ်သည်။

**(သတင်းစဉ်)**

# မြို့နယ်ပြန်/ဆက် ဦးစီးဌာနများသို့ စာအုပ်၊ စာစောင်များလှူဒါန်း



**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ဘုရားဖူးလေ့လာရေးအဖွဲ့ဝင်များသည် မတ် ၂၇ ရက်က အင်းလေးဖောင်တော်ဦးဘုရား စိန်နှင့်မြကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမုဒနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းသန်းအောင်တို့ထံ ဖောင်တော်ဦးဘုရား ဘက်စုံပြုပြင်ရန်နှင့် ဓမ္မာရုံပြုပြင်ရန် ငွေကျပ်သုံးသိန်းလှူဒါန်းကြပြီး တောင်ကြီးမြို့နှင့် ညောင်ရွှေမြို့နယ်တို့ရှိ ပြန်/ဆက်ဦးစီးဌာနများသို့ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ (တန်ဖိုး ကျပ်သုံးသိန်းခန့်) လှူဒါန်းခဲ့ရာ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုင်းသန်းကျော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃**

ရန်ကုန်(ရွှေဈေး) ၈၉၆၀၀၀ - ၈၉၆၀၀၀ | မန္တလေး(ရွှေဈေး) ၈၉၆၀၀၀ - ၈၉၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၀ ကျပ်၊ | ၈၄၅/၈၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၂/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၃/၆၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၄.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၇၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၇၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၃၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၃၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၅.၇၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957 — ၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့

အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာ အားလုံးက ယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံး အသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေ ပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သော သတိ၊ မလျှော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

**(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ)**

## ဒုတိယ ပင်လုံညီလာခံအတွက် မျှော်လင့်ချက်

ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ ဆက်နွယ်နေတယ်ဆိုတာကတော့ ထူးထူးထွေထွေ ပြောဖို့လိုမယ်လို့ မထင်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လွယ်တဲ့ဖြစ်စဉ်မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့အတွက် မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ အထူးသဖြင့်ဆိုလို့ရှိရင် အခုရက်ပိုင်းအတွင်းမှာ ကျွန်မတို့ ဒုတိယ ပင်လုံညီလာခံအတွက် မျှော်လင့်ချက်တွေ အများကြီး တိုးပွားလာပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနိုးဆော်စာ

**နေပြည်တော် ဧပြီ ၃**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့ အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်အား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ငြိမ်းချမ်းရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်းသည့်ပြည်သူများသို့ ကျေးဇူးတင်လွှာ

**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာပြီးမြောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့အောင်မြင်စေရေးအတွက် လိုအပ်သောရန်ပုံငွေများကို ရှာဖွေရာတွင် ပြည်တွင်းမှငြိမ်းချမ်းရေးမြတ်နိုးသူ တိုင်းရင်းသားပြည်သူများမှ တတ်အားသရွေ့ ထည့်ဝင်လှူဒါန်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ငွေစုဘဏ်စာရင်း SF-၀၀၄၀၄၈ ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အလားတူ ငွေသားဖြင့်လှူဒါန်းလိုသူများ အဆင်ပြေလွယ်ကူစွာ လှူဒါန်းနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ စာရင်းရှင်ငွေစာရင်း CF-003434 ကို ဖွင့်လှစ်ပြီး ငွေသားဖြင့်လှူဒါန်းမှုများကို လက်ခံခဲ့ပါသည်။

၂။ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တလျက်ရှိသည့် ဆန္ဒများကို ဖော်ထုတ်ပြသကြရာတွင် ငြိမ်းချမ်းရေးရန်ပုံငွေ(Peace Fund) ငွေစုဘဏ်စာရင်း စတင်ဖွင့်လှစ်သည့်နေ့မှ ၂၀-၃-၂၀၁၇ အထိ ပြည်သူအများ၏ ထည့်ဝင်လှူဒါန်းငွေမှာ စုစုပေါင်းကျပ် ၁၃၉၄၇၇၈၄၇၇၅ (၁၃ ဒသမ ၉၄၈ ဘီလီယံ)ရရှိခဲ့ပြီဖြစ်၍ အထူးပင် အံ့သြဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ရပါသည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားမှ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းကြရာ မိမိတို့ချွေးနဲ့စာမှ ကျပ်တစ်ထောင်ကျော်၊ ကျပ်ငါးထောင်၊ ကျပ်တစ်သောင်း စသည်ဖြင့် လှူဒါန်းခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကျပ်ဘီလီယံနှင့်ချီ၍ ထည့်ဝင်သူများရှိကြသလို ထိုသို့ နည်းများမဟူ တက်နိုင်သမျှထည့်ဝင်လှူဒါန်းမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု၏ ပါဝင်မှု၊ ထောက်ခံမှု၊ ပံ့ပိုးကူညီမှုအပေါ် တန်ဖိုးမဖြတ်နိုင်အောင်ပင် ဝမ်းမြောက်ဝမ်းသာကြည်နူးရပါသည်။

၃။ မြန်မာနိုင်ငံနေရာအနှံ့မှ ပြည်သူအများ၏ လှူဒါန်းမှုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးကို မည်မျှလိုလားတောင့်တမျှော်လင့်နေကြသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ လက်ရှိကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ချမှတ်ထားသော သန္နိဋ္ဌာန်စိတ်များလည်း ပိုမို၍ ခိုင်မာလာစေခဲ့ပါသည်။ ပြည်ထောင်စုရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်စေရန် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

## သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဧပြီ ၄**

ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ် ၂၇ ရက်တွင် ဘူဒါပတ်စ်မြို့၌ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ်အာဒါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးနိုင်ကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဒေါက်တာသန်းထွဋ် | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

## (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များ "က" အက္ခရာမှ "န" အက္ခရာအထိ အက္ခရာ အလုံး ၂၀ နှင့် အရန်ထီ အက္ခရာ "ကင" မှစတင်၍ အစဉ်လိုက် ဆက်လက်ရောင်းချပေးမည်

**ရန်ကုန် ဧပြီ ၃**

ဧပြီ ၁ ရက်တွင် (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲပြုလုပ်ခဲ့ပြီးနောက် (၂)ကြိမ်မြောက် ဆက်လက်ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ဆက်လက်ရောင်းချခဲ့ရာ "က" အက္ခရာမှ "န" အက္ခရာအထိ အက္ခရာ အလုံး ၂၀ နှင့် အရန်ထီ အက္ခရာကို "ကင"မှ စတင်၍ အစဉ်လိုက် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

လာမည့် မေ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို ဆက်လက်ရောင်းချလျက်ရှိရာ (၁)ကြိမ်မြောက်တွင် ရောင်းချဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် အရန်ထီ "ကက" "ကခ" "ကဂ" "ကဃ"တို့ကို ရောင်းချမည်မဟုတ်ဘဲ အရန်ထီအနေဖြင့် အက္ခရာ "ကင"မှ စတင်ကာ အစဉ်လိုက် ဆက်လက်ရောင်းချပေးမည်ဟု သိရသည်။

ယင်းကြောင့် ထီထိုးကံစမ်းသူ အများပြည်သူများအနေဖြင့် သတိပြုနိုင်ရန်နှင့် ထီလက်မှတ် လိမ်လည်ရောင်းချမှုများ မဖြစ်ပေါ်လာနိုင်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ဧပြီ ၄ ရက် ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များကို အက္ခရာစဉ်အလိုက် ရောင်းချပေးလျက်ရှိရာတွင် အရန်ထီလက်မှတ်ကို အက္ခရာ "ကင"မှ စတင်ကာ အစဉ်လိုက် ဆက်လက်ရောင်းချပေးမည်ဖြစ်ပြီး အရန်ထီလက်မှတ်စာအုပ်များ ဝယ်ယူလိုပါက အနည်းဆုံး အုပ်ရေ ၁၀၀ နှင့်အထက် ဝယ်ယူရမည်ဖြစ်ပြီး ဘဏ်ငွေသွင်းချလန်(TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ကျောက်တံတားမြို့နယ်ရှိ ရုံးသို့ ဧပြီ ၃ ရက်မှ ဧပြီ ၂၄ ရက်အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀ နှင့် ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၁၀၀၀ အပါအဝင် အထူးဆုကြီးများ၊ ပဒေသာဆုများအပါအဝင် ဆုမဲပေါင်း တစ်သိန်းကျော် အထိပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် ၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

# ဂျီဘရော်တာနယ်မြေ၏ အကျိုးစီးပွားအတွက် ဗြိတိန်အခိုင်အမာရပ်တည်သည်ဟု ဝန်ကြီးချုပ်မေပြော

**လန်ဒန် မေ ၃**

ဂျီဘရော်တာနယ်မြေရှိ ပြည်သူများနှင့် ယင်းနယ်မြေ၏စီးပွားရေး တိုးတက် မြင့်မားစေရေးအတွက် ဗြိတိန်နိုင်ငံက ဆက်လက်အားပေး ထောက်ခံသွားမည်ဟု ဝန်ကြီးချုပ် ထရီစာမေက ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။



ဝန်ကြီးချုပ်မေသည် ဂျီဘရော်တာနယ်မြေ၏ ဝန်ကြီးချုပ် ဖေဘီယန် ပီကာဒိုအား တယ်လီဖုန်း ဆက်သွယ်ကာ စကားပြောဆိုခဲ့ရာတွင် ယင်းဒေသ၏ အနာဂတ်ရေးနှင့် ပတ်သက်၍ အာမခံစကားဆိုခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရန် ရှိနေစဉ်တွင် ဂျီဘရော်တာအရေးသည် အကဲဆတ်မခံသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ဝန်ကြီးချုပ်မေသည် လွန်ခဲ့သည့်ရက်သတ္တပတ်က ဥရောပသမဂ္ဂ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အပိုဒ် (၅၀) ကို ကိုးကားလျက် သမဂ္ဂ၏ အဖွဲ့ဝင်အဖြစ်မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မည်ဟု တရားဝင်အသိပေးခဲ့ပြီးဖြစ်သည်။

ဂျီဘရော်တာ နယ်မြေသည် အီဘာရီယန်ကျွန်းဆွယ်၏ တောင်ဘက်စွန်း၌ တည်ရှိသည်။ မြေထဲပင်လယ်ဒေသ၏ ဝင်ပေါက်သဖွယ် တည်ရှိနေပြီး ၁၇၁၃ ခုနှစ်တွင် အာရီချတ်စာချုပ်အရ ဗြိတိန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ရသည်။ စပိန်နိုင်ငံသည် ဂျီဘရော်တာနယ်မြေကို ပြန်လည်ရရှိရေးအတွက် မနားမနေကြိုးပမ်းသွားမည်ဟု ကြုံးဝါးခဲ့သည်။

ဗြိတိန်နိုင်ငံ၏ ပင်လယ်ရပ်ခြားပိုင်နက်နယ်မြေတစ်ခုအဖြစ် တရားဝင် သတ်မှတ်ခံထားရသော ဂျီဘရော်တာနယ်မြေသည် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ခြင်း၏ ကောင်းကျိုးရလဒ်များ ရရှိနိုင်ရေးအတွက် ဆွေးနွေးရေးလုပ်ငန်းစဉ်အတွင်း မိမိတို့ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ဂျီဘရော်တာဒေသ ပြည်သူများ၏ အကျိုးစီးပွားများအတွက် ဗြိတိန်အစိုးရအဖွဲ့က အခိုင်အမာရပ်တည်သွားရန် ကတိကဝတ်ပြုထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**



## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဖြင့် စီးပွားရေးကိုမြှင့်တင်နိုင်မည်ဟု တူရကီသမ္မတပြောကြား

**အန်ကာရာ မေ ၃**

တူရကီသမ္မတ၏ လုပ်ပိုင်ခွင့်အာဏာကို တိုးမြှင့်ပေးရန် ရည်ရွယ်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုပြုလုပ်ခြင်းသည် နိုင်ငံတော်စီးပွားရေး တိုးတက်မှုအတွက် အားပေးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း သမ္မတ တေယစ် အာဒိုဂန်က ပြောကြားလိုက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရန် စီစဉ်ခြင်းနှင့်ပတ်သက်၍ အတိုက်အခံများက ကန့်ကွက်လျက်ရှိကြသော်လည်း ဆန္ဒခံယူပွဲကို မေ ၁၆ ရက်တွင် ပြုလုပ်ရန် အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲခြင်းဖြင့် နိုင်ငံရေးစနစ်ကိုပါ တစ်ပါတည်းပြောင်းလဲနိုင်မည်ဖြစ်ကြောင်း၊ သမ္မတ၏ အခွင့်အာဏာကို တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။


တူရကီနိုင်ငံ၏ စီးပွားရေးသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အလားအလာ မှေးမှိန်နေသည့်ကြားမှ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သမ္မတအာဒိုဂန်က မြို့တော် အန်ကာရာ၌ မေ ၂ ရက်က ပြုလုပ်သော လူထုအစည်းအဝေးပွဲတစ်ရပ်တွင် ပြောကြားသည်။

တူရကီနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်မှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တစ်ဦးကျဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၈၀၇ ရှိကြောင်း တူရကီစာရင်းအင်းဌာနက မတ် ၃၁ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂ(အီးယူ)၌ အဖွဲ့ဝင်နိုင်ငံအဖြစ် တူရကီဝင်ရောက်နိုင်ရေးမှာ ၅၄ နှစ်ကြာမျှ နှောင့်နှေးကြန့်ကြာနေခဲ့ရကြောင်း၊ ယင်းမှာ အီးယူသည် ခရစ်ယာန်ဘာသာကိုးကွယ်သောနိုင်ငံများ၏ အစည်းအရုံးဖြစ်နေသောကြောင့် ဖြစ်ကြောင်း သမ္မတအာဒိုဂန်က ဝေဖန်ပြောကြားသည်။

လူဦးရေ သန်း ၈၀ နေထိုင်ရာ တူရကီနိုင်ငံသည် အနောက်အုပ်စုနိုင်ငံများ၏ ခေါင်းဆောင်များအားလုံးအတွက် သင်ခန်းစာပေးသောနိုင်ငံဖြစ်သည်ဆို၏။

**ရိုက်တာ။**



## တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွေးစီရင်စု၌ ရေနံချက်စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွား ငါးဦးသေဆုံး၊ သုံးဦးထိခိုက် ဒဏ်ရာရ

**ပေကျင်း မေ ၃**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွေးစီရင်စုရှိ ရေနံချက်စက်ရုံတစ်ရုံ၏ သိုလှောင်ရုံတွင် မီးလောင်ကျွမ်းမှုနှင့်အတူ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရကြောင်း ယနေ့ ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ရေနံထုတ်ကုန်တစ်မျိုးကို သီးသန့်ထုတ်လုပ်သော ရေနံချက်စက်ရုံ၌ မေ ၂ ရက် ညနေ ဒေသစံတော်ချိန် ၅ နာရီ မိနစ် ၂၀ ခန့်တွင် ကုန်သိုလှောင်ရုံအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး အန်းဟွေးစီရင်စုမြို့တော် အန်ချင်းမြို့တွင် ပေါက်ကွဲသံကြားရကြောင်း မြို့တော်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

ဝမ်ဟွာရေနံ လုပ်ငန်းကုမ္ပဏီက ပိုင်ဆိုင်သည့် ယင်းရေနံချက်စက်ရုံ၏ သိုလှောင်ရုံ မီးလောင်ကျွမ်းမှုကို သုံးနာရီကြာမျှ ငြိမ်းသတ်ခဲ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားရာ နေရာတွင် ပိတ်မိနေသူ ငါးဦးမှာ သေဆုံးသွားပြီး ရှာဖွေကယ်ဆယ်ရေးသမားများက ထိခိုက်ဒဏ်ရာရရှိခဲ့သူ သုံးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။

ရေနံဓာတုစက်ရုံတွင် ကြီးမားသော ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူသုံးဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ၎င်းတို့ သုံးဦးအနက် တစ်ဦးမှာ ဒဏ်ရာအနည်းငယ်မျှသာ ရရှိခဲ့၍ ဆေးရုံမှ ဆင်းသွားကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



## ဆိုမာလီပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ အိန္ဒိယကုန်သွယ်ရေကြောင်းသင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရ

မိုဂါဒစ်ရှူး မေ ၃

ဆိုမာလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ အိန္ဒိယကုန်သွယ်ရေကြောင်း သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆိုမာလီပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ နှစ်ပေါင်းအတန်ကြာမျှ ပင်လယ်ဓားပြတိုက်မှုဖြစ်ရပ်များ ဖြစ်ပွားခြင်း မရှိဘဲ ရှိနေခဲ့ရာမှ ရက်သတ္တပတ်များအတွင်း ဒုတိယမြောက်ပင်လယ်ဓားပြတိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမှ ဆိုမာလီနိုင်ငံ ဘော်ဆာဆိုမြို့သို့ ဦးတည်ခုတ်မောင်းလာသည့် အိန္ဒိယကုန်သွယ်ရေကြောင်း သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက မေ ၁ ရက်တွင် ပြန်ပေးဆွဲခဲ့ကြောင်း ဗြိတိန် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများအဖွဲ့က ပြောကြားသည်။

အဆိုပါအဖွဲ့သည် အေဒင်ပင်လယ်ကွေ့ဒေသအတွင်း သွားလာသည့် ကုန်သင်္ဘောများနှင့် ရွက်လှေများအတွက် စီမံခန့်ခွဲမှု ညှိနှိုင်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။

ယခုအချိန်တွင် သင်္ဘောမည်သည့်နေရာ၌ ရောက်ရှိနေသည်ကို အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း အဆိုပါအဖွဲ့ကပြောကြားသည်။ ပြန်ပေးဆွဲခံရသောသင်္ဘောမှာ အယ်လ်ကာရှဆာ အမည်ရှိသည်ဟုဆိုပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ဆိုမာလီပင်လယ်ဓားပြများသည် လွန်ခဲ့သည့်လက ရေနံတင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲခဲ့သည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ကုန်သွယ်ရေကြောင်းသင်္ဘောတစ်စင်းကို ပြန်ပေးဆွဲခြင်း ဖြစ်သော်လည်း ပန့်လင်းပင်လယ်ရေကြောင်းတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းသင်္ဘောကို ပြန်လည်လွှတ်ပေးခဲ့သည်။ **ရိုက်တာ။**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် မေ ၃**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့ လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကောင်းဆုံးသင်တန်းသူဆုရရှိသည့် ဗိုလ်ဇင်သန္တာ၊ အကောင်းဆုံးလက်ဖြောင့်သမားဆုရရှိသည့် ရဲတပ်ကြပ်ကြီး အိဖြိုးအောင်**(ယာပုံ)**၊ အကောင်းဆုံးကြံ့ခိုင်ရေးဆုရရှိသည့် တပ်ကြပ်ကြီး/စာရေး အေးအေးပြုံးနှင့် အကောင်းဆုံး ချေမှုန်းရေးတပ်ဖွဲ့ဆုရရှိသည့် ချေမှုန်းရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဗိုလ်ဟေမာသီတာကျော်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)သင်တန်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြပြီး အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) သင်တန်းသားများက ကြိုးတန်းလမ်းလျှောက်ခြင်းနှင့် တစ်ချောင်းမှောက်ကြိုးဖြတ်ကျော်ခြင်း၊ ကြိုးဆင်းစွမ်းရည်များ သရုပ်ပြသခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ရေးကွင်းအတွင်း စွမ်းရည်ပြသခြင်းများ သရုပ်ပြသကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)သင်တန်း အမှတ်စဉ်(၁)အား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှစ၍ သင်တန်းသူ ၇၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး လေထီးခုန်သင်ခန်းစာနှင့် အကြမ်းဖက်နှိမ်နင်းရေးသင်ခန်းစာများအား အမျိုးသားများနည်းတူ ပင်ပန်းကြမ်းတမ်းစွာ ခက်ခက်ခဲခဲလေ့ကျင့်သင်ကြားပေးခဲ့ပြီး တပ်မတော်မှ အမျိုးသမီးအရာရှိ၊ စစ်သည် ၃၅ ဦး နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမျိုးသမီးအရာရှိ၊ စစ်သည် ၁၀ ဦး အောင်မြင်စွာ ဆန်ခါတင်သင်တန်း တက်ရောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





❒ **ရှေ့ဖုံးမှ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေအတိုင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌများ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံးခွဲများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများသည်လည်း အဓိကကျသည့်နေရာတွင် တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး ပုဂ္ဂလိကကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို လက်မခံဘဲ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ လုပ်ငန်းအလိုက်ဖြစ်စေ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အား အကျိုးရှိဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ခွင့်ပြုလုပ်ကိုင်ခွင့် ပေးသွားကြရမည်ဖြစ်ကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ အရှေ့အနောက်၊ တောင်မြောက်လမ်းများကို မဟာဗျူဟာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အတွက်လည်း လုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်၊ အကူအညီနှင့် ပံ့ပိုးဆောင်ရွက်မှုများ ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများအားလုံး တာဝန်ထမ်းဆောင်ရာတွင် ကျေနပ်ဝမ်းမြောက်မှုရရှိစေရန်နှင့် အငြိမ်းစားယူပါက ဘဝလုံခြုံစိတ်ချမှုရှိစေရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်စည်းကြပ်မှုအတွက် အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ပေးအပ်လာသည့် ဖွံ့ဖြိုးမှုအကူအညီများအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU)ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာရင်းအင်း ဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သောကြောင့် စာရင်းအင်း ကိန်းဂဏန်းများကို မှန်ကန်အောင် ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး/ စီပွားရေးရာ ဝန်ကြီးများက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ရသုံးမှန်းခြေငွေစာရင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ အခွန်ကောက်ခံရရှိမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တန်းဖိုးသင့် အိမ်ရာဆောက်လုပ်နိုင်ရန် မြေနေရာရရှိရေးဆိုင်ရာ ကိစ္စရပ်များကို အသီးသီးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးကာ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၃**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်)ဆဋ္ဌမနေ့ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၂၆၁၄၅ ပါးအနက် ၂၁၃၀၆ ပါးဖြေဆိုကြသဖြင့် ၈၁ ဒသမ ၄၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရထားတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ(လက်ပံတန်း)တပ်ခွဲမှူး ဒုရဲမှူး ဖိုးဆယ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ မေ ၂ ရက်က ရန်ကုန်-ပြည် ရထားလမ်းဘေး လက်ပံတန်းမြို့နယ် နဘဲကွင်းအုပ်စု အုတ်တွင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၏ နေအိမ်ရှေ့၌ ကျေးရွာနေပြည်သူများအား ရထားနှင့်ယာဉ်၊ လူ၊ တိရစ္ဆာန် ကြိတ်/တိုက် မှုခင်းများ၊ ရထားခဲပေါက်မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် မဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောဆွေးနွေးပြီးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။** (ရထားရဲတပ်ဖွဲ့)

## အဆင့်အလိုက်တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြေလျော့ဆောင်ရွက်

**နေပြည်တော် မေ ၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မေ ၂ရက် မွန်းလွဲ ၁ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကော့သောင်းခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ နယ်စပ် ဝင်/ထွက်မှု စစ်ဆေးရေးဂိတ်မှ ဝန်ထမ်းများ၊ ထိုင်းနိုင်ငံ ရနောင်းမြို့၌ မြန်မာနိုင်ငံမှ အလုပ်သမားများကို မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I)ထုတ်ပေးရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ရနောင်းမြို့၌ မြန်မာနိုင်ငံမှ အလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I)ထုတ်ပေးရေးလုပ်ငန်းမှ ဝန်ထမ်းများအား ထပ်မံတွေ့ဆုံ၍ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို တစ်ဦးချင်း မေးမြန်းဆွေးနွေးပြီး လုပ်ငန်းအခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ မိမိနိုင်ငံသား အလုပ်သမားများအတွက် စေတနာထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ကော့သောင်းမြို့ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန (မြို့နယ်ရုံး)နှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးရုံးမြေနေရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ် ဝင်/ထွက်မှု စစ်ဆေးရေးစခန်း(မြို့မတံတား)၊ နိုင်ငံခြားသား ဝင်/ထွက်မှု စစ်ဆေးရေးစခန်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန(မြို့နယ်ရုံး)တို့သို့ လှည့်လည်သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်၌"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# နိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်လာတော့မည့် ရခိုင်ကမ်းလွန်မှ လုပ်ကွက်အမှတ်(A-6)

## သတင်းအဖွဲ့

လျှပ်စစ်ဓာတ်အားအပါအဝင် အစားအစာ၊ အဝတ်အထည်၊ နေ့စဉ်အသုံးပြုနေရသည့် လူသုံးကုန်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍများစွာတို့အတွက် လောင်စာစွမ်းအင်ဖြစ်သည့် သဘာဝဓာတ်ငွေ့သည် အဓိကကျသောလိုအပ်ချက်တစ်ခု ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အားယူနေသည့် ယနေ့အချိန်တွင် စွမ်းအင်လိုအပ်ချက်သည် မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ရမည့်ကဏ္ဍဖြစ်လာသည်။

သဘာဝဓာတ်ငွေ့ကို သုံးစွဲခြင်းသည် လေထုညစ်ညမ်းမှုကို မဖြစ်ပေါ်စေသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုလည်း အနည်းဆုံးဖြစ်သည်။ သစ်တောပြုန်းတီးမှုများကိုလည်း ကာကွယ်ရာရောက်သည်။ ယခင်က ထင်း၊ မီးသွေးကိုအသုံးပြုကြ၍ ချက်ပြုတ်ရသဖြင့် လေထုညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်စေခဲ့သည်။ ယခုအခါ သဘာဝဓာတ်ငွေ့ကို ထင်း၊ မီးသွေး အစားထိုး လောင်စာအဖြစ် သုံးစွဲလာကြရာ အချိန်ကုန်သက်သာသလို သန့်ရှင်းသပ်ရပ်သည့် ခေတ်မီနေထိုင်မှုပုံစံကိုလည်း ရရှိလာသည်။


မြန်မာနိုင်ငံသည် သဘာဝတရားကြီးက ပေးအပ်ထားသည့် သယံဇာတရင်းမြစ်များစွာ ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့မှ လောင်စာစွမ်းအင်များစွာ ထုတ်လုပ်ပေးရာ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်ကြီးဟုလည်း ဆိုကြသည်။ ထိုကဲ့သို့ မြန်မာ့ရေပိုင်နက်အတွင်း ကမ်းနီးကမ်းလွန်ဒေသများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များစွာထွက်ရှိနေသည့်အပြင် ကုန်းတွင်းပိုင်းဒေသများ၌လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့များစွာ ထွက်ရှိနေသည့်အတွက် ရေရှည်အသုံးပြုနိုင်ရန် မျှော်လင့်ချက်များစွာရှိသည်။ ထို့ပြင် သဘာဝဓာတ်ငွေ့သည် ဓာတ်ဆီ၊ ဒီဇယ်အပါအဝင် အခြားလောင်စာများနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းလည်းချိုသာသည့် အားသာချက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ**

မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ၁၉၇၄ ခုနှစ်မှစတင်၍ ကမ်းလွန်လုပ်ကွက်များကို ပြည်တွင်းစွမ်းအားနှင့်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တိုးတက်စေရန်နှင့် ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Investment)နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များထံမှ နည်းပညာ (Technology Transfer)ကိုလည်း ရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၁၉၈၉ ခုနှစ်တွင် ကုန်းတွင်းလုပ်ကွက်များကို စတင်ဆောင်ရွက်စေခဲ့သည်။ စွမ်းအင်ကဏ္ဍ၏ ကုန်းတွင်းလုပ်ကွက်များအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရာတွင် ရေနံမြေအသစ်ရှာဖွေ၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှု Production Sharing Contract (PSC) စာချုပ်ဖြင့်လည်းကောင်း၊ လက်ရှိထုတ်လုပ်နေသော ရေနံမြေများ၌ ရေနံအထွက်တိုးရေးအတွက် Improved Petroleum Recovery (IPR) စာချုပ်ဖြင့်လည်းကောင်း၊ Production Compensation Contract (PCC) စာချုပ်ဖြင့်လည်းကောင်း အသီးသီးချုပ်ဆို၍ အစိုးရနှင့် ဖက်စပ်ဆောင်ရွက်ကြရသည်။ကမ်းလွန်လုပ်ကွက်များအားလုံးကိုမူ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရန်ဖြစ်သဖြင့် PSC စာချုပ်ချုပ်ဆို၍ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ချုပ်ဆိုထားသည့် စာချုပ်များသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ နစ်နာမှုမရှိအောင် နိုင်ငံတကာစံနှုန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်များ ချုပ်ဆိုလုပ်ကိုင်လျက်ရှိသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်ပေါင်း ၁၀၄ ကွက် ဖော်ထုတ်သတ်မှတ်ထားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ ၅၂ ခုနှင့်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ခွဲဝေရေးသဘောတူစာချုပ် (Production Sharing Contract) များ ချုပ်ဆိုလုပ်ကိုင်ခွင့်ပြုထားသည်။




"ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းဟာ လုပ်ငန်းသဘာဝအရ စွန့်စားရှာဖွေလုပ်ဆောင်ရတဲ့ လုပ်ငန်းပမာဏ အင်မတန်ကြီးမားတဲ့အတွက် ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ရှာဖွေဖော်ထုတ်စေခြင်းဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနဲ့ ကမ်းလွန်နှင့် ကုန်းပိုင်းရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းတွေမှာ အဓိကအားဖြင့်တော့ Production Sharing Contract(PSC) လို့ခေါ်တဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှု စာချုပ်နဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်နေရပါတယ်" ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် ကမ်းလွန်ရေနံတွင်းများမှ သဘာဝဓာတ်ငွေ့ကို မုတ္တမကမ်းလွန်ဒေသ၌ ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကစီမံကိန်း၊ တနင်္သာရီ ကမ်းလွန်ဒေသ၌ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ ရခိုင်ကမ်းလွန်ဒေသ၌ "ရွှေ"သဘာဝဓာတ်ငွေ့စီမံကိန်း အသီးသီးမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူလျက်ရှိသည်။

မြန်မာ့ကမ်းလွန်တွင်တည်ရှိသော ရတနာ၊ ရဲတံခွန်၊ ဇောတိကနှင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းများမှ ထုတ်လုပ်ပေးနေသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲမှုသာမက ထိုင်း၊ တရုတ် စသည့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနေသဖြင့် နိုင်ငံခြားဝင်ငွေများလည်း ရရှိနေသည်။

ရတနာသဘာဝဓာတ်ငွေ့မြေကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၁၉၈၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ပြင်သစ်နိုင်ငံအခြေစိုက် TOTAL E&P ရေနံကုမ္ပဏီမှ ပါဝင်ရင်းနှီးမြှုပ်နှံကာ ၁၉၉၈ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ရတနာသဘာဝဓာတ်ငွေ့မြေ၏ ထုတ်လုပ်မှုတည်ငြိမ်ခြင်းကာလ (Plateau Period)မှာလည်း ၂၀၂၄ ခုနှစ်တွင် ပြီးဆုံးမည်ဟု (BMI Research)မှ (July 2015 Myanmar Times) တွင် ဖော်ပြထားသည်။ ပုံမှန်အားဖြင့် သဘာဝဓာတ်ငွေ့မြေများသည် ယင်းတို့၏ (Plateau Period) ကျော်လွန်သွားပါက အထွက်နှုန်းလျင်မြန်စွာ ကျဆင်းသွားလေ့ရှိသည်။

ထို့အတူ ၂၀၀၀ ပြည့်နှစ်က သဘာဝဓာတ်ငွေ့စတင်ထုတ်လုပ်ခဲ့သည့် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေသည်လည်း ထုတ်လုပ်မှုကျဆင်းလာပြီဟု (May 2015, Myanmar Times)တွင် ဖော်ပြထားသည်။

ထို့ပြင် မုတ္တမကမ်းလွန်ဒေသ၌ ၂၀၀၅ ခုနှစ်တွင် စတင်တွေ့ရှိပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်ခဲ့သည့် ဇောတိကမှ သဘာဝဓာတ်ငွေ့သည်လည်း နိုက်ထရိုဂျင်ပါဝင်မှုကြောင့် သင့်တင့်သော အရည်အသွေးသာရှိကြောင်းနှင့် အဆိုပါ ဇောတိကသဘာဝဓာတ်ငွေ့မြေမှ ခိုအောင်းနိုင်သော ဓာတ်ငွေ့ပမာဏမှာ 3.1 Tcf သာရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**လုပ်ကွက်အမှတ်** A-6

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၂၀၀၀ ထွက်ရှိနေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သဘာဝဓာတ်ငွေ့ကို ကုဗပေသန်းပေါင်း ၄၀၀ နီးပါးသုံးစွဲနေပြီး ထို့ထက်လည်း ပိုမိုလိုအပ်ကြောင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့နှီးနှောဖလှယ်ပွဲမှ သိရသည်။

MPRL E&P ကုမ္ပဏီသည် ရခိုင်ကမ်းလွန် A-6 တွင် ရေနံရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်ရန် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PSC စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့နောက် မြေပြင်ကွင်းဆင်းလေ့လာရေးနှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက် တိုင်းတာခြင်းလုပ်ငန်းများကို ရခိုင်ကမ်းရိုးတန်းတစ်လျှောက် စစ်တွေမြို့မှ ဟိုင်းကြီးကျွန်းအထိ ငါးကြိမ်တိုင်တိုင်လုပ်ဆောင်ခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် အလားအလာများရှိကြောင်း MPRL E&P ကုမ္ပဏီအနေဖြင့် အတည်ပြုခဲ့သည်။

**ပြည်သာရှာဖွေရေးတွင်းများ**

ထို့ကြောင့် ကုမ္ပဏီသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် မြေပေါ်ဘူမိဗေဒ ကွင်းဆင်းလေ့လာမှုဖြစ်သောအခြေခံမှစ၍ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို ၂၀၀၉ ခုနှစ်တွင် နှစ်ဖက်မြင်ဆိုက်စမစ် (2D Seismic) ဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် သုံးဖက်မြင်ဆိုက်စမစ် (3D Seismic)ဖြင့်လည်းကောင်း တိုင်းတာဆောင်ရွက်ခဲ့သည်။ ရရှိလာသည့် အချက်အလက်များ၊ လေ့လာတွေ့ရှိချက်များကို ပေါင်းစပ်ကာ A-6 ၏ ပထမဆုံးရှာဖွေရေးတွင်းဖြစ်သည့် ပြည်သာ-၁ ကို တူးဖော်နိုင်ရန်အတွက် သင့်လျော်သည့်နေရာကို ရှာဖွေနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်လတွင် ပြည်သာ(Pyi Thar)အမည်ဖြင့် ရှာဖွေရေးတွင်းများကို အမေရိကန်ဒေါ်လာ(၂၄ ဒသမ ၁၃ သန်း)အကုန်အကျခံကာ တူးဖော်ခဲ့သည်။ ယင်းကုမ္ပဏီတစ်ခုတည်းက ၁၀၀ ရာခိုင်နှုန်းစွန့်စားရင်းနှီးမြှုပ်နှံခဲ့ပြီး ရခိုင်ကမ်းလွန်တောင်ပိုင်း၏ ပထမဆုံးသော ရေနံနှင့် သဘာဝဓာတ်ငွေ့ သိုက်တည်ရှိမှုကို ကြေညာနိုင်ခဲ့သည်။ "ပြည်သာ" ရှာဖွေရေးတွင်းများသည်လည်း နိုင်ငံတော်စီးပွားရေးအတွက် အပြောင်းအလဲတစ်ခုဟု မှတ်ယူခဲ့ပါသည်။ မည်သူမျှစိတ်ဝင်စားမှုမရှိသော၊ မည်သူမျှ လျှောက်ထားတောင်းဆိုခဲ့ခြင်းမရှိခဲ့ဖူးသော ကမ်းလွန်လုပ်ကွက် A-6 နေရာကို MPRL E&P ရရှိခဲ့သော်လည်း MPRL E&P အနေဖြင့် ရည်မှန်းချက်ကြီးစွာနှင့် အပြည့်အဝ တာဝန်ယူစွန့်စားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြည်သာရှာဖွေရေးတွင်းမှာ သဘာဝဓာတ်ငွေ့တွေ့ရှိသော အောင်မြင်မှုရလဒ်ကြောင့် ရခိုင်ကမ်းလွန်၏ အခြေအနေမှာ ပွင့်လင်းမြင်သာလာခဲ့ပြီး မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှုတွင် အရေးပါသော စွမ်းအင်ကဏ္ဍအတွက် အင်အားတစ်ခုဖြစ်နိုင်သည့်အလားအလာကောင်းများကို မှန်းဆနိုင်ခဲ့သည်။ "ပြည်သာ" ရှာဖွေရေးတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှု (Gas Discovery)ကို ဖော်ထုတ်နိုင်ခဲ့သည့်အပြင် ထူးခြားချက်မှာ ရခိုင်ကမ်းလွန်ဒေသတွင် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် သဲကြောများအနက် အရှေ့မြောက် အနောက်တောင်အရပ်သို့ အနည်ပို့ချနိုင်သော (Southern Rakhine Depositional System) ဘူမိအခြေအနေများလည်း ပါဝင်ကြောင်း သက်သေပြနိုင်ခဲ့သည်။ အဆိုပါရလဒ်ကြောင့် "ပြည်သာ" ရှာဖွေရေး အောင်မြင်စွာတူးဖော်ပြီးနောက်ပိုင်းတွင် ရခိုင်ကမ်းလွန်တောင်ပိုင်းလုပ်ကွက်များကို ပြည်ပရေနံကုမ္ပဏီကြီးများမှ အထူးအလေးထား စိတ်ဝင်စားလာခဲ့ကြသည်ကို သတိပြုမိပါသည်။

**မြန်မာ့မော်ကွန်း ရွှေရည်ထွန်း**

ကုမ္ပဏီသည် စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့သိုက်များကို အရှိန်အဟုန်မြင့်လျက် ဆက်လက်ရှာဖွေဆောင်ရွက်ခဲ့သည်။ ဆိုက်စမစ်များ၏ ရလဒ်နှင့် ပြည်သာရှာဖွေရေးတွင်းတို့မှ သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိမှုအချက်အလက်များကို ပေါင်းစပ်၍ တွက်ချက်ရှာဖွေခဲ့ရာ ကမ်းလွန်ရေနက်ပိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှု ပမာဏကြီးမားသော အလားအလာကောင်းများတွေ့ရှိခဲ့သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံအခြေစိုက် Woodside Energy Ltd. နှင့်ပူးပေါင်းပြီး သုံးဖက်မြင်ဆိုက်စမစ် (3D Seismic) တိုင်းတာလေ့လာခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် Woodside Energy Ltd. သည်စွန့်စားရင်းနှီးမှု ၅၀ ရာခိုင်နှုန်းခွဲဝေကျခံကာ ပူးပေါင်း ပါဝင်လာခဲ့သည်။

အဆိုပါစွန့်စားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးရလဒ်တစ်ခုအဖြစ် ကမ်းလွန်ရေနက်ပိုင်း ရေနက်ပေ ၆၅၀၀ ကျော်ခန့်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်တွေ့ရှိနိုင်မည့်နေရာကို ရွေးချယ်နိုင်ခဲ့သည်။ လေ့လာမှုများ ထပ်မံပြုလုပ်နိုင်ရန်နှင့် ရှာဖွေရေးတွင်းတစ်တွင်းလျှင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ကုန်ကျမည့် ရှာဖွေရေးတွင်းများ ထပ်မံတူးဖော်ရန် လိုအပ်သည့်အတွက် စွန့်စားရင်းနှီးမှုအား အချိုးကျမျှဝေရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသစ်များကို ထပ်မံဖိတ်ခေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံအခြေစိုက် TOTAL E&P နှင့် ထပ်မံပူးပေါင်းခဲ့သည်။

A-6 လုပ်ကွက်နှင့်ပတ်သက်၍ TOTAL E&P ကုမ္ပဏီ ထပ်မံပူးပေါင်းပါဝင်လာသဖြင့် MPRL E&P နှင့် Woodside ကုမ္ပဏီအပါအဝင် ကုမ္ပဏီစုစုပေါင်း သုံးခုပူးပေါင်းပါဝင် ဆောင်ရွက်သောလုပ်ငန်းဖြစ်လာသည်။

ရရှိခဲ့သော အချက်အလက်များကိုအခြေခံကာ ရွှေရည်ထွန်း တွင်းအမှတ်-၁ ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ရေနက်ပေ ၆၆၆၀ ၌ စတင်တူးဖော်ခဲ့သည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အနေအထားရှိသည့် သဘာဝဓာတ်ငွေ့သိုက်အသစ်ကို ရခိုင်ကမ်းလွန်တောင်ပိုင်းတွင် ရွှေရည်ထွန်း-၁ ရှာဖွေရေးတွင်းမှ ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ ရွှေရည်ထွန်း-၁ ကို တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်အသစ် ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း တစ်နိုင်ငံလုံးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့)တွင် အသိပေးကြေညာခဲ့ပါသည်။


ရွှေရည်ထွန်း၏ ရှာဖွေတွေ့ရှိမှုကို အခြေခံ၍ A-6 ၌ ဇူလိုင်လတွင် ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်ရန် စီစဉ်ဆောင်ရွက်နေပါသည်။ ယင်းကို အဓိကတူးဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေရည်ထွန်းရှာဖွေရေးတွင်းမှ တွေ့ရှိသော သဲကြောများမှ သဘာဝဓာတ်ငွေ့၏ ထုထည်ပမာဏကို စီးပွားဖြစ်ထုတ်ယူနိုင်မှုရှိ၊ မရှိကို ပိုမိုတိကျစေရန်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ယူနစ် ၆၄၆၇ မဂ္ဂါဝပ်ပမာဏရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သုံးစွဲမှုယူနစ် ၁၃၅၅၁ မဂ္ဂါဝပ်အထိရှိခဲ့ရာ သုံးစွဲမှုရာခိုင်နှုန်း ၂၀၀ ကျော် တိုးမြင့်လာခဲ့သည်။ **စာမျက်နှာ ၇ သို့**

## မြန်မာ့မော်ကွန်း ရွှေရည်ထွန်း

- တိုင်းပြည်တစ်ခု၊ ဖြစ်တည်မှုကို ရှေးရှုလေ့လာ၊ ဆန်းစစ်ပါသော် ဘဏ္ဍာငွေက၊ အဓိကတည့် ကြွယ်ဝကြွယ်ပိုး၊ ဘဏ္ဍာဖြိုးမှ ပြည့်ကျိုးဘက်စုံ၊ ဆောင်နိုင်ကုန်၏ ယုံကြည်စွဲမြဲ၊ ဇွဲနပဲဖြင့် အားခဲအတန်တန်၊ ဖွေရှာပြန်သော် မြန်ပြည်သာဘွယ်၊ မငြီးကြဲစည် MPRL E&P ရတနာသိုက်ကိုတွေ့ခဲ့ပြီ။
- MPRL E&P ၏ ပြည်သာအစမ်းတွင်း၊ အောင်မြင်ခြင်းလျှင် ထင်လင်းကမ္ဘာ၊ မြင်သိပါသော် ခုခါပိုင်ပိုင်၊ ဆုံးဖြတ်နိုင်ခဲ့ ရခိုင်ကမ်းလွန်၊ တောင်ဘက်စွန်ဝယ် အလွန်တရာ၊ ကြီးမားပါသည့် ရတနာသိုက်လျှင်၊ ရှိမည်ပင်ဟု မြော်မြင်ကြီးမား၊ ကုမ္ပဏီများက ဝင်စားစိတ်ပါ၊ ချဉ်းကပ်လာ၏ Partnership၊ မိတ်ဆွေဖြစ်ကာ အားသစ်စုပေါင်း၊ အောင်မြင်ကြောင်းကို ထပ်လောင်းရှာဖွေ၊ ကြိုးပမ်းနေ။ ရွှေရည်ထွန်းက ပြသက်သေ။ မြန်မာပြည်သူ့အောင်ပွဲပေ။
- ဩော်တစ်ယောက်အားဖြင့် ယူငြားရရန်၊ ခက်ခဲမှန်၏ မြုပ်နှံရင်းနှီး၊ ပေါင်းစုပြီးလျှင် ကြီးမားဆိုက်မြိုက်၊ ဓာတ်ငွေ့သိုက်ကို တိုက်ရိုက်ပိုင်ထား၊ နိုင်ငံတော်အားလျှင် များစွာကျိုးမြတ်၊ ဆက်နွှင်းအပ်ဖို့ မပြတ်နေ့ည၊ စွမ်းဆောင်ပြသည့် မြန်မာ့မော်ကွန်း၊ ရွှေရည်ထွန်းဟု ဖော်ညွှန်းဂုဏ်ပြုအပ်သည်တကား။

မြင်းမူမောင်နိုင်မိုး




○ **စာမျက်နှာ ၆ မှ**

ထိုသို့တိုးမြင့်ရာ ပြည်သာနှင့် ရွှေရည်ထွန်းတွင်းများကို အခြေခံပြီး A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များသည် အနာဂတ်တွင် မြင့်တက်လာမည့် ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်မရှိစေရန် ယခင် ရခိုင်ကမ်းလွန်အစမ်းတွင်း "ပြည်သာ"ကို တူးဖော်စဉ်က တွင်းတူးရာတွင် အသုံးပြုခဲ့သော တွင်းတူးရွှံ့ရည်များကို နိုင်ငံတကာစံချိန်၊ စံနှုန်းများနှင့်အညီ စွန့်ပစ်ခဲ့သည်။ အဆိုပါ တွင်းတူးရွှံ့ရည်များတွင် ပါဝင်သောဓာတုဒြပ်ပေါင်းများသည် ရေနေသတ္တဝါနှင့် ပင်လယ်ရေကို ထိခိုက်ပျက်စီးစေသဖြင့် တွင်း၏ ပြင်ပပင်လယ်သမုဒ္ဒရာထဲသို့မစွန့်ဘဲ တွင်း၏အနက်ပိုင်း ပေ ၄၀၀၀ ခန့်မြေလွှာထဲသို့ တွန်းကန်ဖိအားဖြင့် မောင်းထည့်ခဲ့သည်။ ထို့ပြင် တွင်းပေါက်မှတစ်ဆင့် သမုဒ္ဒရာကြမ်းပြင်သို့ ပြန်ထွက်လာမှုမရှိစေရန် စနစ်တကျပိတ်သိမ်းခဲ့ကြောင်း၊ မန်းရေနံမြေတွင်လည်း ထွက်ရှိသော ရေဆိုးအားလုံး၏ ၉၂ ရာခိုင်နှုန်းကျော်ကို ပိတ်သိမ်းထားသော တွင်းဟောင်းများအတွင်း ပြန်လည်ထည့်သွင်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍လည်း A-6 တွင် ဆက်လက်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အနာဂတ်မျှော်လင့်ချက်**

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆွဲဆောင်မှုနှင့် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ အာဆီယံ၊ မဲခေါင်ဒေသများမှ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသော (သို့မဟုတ်) ရင်းနှီးမြှုပ်နှံလိုသူများအား စစ်တမ်းကောက်ယူခဲ့ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တစ်ဟုန်ထိုးတိုးတက်လာမည့် အခြေခံအဆောက်အအုံဖြစ်သော လျှပ်စစ်ဓာတ်အားကဏ္ဍသည် ရင်းနှီးမြှုပ်နှံသူတို့အတွက် အခက်အခဲကြုံတွေ့နေကြရသည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့်အတူ သဘာဝဓာတ်ငွေ့နှင့် အခြားလောင်စာများမှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို အခြေခံထားသော ဟန်ချက်ညီသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစနစ်ဖြင့် ဖြန့်ဖြူးရေး အပါအဝင် လျှပ်စစ်ကဏ္ဍတစ်ရပ်လုံး၏ တည်ငြိမ်မှုကို ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် စီမံကိန်းတစ်ရပ်ကို ရေးဆွဲဆောင်ရွက်နိုင်ရန်လည်း မျှော်လင့်ကြောင်း ဖော်ပြထားသည်။

စွမ်းအင်ကဏ္ဍကို တည်တည်ငြိမ်ငြိမ်နှင့် တိုးတက်အောင်ဆောင်ရွက်နိုင်ပါက နိုင်ငံတော်၏ စီးပွားရေးလည်း တိုးတက်၍ တည်ငြိမ်မည်ဖြစ်သည်။ ထို့ကြောင့် MPRL E & P ကုမ္ပဏီသည် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံသူများနှင့်အတူ နိုင်ငံ၏စွမ်းအင်ကဏ္ဍအတွက် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် စွန့်စားရင်းနှီးမြှုပ်နှံခဲ့သည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသည့် A-6 သည် မြန်မာနိုင်ငံ ပြည်သူတို့အတွက် သဘာဝဓာတ်ငွေ့၊ ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလာနိုင်တော့မည်ဖြစ်သည်။

မကြာမီကာလအတွင်း စီးပွားဖြစ်ထုတ်ယူနိုင်ခြင်းရှိမရှိ ဆန်းစစ်ဆောင်ရွက်ခြင်း (Appraisal) လုပ်ငန်းများ စတင်တော့မည့် ကမ်းလွန်လုပ်ကွက် A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့သည် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားကို ပံ့ပိုးတိုးမြှင့်ပေးနိုင်တော့မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ ဓနအင်အား ပိုမိုတောင့်တင်းခိုင်မာရေးအတွက် နိုင်ငံခြားဝင်ငွေများကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ကမ်းလွန် A-6 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ရွှေရောင်အနာဂတ်မျှော်လင့်ချက်များဟုသာ ဆိုရမည်ဖြစ်ပါသည်။ ။



❖ **ရခိုင်ပြည်နယ်မှ**

အဓိကပါဝင်သော အချက်တစ်ချက်ဖြစ်ပါသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် CMP အထည်ချုပ်လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ကနဦးဆောင်ရွက်ချက်အနေဖြင့် စစ်တွေမြို့ ဆပ်ရိုးကျရပ်ကွက်တွင် အထည်ချုပ်စက်ရုံငယ်တစ်ခုကို တည်ထောင်ပြီး လုပ်ငန်းစတင်လည်ပတ်လျက်ရှိရာ ရခိုင်တိုင်းရင်းသူ အမျိုးသမီးဝန်ထမ်းအင်အား တစ်ရာကျော် အလုပ်အကိုင်ရရှိလျက်ရှိသည်။

ရန်ကုန်မြို့နှင့် အခြားဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်နေရသော ရခိုင်တိုင်းရင်းသားများ မိမိတို့ဒေသတွင် ပြန်လည်အလုပ်လုပ်ကိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အမျိုးသမီးများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာ၌ လက်ရက်ကန်းစင်တစ်ရာဖြင့် ကျွမ်းကျင်မှုသင်တန်းပေးပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ စတင်အကောင်အထည်ဖော်နိုင်ရန် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် မတ် ၂၄ ရက်မှ မတ် ၂၆ ရက်အထိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ ပေါက်တောမြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြီး လိုအပ်သော လမ်းပြုပြင်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ နေအိမ်များပြုပြင်ခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

✳ **ကျောဖုံးမှ**

မေ ၁၊ ၂ ရက်တို့တွင် Orange Country National Golf Center And Lodge-Crooked Cat ၌ ကျင်းပသည့် F CWT Junior Golf ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက် ကစားသမား သင်းဝေခိုင်က အမျိုးသမီး အသက် (၁၃-၁၉)နှစ်တန်းတွင် ယှဉ်ပြိုင်ခဲ့ပြီး နှစ်ရက်ပေါင်း ရိုက်ချက် ၇၃+၇၀ = ၁၄၃ (-၁)ချက်ဖြင့် ချန်ပီယံဆုရရှိခဲ့သည်။ အသက်(၁၅)နှစ်သာရှိသေးသည့် သင်းဝေခိုင်သည် ဖလော်ရီဒါရှိ Gary Gilchrist Golf Academy တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်၍ ပညာသင်ကြားနေရင်းမှ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရာ တတိယမြောက်ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

အလားတူ မေ ၁၊ ၂ ရက်တို့တွင် The Country Club of Winter Haven ၌ ကျင်းပသော Florida Junior Tour ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော မြန်မာအမျိုးသမီး ဂေါက်သီးရိုက်ကစားသမား ဝင့်ဖူးနဒီအောင်သည် နှစ်ရက်ပေါင်း ရိုက်ချက် ၇၂+၇၇ = ၁၄၉(+၅) ဖြင့် အမျိုးသမီး (၁၆-၁၈) နှစ်တန်းတွင် အဆင့်(၂) နေရာရရှိခဲ့သည်။ **(ရှိုင်းထက်ဇော်)**

○ **အာရှဖလားမှ**

မြန်မာအမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲတွင် အုပ်စု (ဃ)၌ ဗီယက်နမ်၊ စင်ကာပူ၊ ဆီးရီးယား၊ အီရန်တို့နှင့်ကျရောက်နေပြီး မေ ၇ ရက်တွင် ဒုတိယပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလားအမျိုးသမီးခြေစစ်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပလျက်ရှိပြီး အမှတ်အများဆုံးရသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- MFF**

## စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို မေ ၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီအထိ သိမ်ကျောင်းလမ်းနှင့် ဗိုလ်ချုပ်နေဝင်းလမ်းထောင့် မြို့သစ်အလယ်ရပ်ကွက် မြို့မဈေးအနီး သန်လျင်မြို့ရှိ Paradise ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခဦးရဲမြင့်က Update on Management of TB & HIV၊ တွဲဖက်ပါမောက္ခဦးသိန်းမြင့်က Update on Management of Diabetes Mellitus for GPs၊ ဒေါက်တာ Vijay Kumar က Primary Survey in Trauma Care၊ ဒေါက်တာဦးဝင်းဇော်က Slide Quiz for Dermatology ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်အားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်မြေများမှ ပြည်သူတို့၏ မျှော်လင့်ချက်

မင်းသစ်၊ ဇော်ကြီး၊ နန္ဒာဝင်း
ဓာတ်ပုံ-နေဇော်

**မေ ၁ ရက်တွင် ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများအပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်များဖြင့် ဆန္ဒမဲများပေးခဲ့မှုများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများနှင့် မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-**

**ခူးဗျားရယ် (ခေါသမောကျေးရွာ၊ မြို့မကျေးရွာအုပ်စု၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်)**



အနိုင်ရ ကိုယ်စားလှယ်အနေနဲ့ ပြည်နယ်မှာ မြေယာနဲ့ပတ်သက်ပြီး ပြဿနာတွေကို ဖြေရှင်းပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ဌာနေတိုင်းရင်းသားကိစ္စတွေကို ရောပေါ့။ ဥပမာ ၂၀၁၂ ခုနှစ် မြေယာဥပဒေက ကျွန်တော်တို့ဌာနေ တိုင်းရင်းသား ဓလေ့ထုံးတမ်းနဲ့ မကိုက်ညီမှုတွေရှိတယ်။ ဖြေရှင်းပေးနိုင်မယ်လို့ ယုံကြည်တယ်။ ဒေသရဲ့ အဓိက အခက်အခဲတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ရေရှားပါးမှုအခက်အခဲတွေကိုလည်း ဖြေရှင်းပေးမယ်လို့ ယုံကြည်တယ်။ ဒေသခံတွေရဲ့ အခွင့်အရေးမြေယာနဲ့ ပတ်သက်တာတွေ မဲဆွယ်ကာလမှာ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမယ်လို့ ပြောသွားတာရှိတယ်။ အနိုင်ရတဲ့ ကိုယ်စားလှယ်ကိုလည်း သူဆောင်ရွက်မယ့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ တတ်နိုင်တဲ့ဘက်က ပြည်သူတစ်ယောက်အနေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမယ်။

**ဦးတင်ထွန်း(ရပ်ကွက်-၃၊ ရွာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်)**



ကျွန်တော့်မှာ ပါတီစွဲမရှိဘူး။ အခုအနိုင်ရသွားတဲ့ ကိုယ်စားလှယ်လောင်းရဲ့ စိတ်ဓာတ်ကိုကြိုက်လို့ မဲပေးခဲ့တာ။ ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းတွေကို သူက အရင်ကတည်းက လုပ်ခဲ့တာ။ သူ့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ယောက်ဖြစ်သွားတော့ လူထုရဲ့လိုအပ်ချက်ကို ၁၀၀ ရာခိုင်နှုန်း မဖြည့်ဆည်းပေးနိုင်ရင်တောင် ၇၅ ရာခိုင်နှုန်းလောက်တော့ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ဒေသဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်ပေးသွားမယ်လို့ ယုံကြည်တယ်။

**ကိုတင်မင်းဦး(အမ်းမြို့)**



အမ်းမြို့မှာဝင်ပြိုင်တဲ့ ကိုယ်စားလှယ်တွေအားလုံး အကုန်ကောင်းပါတယ်။ ဒေါက်တာအေးမောင်ကတော့ ရခိုင်မှာ အားကိုးစရာလည်းဖြစ်တယ်။ တိုင်းရင်းသား အရေးမှာလည်း ကိုယ်စားပြု ဆောင်ရွက်ခဲ့တယ်။ ဒေါက်တာအေးမောင် နိုင်သွားတဲ့အတွက် ရခိုင်ပြည်နယ်ကိစ္စတွေကို ဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်တယ်။ အရင် အမ်းမြို့က ဝင်ပြိုင်ပြီးနိုင်ခဲ့တဲ့ ကိုယ်စားလှယ်တွေအနေနဲ့ အမ်းမြို့ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခဲ့တယ်။ ဒေါက်တာအေးမောင်အနေနဲ့လည်း အမ်းမြို့ကို ပြန်လည်ကြည့်ပေးစေချင်တယ်။

**ကိုမောင်ကြီး [(၈)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့]**



အရင်ကိုယ်စားလှယ်တုန်းကတော့ မဲထည့်လိုက်ရပေမယ့် တစ်ခါမှ မြို့နယ်ကို ပြန်မကြည့်ဘူး။ အခုအနိုင်ရတဲ့ ကိုယ်စားလှယ်အပေါ်မှာတော့ မြို့နယ်အကျိုးကို ဆောင်ရွက်ပေးမယ်လို့ မျှော်လင့်တယ်။ကျွန်တော်တို့မြို့နယ်မှာက ကျန်းမာရေးနဲ့ ပတ်သက်ပြီး စောင့်ရှောက်မှုအားနည်းတယ်။ ဥပမာ ရေမြောင်းတွေက စီးဆင်းမှုမရှိတော့ ခြင်တွေ ပေါတယ်။ ကလေးတွေ တုပ်ကွေးခဏခဏ ဖြစ်တယ်။ ဒီလိုကိစ္စတွေမှာလည်း အနိုင်ရ ကိုယ်စားလှယ်အနေနဲ့ ထိထိရောက်ရောက် ဆောင်ရွက်ပေးစေချင်တယ်။

**ဒေါ်မို့မို့နိုင် (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်)**



ကျွန်မတို့ လှိုင်သာယာမြို့နယ်က တရားဥပဒေစိုးမိုးရေး လျော့ရဲတယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် တရားဥပဒေစိုးမိုးရေးပိုင်းကို အဓိကထားဆောင်ရွက်ပေးစေချင်ပါတယ်။ သောက်သုံးရေနဲ့ ပတ်သက်လို့ သန့်ရှင်းတဲ့ သောက်ရေဂျိုးဖြူရေကို ရဖို့ လုပ်ဆောင်ပေးစေချင်ပါတယ်။ နောက်ပြီး ကျွန်မတို့မြို့နယ်က ကျူးကျော်တွေ အလွန်များပါတယ်။ အဲလို စည်းကမ်းမဲ့ ကျူးကျော်ဆောက်လုပ်ပြီး နေထိုင်ကြတာတွေကြောင့် မီးလောင်မှုတွေလည်း ဖြစ်ပွားစေနိုင်ပါတယ်။ အဲဒါကြောင့် အမှန်တကယ် ဆင်းရဲချို့တဲ့သူတွေအတွက် တန်ဖိုးနည်းအိမ်ရာတွေကို ဖော်ဆောင်ပြီး စည်းကမ်းတကျဖြစ်ဖို့ကို လုပ်ဆောင်ပေးစေချင်ပါတယ်။ စာသင်ကျောင်းတွေမှာလည်း ခေတ်မီ သင်ကြားမှုစနစ်တွေဖြစ်ဖို့ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံဖို့ကို တင်ပြပေးစေချင်ပါတယ်။

**ဦးမြသိန်း (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်)**



ကျွန်တော်တို့ မြို့နယ်မှာ ရပ်ကွက်တိုင်းရဲ့ ရေနုတ်မြောင်းတွေကို ရေစီးရေလာကောင်းအောင် လုပ်ဆောင်ပေးစေချင်ပါတယ်။ စည်းကမ်းမဲ့ အမှိုက်တွေကြောင့် ကျန်းမာရေးအတွက် ဆိုးကျိုးတွေဖြစ်ပေါ်စေနိုင်သလို မီးလောင်လွယ်တာကြောင့် အမှိုက်စွန့်ပစ်တဲ့ စနစ်တွေကို ကြပ်မတ်ဆောင်ရွက်ဖို့ တင်ပြပေးစေချင်ပါတယ်။ ကျန်းမာရေးအတွက် သောက်သုံးရေကလည်း သန့်ဖို့အရေးကြီးပါတယ်။ အဲဒါကြောင့် ရေသန့်သောက်သုံးနိုင်ကြဖို့ ဂျိုးဖြူရေ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ဖို့လည်း လုပ်ဆောင်ပေးစေချင်ပါတယ်။ အခြေခံလူတန်းစားတွေ အများဆုံးနေထိုင်တာကြောင့် သူတို့ရဲ့ သွားရေး၊ လာရေးအတွက် မြို့နယ်အတွင်းမှာတော့ ဆိုင်ကယ်စီးနင်းခွင့်ကို ဖြစ်နိုင်ရင် ခွင့်ပြုပေးဖို့ ဆောင်ရွက်ပေးစေချင်ပါတယ်။

**မနှင်းနန္ဒာကျော် (ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်)**



ကျွန်မတို့မြို့နယ်က ဆင်းရဲနွမ်းပါးတဲ့ မြို့နယ်တစ်ခုဖြစ်တာကြောင့် လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ အခု ရွေးကောက် တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်က အသက်လည်း ငယ်တယ်။ အရည်အချင်းလည်း ရှိတာကြောင့် ကျွန်မတို့ မြို့နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူက အကျိုးပြုလိမ့်မယ်လို့ မျှော်လင့်လို့ ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။

**ကိုဖိုးဖြူ (ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်)**



ကျွန်တော်တို့ ကော့မှူးမြို့နယ်က စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်တဲ့ မြို့နယ်ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍတွေမှာ ခေတ်မီတိုးတက်ဖို့၊ တောင်သူတွေ အသိပညာရဖို့တွေကို အဓိကထားပြီး လုပ်ပေးစေချင်တယ်။ နောက်ပြီး ကျွန်တော်တို့မြို့နယ်က တရားဥပဒေစိုးမိုးရေးမှာလည်း အလွန်အားနည်းတယ်။ ဆင်းရဲတဲ့ မြို့နယ်လည်း ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ မြို့နယ်မှာ စက်ရုံ၊ အလုပ်ရုံဆိုတာလည်း တစ်ရုံမှမရှိတဲ့ အခြေအနေပါ။ အလုပ်အကိုင်ရှားပါးတော့ နယ်တွေထွက်ပြီး အလုပ်လုပ်ရတာတွေ ရှိသလို နိုင်ငံရပ်ခြားတွေလည်း သွားလုပ်ကြရတယ်။ ပုံမှန်ဝင်ငွေရစေမယ့် အလုပ်လေးတွေကို မိသားစုနဲ့ မခွဲမခွာရဘဲ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေပါတယ်။ အခုရွေးတဲ့ ကိုယ်စားလှယ်ကတော့ ဒီလိုကဏ္ဍလေးတွေမှာ သူလုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

**ကိုမိုးမင်းဇော် (ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်)**

ကျွန်တော်တို့ မြို့နယ်မှာ ကားပါကင်တွေကို စနစ်တကျဖြစ်အောင် တင်ပြပေးစေချင်တယ်။ အထပ်ငါးထပ်လောက်ရှိတဲ့ အဆောက်အအုံဆိုကားက ဆယ်စီးလောက်ရှိတယ်။ ရပ်စရာနေရာမရှိဘူး။ အမြဲတမ်း ပြဿနာတက်နေကြရတယ်။ အဲဒါကြောင့် နေရာသတ်မှတ်ပြီး ကားထား



နိုင်ဖို့ ဆောင်ရွက်ပေးစေချင်တယ်။ နောက်ပြီး အလုပ်အကိုင်ရှားပါးတဲ့အချိန်မှာ ဝမ်းရေးကို ဖြေရှင်းဖို့ လမ်းဘေးဈေးသည်ဆိုတာကတော့ ရှိမှာပါပဲ။ ဒါက နားလည်ပါတယ်။ ဒါပေမဲ့ အခုကအချို့လမ်းတွေမှာ စည်းကမ်းမဲ့တွေ ရောင်းနေတာတွေလည်းရှိတယ်။ လမ်းလျှောက်စရာ နေရာတောင်မရှိအောင် ပလက်ဖောင်းတွေ အပြည့်ခင်းကျင်းရောင်းချနေတာတွေကြောင့် အများပြည်သူသွားလာရေး အခက်အခဲတွေလည်း ရှိနေပါတယ်။ စနစ်တကျရောင်းချနိုင်အောင် နေရာသတ်မှတ်ဆောင်ရွက်ပေးဖို့ တင်ပြတာတွေကို ဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးအေးသိန်း (ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်)**



ကျွန်တော်တို့မြို့နယ်မှာ လမ်းတွေကတော့ လမ်းသွယ်လေးတွေ အစကောင်းနေပါပြီ။ အဓိကတော့ ရေနုတ်မြောင်းတွေပါ။ မိုးတွင်းတွေမှာ ရေမဝပ်ရအောင် ဆောင်ရွက်ပေးစေချင်တယ်။ နောက်ပြီး စည်းကမ်းမဲ့ အမှိုက်ပစ်တာတွေကြောင့် ရေမြောင်းတွေက ရေစီးရေလာမကောင်းတော့ အရင်နှစ်တွေကထက် ခြင်တွေ အလွန်များပါတယ်။ အဲဒါတွေက ကျန်းမာရေးအတွက် အဓိကကျပါတယ်။ အဲလိုအရာတွေကို အရေးတကြီးဆောင်ရွက်ပေးစေချင်ပါတယ်။

**ဦးထိန်လင်း [ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၊ အမှတ်(၉၄) ရပ်ကွက်၊ ယုဇနအိမ်ရာ]**



ကျွန်တော်တို့ ယုံကြည်အားကိုတဲ့သူကို ရွေးချယ်ပြီး မဲထည့်ခဲ့တယ်။ မျှော်လင့်ထားတာကတော့ အားလုံးကောင်းသွားဖို့ပါပဲ။ လမ်းတွေ ခင်းပေးမယ်၊ မြောင်းတွေဖော်ပေးမယ် အစရှိသဖြင့် ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ကျွန်တော်တို့ ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်က တင်ပြဆောင်ရွက်ပေးဖို့ လိုပါတယ်။ အားလုံး အေးအေးချမ်းချမ်း အဆင်ပြေရင် ပြည်သူတွေအတွက် လုံလောက်ပါပြီ။

**ဒေါ်စုစုနိုင် (မှီခို)၊ (ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်လှရိပ်သာလမ်း)**



အဓိကအနေနဲ့ ကုန်စျေးနှုန်းတွေကို ထိန်းညှိပေးစေချင်တယ်။ ပြည်သူတွေရဲ့ ဘဝလိုအပ်ချက် အသံတွေကို များများနားထောင်ပြီး ပြည်သူ့အကျိုးကို ထောက်ရှုဆောင်ရွက်ပေးဖို့ပဲ လိုပါတယ်။ ဒါမှလည်း ကျွန်မတို့ရဲ့ ယုံကြည်မှုနဲ့ ထပ်တူကျတဲ့သူတွေ ဖြစ်မှာပါ။ လတ်တလော အခြေအနေအရဆိုရင် အဓိကကတော့ ကုန်စျေးနှုန်း ကျစေချင်တာပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ဆောင်ရွက်ချက်ဟာ ကျွန်မတို့တင်မကပါဘူး။ နောင်လာမယ့် မျိုးဆက်သစ်တွေရဲ့ ဘဝတွေနဲ့လည်း ဆိုင်တဲ့အတွက် ဒီထက် တိုးတက်ပြောင်းလဲဖို့ အများကြီး မျှော်လင့်ထားပါတယ်။

**ဒေါ်ထိုက်ထိုက်(မှီခို)၊ (ဆိမ်ကမ်းမြို့နယ်၊ မော်တင်ရပ်ကွက်)**



ကျွန်မတို့က လူမှုဝန်းကျင်မှာနေတာဆိုတော့ စီးပွားရေး၊ လူမှုရေးတွေ ကောင်းမွန်အောင် လုပ်ပေးဖို့လိုတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဆင့် ကျွန်မတို့ရဲ့ ပတ်ဝန်းကျင်တွေကို တိုးတက်ပြောင်းလဲအောင် လုပ်ဆောင်ပေးသွားဖို့လိုတယ်၊ အဓိကအနေနဲ့ တစ်ယောက်ရှာတဲ့ ဝင်ငွေနဲ့ တစ်ယောက်တော့ ကောင်းကောင်း လောက်ငတဲ့ ဘဝမျိုးတွေဖြစ်စေချင်ပါတယ်။

စာမျက်နှာ ၉ သို့ ❀

## ပြည်တွင်းရေးရာ


ဒေါ်မြင့်မြင့်စန်း (ဈေးသည်)


ဦးအောင်စိုးလှိုင်


ဦးဟန်တင်ဦး


ဦးကုလား


ဦးမောင်မောင်ထွေး


ဦးမြင့်ဆွေ

❀ စာမျက်နှာ ၈ မှ

**ဦးကုလား (ရပ်မိရပ်ဖ)၊ [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၉၄)ရပ်ကွက်၊ စီ(၁၄)လမ်း]**

လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာကတော့ တိုင်းပြည်အတွက် အလုပ်လုပ်နေကြတဲ့အတွက် အားလုံးကောင်းပါတယ်။ ဒါပေမယ့် အခြေခံလူတန်းစားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ များများဖန်တီးပေးနိုင်ရင် ပိုကောင်းတယ်။ နောက်တစ်ဆင့်အနေနဲ့ လမ်းပန်းဆက်သွယ်ရေးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူ့တာဝန်ကျေအောင် ဆန္ဒမဲနဲ့ရွေးချယ်ခဲ့ပြီးပြီ ကိုယ်စားလှယ်တော်ကြီးတွေအနေနဲ့ ပြည်သူ့အကျိုးအတွက်ဆောင်ရွက်ပေးဖို့ပဲလိုပါတော့တယ်။

**ဒေါ်မြင့်မြင့်စန်း (ဈေးသည်) (အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း)**

လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ်အနိုင်ရရှိခဲ့တဲ့ နယ်မြေရဲ့ လိုအပ်ချက်တွေကို စောင့်ကြည့်ပြီး ဖြည့်ဆည်းပေးစေချင်တယ်။ ကျွန်မတို့ထက်သူတို့ကတော့ ပိုပြီးနားလည်မှာပါ။ အခုဆိုရင်လည်း ရပ်ကွက်ထဲမှာ ရေမြောင်းတွေချဲ့နေတာတွေရှိတယ်။ နောက်ထပ်လည်း လိုအပ်တဲ့အပိုင်းတွေကို သူတို့အနေနဲ့ ဆက်လက်ဆောင်ရွက်ပေးစေချင်တယ်။ အခုဆိုရင် ကုန်ဈေးနှုန်းတွေတက်နေတယ်၊ ကျွန်မတို့က ဈေးရောင်းတော့ ပိုသိတယ်။ ဒီလိုသာ ဆက်တက်နေရင် ဈေးရောင်းရတာ အဆင်သိပ်မပြေတော့ဘူး။ ဒါကြောင့် ကုန်ဈေးနှုန်းကို အလိုက်အထိုက်ဖြစ်အောင် လုပ်ပေးပြီး စားဝတ်နေရေး ပြေလည်တဲ့ဘဝကို ဖန်တီးပေးစေချင်ပါတယ်။

**ဦးမြင့်ဆွေ (ရေပိုက်လုပ်ငန်း) (အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်)**

ပြည်သူတွေရဲ့ လိုအပ်ချက်ဆန္ဒတွေကို နားထောင်ဖြည့်ဆည်းပေးမယ့် ကိုယ်စားလှယ်တွေဖြစ်စေချင်တယ်၊ နောင်တက်မယ့်ကလေးတွေ ကောင်းစားဖို့လိုတယ်။ ရှင်းရှင်းပြောရရင် ကလေးတွေ ပညာရေးအတွက် အဓိကထားပြီး ဆောင်ရွက်ပေးစေချင်တယ်။ အနာဂတ်လူငယ်တွေကို လမ်းမှားမရောက်အောင်၊ ပညာတတ်ဖြစ်အောင်လုပ်ပေးပြီး လမ်းညွှန်ပေးဖို့ပဲလိုပါတယ်။ အိမ်ထောင်ဦးစီးကောင်းစားရင် အကုန်ကောင်းသလိုပါပဲ၊ ကျွန်တော်တို့ရွေးချယ်လိုက်တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက ကျွန်တော်တို့အတွက် အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်ဖို့ပဲ လိုပါတယ်။ အဲဒီလိုပဲ ခေါင်းဆောင်ကောင်းသလို ပြည်သူတွေအနေနဲ့လည်း နောက်လိုက်ကောင်းတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း တိုင်းပြည်မြန်မြန်တိုးတက်မှာပါ၊

**ဦးအောင်စိုးလှိုင် (အနေးယာဉ်လုပ်သား) (ကြည့်မြင်တိုင်မြို့နယ်၊ ဆိတ်ကြီးဦးမြငါးစင်ရပ်ကွက်)**

ကျွန်တော်တို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ နွေရာသီဆိုရင် သောက်သုံးရေ အတော်ရှားတယ်။ အဲဒီကိစ္စကိုပြေလည်အောင်လုပ်ပေးစေလိုပါတယ်။ အခုလိုရာသီမှာ သောက်ရေက အဓိကပါပဲ။ သောက်ရေ မရရင်ဝယ်သုံးရတော့ ဝင်ငွေနဲ့ ထွက်ငွေမမျှပါဘူး။ ဒါကြောင့် ရေကိစ္စကို အလေးထားပြီးဆောင်ရွက်ပေးဖို့ ပြောချင်ပါတယ်။ နောက်တစ်ပိုင်းကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ပါပဲ။ များများမတောင်းဆိုချင်ပါဘူး။ နိုင်ငံတော်ရဲ့စီးပွားရေးကောင်းမွန်ဖို့ပဲ မျှော်လင့်ပါတယ်။

**ဦးမောင်မောင်ထွေး (ကုန်သည်) [လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၁၉) လမ်း]**

ကိုယ့်မြို့နယ်က ကိုယ်စားလှယ်ဟာ ကိုယ့်မြို့နယ်ကို ကောင်းအောင် လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ပညာရေးစနစ်ကိုလည်း ဒီထက်ပိုပြီး တိုးတက်ပြောင်းလဲအောင်လုပ်ဖို့လိုတယ်။ ကျွန်တော်တို့လို မြို့ထဲမှာနေတဲ့သူတွေအတွက်ကတော့ ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် အရင်ဆုံး လုပ်ဆောင်ပေးစေချင်တယ်။ ဟိုတစ်လောတုန်းကလည်း ပတ်ဝန်းကျင်လမ်းကြား သန့်ရှင်းရေးဆိုပြီး လုပ်ဆောင်သွားတာရှိတယ်။ ပြီးတော့လည်း မူလအတိုင်းပြန်ဖြစ်သွားတယ်။ ဒါတွေကို အမြဲတမ်း စည်းစနစ်တကျဖြစ်စေချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လွှတ်တော်ရှိတဲ့ အချိန်မှာ လွှတ်တော်တက်ပြီးတော့ လွှတ်တော်မရှိတဲ့ အချိန်မှာ ကိုယ်ရွေးချယ်ခံရတဲ့ မြို့နယ်တွေကို လေ့လာမှုတွေလုပ်ပြီး လိုအပ်ချက်တွေကို အကောင်းဆုံးဆောင်ရွက်ပေးစေလိုပါတယ်။

**ဦးဟန်တင်ဦး [လမ်းမတော်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ (၁၄) လမ်း]**

ကျွန်တော်တို့ မြို့နယ်က ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အကောင်းဆုံးလုပ်ဆောင်သွားမယ်လို့ ယုံကြည်ထားတယ်။ ယုံကြည်ထားတဲ့အတိုင်းလည်းမဲပေးခဲ့တယ်။ အများနဲ့လုပ်ကိုင်နေရတဲ့ အတိုင်းအတာတစ်ခုဖြစ်တာကြောင့် အများကြီးတော့ မျှော်လင့်မထားပါဘူး။ အဲဒီလိုပဲ ကိုယ်စားလှယ်တွေအနေနဲ့ ကျွန်တော်တို့ အပေါ်မှာ တက်နိုင်သလောက်ကြိုးစားလုပ်ဆောင်ပေးရင် ကျေနပ်ပါတယ်။ ပြောင်းလဲမှုတွေလိုချင်ရင်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း စိတ်ဓာတ်တွေ ပြောင်းလဲဖို့လိုတယ်။ အခြားသောလူမှုရေး၊ စီးပွားရေးနဲ့ တိုင်းပြည်ပြုပြင်ပြောင်းလဲမှုကိုတော့ ကိုယ်စားလှယ်တွေကနေ တစ်ဆင့်ပြောင်းလဲမှုတွေ လုပ်ဆောင်ပေးသွားလိမ့်မယ်လို့ ယုံပါတယ်။

### သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ စိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များမောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

### မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။
၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။
၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။
၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။
၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**


### ပြင်ဆင်သိမှတ်ပါရန်

မေလ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင်ပါရှိသော **ဦးဘွဲခိန်း** ပုံ(အစား) **ယခုပုံအား ဦးဘွဲခိန်း**ဟု ပြင်ဆင်သိမှတ်ပါရန်နှင့် မှားယွင်းဖော်ပြမိသည့်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်းနှင့် စာဖတ်သူများအား တောင်းပန်အပ်ပါသည်။ **(စာရေးသူ)**

## ပန်းချီဆရာကြီးဦးအမ်တင်အေး ကွယ်လွန်ခြင်း(၂၁)နှစ်ပြည့် အမှတ်တရပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် မေ ၃**

ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းအုပ်ကြီး(ငြိမ်း)မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို-နာယက) ပန်းချီဆရာကြီး ဦးအမ်တင်အေးကွယ်လွန်ခြင်း (၂၁) နှစ်ပြည့် အမှတ်တရပန်းချီပြပွဲနှင့် အထိမ်းအမှတ် စာအုပ်ထုတ်ဝေရေးကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မေ ၂ ရက်နေ့တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှင်းဆီမြိုင်ပန်းချီပြခန်း၌ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပရာ ဆရာ ပန်းချီဦးလှတင်ထွန်း၊ ဆရာပန်းချီမောင်ကျော်ညွန့်၊ ဆရာအလက်ာကျော်စွာ ပန်းချီစိုးမိုး၊ ဆရာမောင်မောင်သိမ်း (ပုသိမ်)နှင့် ဆရာဦးအမ်တင်အေး၏တပည့်များက ကျင်းပရေးကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့သည်။

ပန်းချီဆရာကြီးဦးအမ်တင်အေး ကွယ်လွန်ခြင်း (၂၁)နှစ်ပြည့် အမှတ်တရပန်းချီပြပွဲကျင်းပနိုင်ရန် ဖွဲ့စည်းလိုက်သည့် ကျင်းပရေးကော်မတီတွင် နာယကအဖြစ် ပန်းချီဆရာကြီးဒေါက်တာဦးလွန်းကြွယ်၊ ပန်းချီဆရာမောင်ကျော်ညွန့်၊ ပန်းချီလှတင်ထွန်း၊ ပန်းချီဆရာမောင်မောင်သိမ်း (ပုသိမ်)၊ အလက်ာကျော်စွာပန်းချီစိုးမိုး၊ ပန်းချီဦးကြည်ဝင်း (ရန်ကင်း)၊ ပန်းချီမောင်မောင်ယဉ်မင်း၊ ပန်းချီဦးသောင်းမြင့်တို့ကိုရွေးချယ်ပြီး ဥက္ကဋ္ဌအဖြစ် ပန်းချီ ဦးမြတ်ထွန်းအောင်(ပါမောက္ခ၊ ပန်းချီဌာန၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒု-ဥက္ကဋ္ဌအဖြစ် ပန်းချီဦးဝင်းမြင့်မိုး၊ ပန်းချီဦးသန်းဝင်းထွဏ်း၊ အတွင်းရေးမှူး (၁)ပန်းချီဦးကျော်လွင် (MRTV)၊ အတွင်းရေးမှူး(၂) ပန်းချီဦးဇာနည်ရဲမြင့်(MRTV)၊ ပြန်ကြားရေးမှူးအဖြစ်(၁) ပန်းချီဦးလှထွဏ်းအောင် (လျှပ်တစ်ပြတ်သတင်းဂျာနယ်)၊ (၂) ပန်းချီဦးဝင်းသော်၊ (၃) ပန်းချီဦးဝင်းမောင်ရွှေ (MRTV)၊ ဘဏ္ဍာရေးမှူးအဖြစ် (၁)ဦးမောင်မောင် (ပန်းချီမောင်မောင်တို့အဖွဲ့)၊ (၂) ပန်းချီဦးကျော်သောင်း (White Line Gallery)၊(၃) ပန်းချီဦးသဲဇာတို့ဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ဆက်လက်ပြီးဆရာကြီးပန်းချီဦးအမ်တင်အေး ကွယ်လွန်ခြင်း (၂၁)နှစ်ပြည့်အထိမ်းအမှတ်ပန်းချီပြပွဲနှင့် အထိမ်းအမှတ်စာအုပ်ထုတ်ဝေရေး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

■


ဒေါ်စုစုအေး


ဦးခင်မောင်ဦး


ဦးလှမြင့်


ဦးသန်းထွန်းအောင်


ဦးထွန်းဖေ

# ကြားဖြတ်ရွေးကောက်ပွဲအပေါ် ပြည်သူတို့၏ သဘောထားအမြင်များ


ဦးစိုင်းဟတ်ခေး


ဦးဇော်လတ်

**မေ ၁ ရက်က ကျင်းပပြီးစီးသွားသည့် ကြားဖြတ်ရွေးကောက်ပွဲအပေါ် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ဒေသခံပြည်သူအချို့၏ ရွေးကောက်ပွဲအပေါ် ရှုမြင်သည့် သဘောထားအမြင်၊ ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှု၊ ပါတီကိုကြည့်ပြီး မဲပေးရွေးချယ်သလား၊ လူကိုကြည့်ပြီး မဲပေးရွေးချယ်သလား၊ လာမည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပေါ်ထားရှိသည့် ခံယူချက်သဘောထားစသည်တို့ကို ရနိုင်သမျှ စုစည်းဖော်ပြပေးလိုက်ပါသည်-**

### ဒေါ်စုစုအေး
### (တောင်သူ၊ ဖရူဆိုမြို့နယ်၊ ညောင်ဇင်ရပ်ကွက်)

ဒီရွေးကောက်ပွဲဟာ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနဲ့ စနစ်တကျရှိတယ်လို့မြင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒေသခံပြည်သူတွေက ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုနည်းတယ်လို့ တင်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များက ဒေသတွင်းထူးခြားသတင်းလည်း မဖြစ်ပါဘူး။ ဘယ်လိုမှလည်းမခံစားရပါဘူး။ ဘယ်ပါတီမှလည်း ကျွန်မတို့ဆီလာပြီး မဲမဆွယ်ကြပါဘူး။ ပါတီကိုကြည့်ပြီး မဲပေးခဲ့ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကျရင် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လုပ်ဆောင်နိုင်မယ့် ပါတီကိုရွေးချယ်သွားမှာပါ။ ၂၀၁၅ ရွေးကောက်ပွဲမှာ အင်တိုက်အားတိုက်စည်းရုံးလှုံ့ဆော်မှုကြောင့် အားရစရာဖြစ်ခဲ့ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲမှာ စည်းရုံးလှုံ့ဆော်မှုအားနည်းတယ်လို့ မြင်ပါတယ်။

### ဦးခင်မောင်ဦး
### (ရပ်မိရပ်ဖ၊ ချောင်းဆုံမြို့နယ်၊ အရှေ့ရပ်ကွက်)

ဒီရွေးကောက်ပွဲကတော့ လွတ်လပ်ပြီး တရားမျှတတယ်။ လူအများစုက ပါတီကိုမကြည့်ဘဲ လူကိုကြည့်ပြီး မဲပေးကြတယ်လို့ မြင်ပါတယ်။ ဒေသကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များက သူ့နည်းသူ့ဟန်နဲ့ အားလုံးကြိုးစားနေကြတာပါ။ ကျွန်တော်တို့ဒေသမှာ ကြားဖြတ်ရွေးကောက်ပွဲအပေါ် ဒေသခံတွေ စိတ်ဝင်စားမှုနည်းတယ်လို့ထင်ပါတယ်။ ပုံမှန်အားဖြင့်တော့ လူအများစုကြိုက်တာက အနီရောင်ပေါ့။ ခု ပြောင်းပြန်ကြီး အပြတ်အသတ်နိုင်သွားတယ်ဆိုတော့ ဒါ ထူးခြားဖြစ်စဉ်တစ်ခုပါ။ ဒီဒေသမှာ ၂၀၁၅ တုန်းက NLD ပါတီက အားအကောင်းဆုံးပါပဲ။ ကျွန်တော်တို့ ဒေသခံတွေက ကျွန်တော်တို့ မြို့နယ်ကို အပြောင်းအလဲတွေလုပ်ပေးနိုင်မယ့်ပုဂ္ဂိုလ်ကိုကြည့်ပြီး ရွေးလိုက်တာပါ။ တစ်ချိန်ကတော့ ကျွန်တော်တို့ဟာ ကိုယ်စားလှယ်ကိုမကြည့်ဘဲ ပါတီကိုကြည့်ပြီး မဲပေးခဲ့တယ်။ ၂၀၂၀ မှာတော့ ကိုယ်စားလှယ်ရဲ့ အရည်အချင်းကို ကြည့်ပြီး ရွေးသင့်တယ်လို့ ထင်ပါတယ်။

### ဒေါ်လှလှသန်း (မိသားစုရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်)

ကြားဖြတ်ရွေးကောက်ပွဲဟာ အောင်အောင်မြင်မြင်ပြီးဆုံးသွားတယ်လို့မြင်ပြီး ရွေးချယ်ခံကိုယ်စားလှယ်က လိုအပ်တာတွေဖြည့်ဆည်းပေးနိုင်မယ်လို့ မြင်ပါတယ်။ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုတော့ရှိပါသေးတယ်။ ကျွန်မတို့ရပ်ကွက်မှာ မဲပေးခွင့်ရှိသူ ၇၀၀ လောက်မှာ ၃၀၀ လောက် မဲပေးခဲ့ပါတယ်။ ဒီမှာတော့ ၂၀၁၀ တုန်းက ပြည်ခိုင်ဖြိုးကို ရွေးခဲ့ပြီး ၂၀၁၅ မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပေါ့။ အားသာချက်၊ အားနည်းချက်တွေ ရှိနေပါသေးတယ်။ အားကောင်းတာမရှိပါဘူး။ ကျွန်မကတော့ လူကိုကြည့်ပြီး ရွေးတာပါ။ ၂၀၂၀ မှာလည်း ကျွန်မတို့ ရပ်ကွက် တိုးတက်အောင် လုပ်ပေးမယ့်သူမျိုးကိုပဲ မဲပေးမယ်လို့ ခံယူထားပါတယ်။

### ဒေါ်သောင်းကြည်
### (ကော့မှူးမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုလ်ချုပ်လမ်း)

ဒီရွေးကောက်ပွဲက လစ်လပ်နေတဲ့နေရာတွေကို ပြန်ဖြည့်ပေးတာလို့မြင်ပါတယ်။ ဒေသခံတွေကတော့ အခုရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိကြပါတယ်။ အားကြိုးမာန်တက်ပါပဲ၊ ကိုယ်ကအစပေါ့ ပျော်စရာကြီး။ ပါတီတွေ သူတို့အောင်နိုင်ရေးအတွက် မဲဆွယ်ကြတာနဲ့ ပတ်သက်လို့ ထူးထူးခြားခြား မခံစားရပါဘူး။ ဒီမှာတော့ NLD အားကောင်းပါတယ်။ မဲပေးတော့ ပါတီကိုလည်း ကြည့်တယ်။ လူကိုလည်းကြည့်တယ်။ ကိုယ့်မြို့နယ်အတွက် ကောင်းမယ်ထင်တဲ့သူကို မဲပေးပါတယ်။ ၂၀၂၀ မှာ နိုင်ငံ့အကျိုးကောင်းမွန်စွာ ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းကို ဆက်လက်ရွေးချယ်ရမှာပေ့ါ။

### ဦးလှမြင့်
### (မြို့နယ်စည်ပင်သာယာကော်မတီအဖွဲ့ဝင်၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၅)ရပ်ကွက်၊ သုခမိန်လမ်း)

အခုရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတယ်လို့ ထင်ပါတယ်။ ရွေးကောက်ပွဲအပေါ်တော့ လူတွေ စိတ်ဝင်စားမှုနည်းကြတယ်။ ဒေသတွင်းလည်း ဘာမှ မထူးခြားဘူး။ ဒီမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အားကောင်းပါတယ်။ ပါတီကိုယ်စားလှယ်လောင်းတွေရဲ့ လုပ်ဆောင်ချက်ကိုကြည့်ပြီး ရွေးချယ်မဲပေးပါတယ်။ ၂၀၂၀ မှာလည်း ဘယ်ပါတီပဲဖြစ်ဖြစ် အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်ကိုပဲ မဲပေးမှာပါ။

### ဦးသန်းထွန်းအောင်
### (ရပ်မိရပ်ဖ၊ နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့နယ်)

အခုရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလို့မြင်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲနဲ့ နှိုင်းယှဉ်ရင် စိတ်ဝင်စားမှုနည်းပါးသွားပါတယ်။ အခု ရွေးကောက်ပွဲကြောင့် ဒေသတွင်းလည်း ဘာမှထူးထူးခြားခြားသတင်းမကြားရပါဘူး။ ပါတီတွေက စည်းကမ်းတကျ မဲဆွယ်စည်းရုံးခဲ့ကြတာ တွေ့ရပါတယ်။ ဘယ်ပါတီအားကောင်းသလဲဆိုတော့ ရွေးကောက်ပွဲရလဒ်က အဖြေပဲလို့ ပြောချင်ပါတယ်။ ပါတီရော လူရောကြည့်ပြီး ရွေးချယ်ပါတယ်။ ၂၀၂၀ မှာလည်း ပြည်သူကို မျက်နှာမူတဲ့ ပြည်သူ့အကျိုး ဆောင်ရွက်နိုင်မယ့် ပြည်သူ့အစိုးရဖွဲ့နိုင်မယ့် ပါတီကိုပဲ ရွေးချယ်မဲပေးသွားဖို့ ခံယူထားပါတယ်။ ၂၀၂၀ မှာ ပိုမိုကောင်းမွန်တဲ့ရလဒ် ထွက်ပေါ်လာမယ်လို့ ရှုမြင်ပါတယ်။

### ဦးထွန်းဖေ
### [ကုန်သွယ်လယ်ယာ(ငြိမ်း)၊ ကွင်းနောက်ရပ်ကွက် ဓာတ်စေတီဘုရားလမ်း၊ ကျောက်တံခါးမြို့]

ဒီရွေးကောက်ပွဲကတော့ လစ်လပ်တဲ့ နေရာတွေကို ပြန်လည်ရွေးချယ်တယ်လို့ မြင်ပါတယ်။ အရင်ရွေးကောက်ပွဲလောက် စိတ်ဝင်စားမှုမရှိကြပါဘူး။ ဒေသတွင်းမှာလည်း ဘာမှမထူးခြားပါဘူး။ ပြည်သူတွေ သူတို့ကြိုက်တဲ့ ပါတီကို မဲပေးကြမှာပါ။ ဒီမှာတော့ NLD အားကောင်းပါတယ်။ တချို့က ပါတီကိုကြည့်ပြီး မဲပေးတယ်။ တချို့က လူကိုကြည့်ပြီး မဲပေးတယ်။ ၂၀၂၀ မှာတော့ မူဝါဒကောင်းကောင်းနဲ့ တိုင်းပြည်ကို ဦးဆောင်နိုင်မယ့် ပါတီကို ရွေးချယ်ပါမယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲက ၂၀၁၅ ထက်စာရင် ပိုပြီး အဆင်ပြေချောမွေ့တယ်လို့ ယူဆပါတယ်။

### ဒေါ်စုမွန်ကျော် (ကျိုင်းတုံမြို့နယ်၊ ဒေသခံ)

အခုရွေးကောက်ပွဲက ၂၀၁၅ တုန်းက ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်က ဆုံးသွားတဲ့အတွက် ကျိုင်းတုံမြို့နယ်မှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြန်လည်ရွေးချယ်တာပါ။ အခုရွေးချယ်ခံရတဲ့သူကတော့ ဒေသအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မယ်လို့တော့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲအပေါ် ဒေသခံတွေရဲ့ စိတ်ဝင်စားမှုက ၅၀ ရာခိုင်နှုန်းလောက်က စိတ်ဝင်စားပြီး ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက စိတ်မဝင်စားကြပါဘူး။ ထူးခြားတာတော့ ရွေးကောက်ပွဲသတင်းတွေကို ဆိုရှယ်မီဒီယာတွေကနေ တစ်နိုင်ငံလုံးက သတင်းတွေ အချိန်နဲ့တစ်ပြေးညီ တက်နေတာပေ့ါ။ တချို့ဒေသခံတွေက ရိုးသားကြတယ်။ အဲဒီတော့ ပါတီစည်းရုံးရေးကောင်းရင် ပါတီကို ကြည့်ပြီး မဲပေးကြတယ်။ ကျွန်မအနေနဲ့ ပါတီစွဲ၊ လူမျိုးစွဲ မရှိပါဘူး။ ကိုယ့်ဒေသအတွက် အမှန်တကယ်ဆောင်ရွက်နိုင်သူကိုပဲ ရွေးချယ်ပါတယ်။ ကျွန်မတို့အတွက် ရွေးကောက်ပွဲက သိပ်ပြီးမစိမ်းတော့ပါဘူး။ ၂၀၂၀ မှာဆိုရင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အမှန်တကယ် ဆောင်ရွက်နိုင်မယ့် ပါတီမျိုး၊ ပုဂ္ဂိုလ်မျိုးကိုပဲ မဲပေးသွားမှာပါ။

### ဦးစိုင်းဟတ်ခေး(ဈေးရပ်ကွက်၊ ကျေးသီးမြို့နယ် )

အခုရွေးကောက်ပွဲအပေါ် ကောင်းမွန်ပါတယ်လို့ မြင်ပါတယ်။ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်က မိမိတို့ဒေသကို အကောင်းဆုံးဆောင်ရွက်နိုင်တယ်လို့ ထင်ပါတယ်။ အများစုကတော့ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ မဲမပေးဖူးတဲ့အတွက် ပါတီတွေရဲ့ မဲဆွယ်မှုအပေါ် ထိုက်သင့်သလောက်ခံစားရပါတယ်။ ဒီဒေသမှာတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က အားကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ပါတီကိုကြည့်ပြီး ရွေးချယ်ပါတယ်။ လူပုဂ္ဂိုလ်အနေနဲ့ အားလုံးနဲ့ ရင်းနှီးပါတယ်။ ၂၀၂၀ မှာလည်း ကျွန်တော်တို့ပြည်သူတွေအတွက် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်မယ့်ပါတီကိုသာ မဲပေးရွေးချယ်မှာပါ။

### မအိအိဌေး(မိုကာဆိုင်လုပ်ငန်းရှင်၊ မုံရွာမြို့ မြဝတီရပ်ကွက်)

အခုကြားဖြတ်ရွေးကောက်ပွဲက တရားမျှတတယ်လို့ မြင်ပါတယ်။ အခု ရွေးကောက်ခံရသူက ကျေးရွာတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခု ရွေးကောက်ပွဲကို အာရုံစိုက်မှုနည်းတယ်လို့ ကျွန်မထင်တယ်။ ပါတီတိုင်းကတော့ ဥပဒေဘောင်အတွင်းကနေ မဲဆွယ်စည်းရုံးသွားကြတယ်လို့ ကျွန်မမြင်ပါတယ်။ ဒီမှာတော့ NLD ပါတီက အားကောင်းတယ်။ ကျွန်မကတော့ ပါတီကိုလည်းကြည့်တယ်။ လူကိုလည်းကြည့်ပြီး ရွေးချယ်ပါတယ်။ ရွေးကောက်ပွဲရလဒ်အပေါ်လည်း ယုံကြည်မှုရှိပါတယ်။ ၂၀၂၀ ကျရင် တိုင်းပြည်တိုးတက်အောင် လုပ်ပေးနိုင်မယ့် ပါတီကိုပဲ မဲပေးမယ်လို့ ကျွန်မစဉ်းစားထားပါတယ်။

### ဦးစိုးမင်းဦး(ဈေးသည်၊ မြောက်ပိုင်းရပ်ကွက်၊ အမ်းမြို့နယ်)

အခုကြားဖြတ်ရွေးကောက်ပွဲမှာ အလှမ်းဝေးတဲ့နယ်တွေမှာ ပညာပေးစည်းရုံးမှု အားနည်းတယ်လို့ မြင်ပါတယ်။ ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုတော့ ရှိကြပါတယ်။ မဲဆွယ်မှုအပေါ်မှာတော့ ဘယ်လိုမှ မခံစားရပါဘူး။ ဒီဒေသမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အားကောင်းပါတယ်။ လူကိုကြည့်ပြီး မဲပေးခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်အပေါ် သဘောကျပါတယ်။ ၂၀၂၀ မှာ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်တွေကို ကြည့်ပြီး ရွေးချယ်သွားမယ်လို့ ခံယူထားပါတယ်။

### ဦးဇော်လတ် [မိုင်းရှူးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်]

ကြားဖြတ်ရွေးကောက်ပွဲ အဆင်ပြေပြေနဲ့ အောင်မြင်စွာပြီးဆုံးသွားတာ ကောင်းပါတယ်။ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်က ဒေသဖွံ့ဖြိုးအောင် လုပ်ပေးနိုင်မှာပါ။ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိကြပါတယ်။ ထူးခြားမှုတော့မရှိပါဘူး။ ပုံမှန်ပါပဲ။ ဒီဒေသမှာတော့ ကျားခေါင်းပါတီက အားကောင်းပါတယ်။ ပါတီကို ကြည့်ပြီး မဲပေးပါတယ်။ ရွေးကောက်ပွဲရလဒ်ကတော့ ဒေသခံတွေ သဘောကျတဲ့ပါတီဖြစ်ပါတယ်။ ၂၀၂၀ မှာတော့ ပါတီတွေရဲ့ လုပ်ဆောင်ချက်ကိုကြည့်ပြီး မဲပေးဖို့ ဆုံးဖြတ်ထားပါတယ်။ အခုရွေးကောက်ပွဲ ကျင်းပတဲ့ ပုံစံက သေသေချာချာစနစ်တကျလုပ်သွားတဲ့အတွက် အားလုံးမှန်ကန်ပါတယ်။ **(ကြေးမုံ)**

# မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေသူတစ်ဦး အသတ်ခံရ

**နေပြည်တော် ဧပြီ ၃**

မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေသူ အမျိုးသားတစ်ဦး ယမန်နေ့က အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂ ရက် ည ၈ နာရီက မောင်တောမြို့နယ် မြင်းလွတ်မြို့ အရှေ့ပိုင်းရပ်ကွက်နေ မာမတ်အီနုစ်၏သား အာနိုပါရ်အာရှတ်သည် မြင်းလွတ်မြို့ အနောက်ပိုင်းရပ်ကွက်နေ မောင်တောစ်နှင့် ဘာယုတို့နှစ်ဦးနှင့်အတူ ရပ်ကွက်(၅)ရှိဈေးဆိုင်သို့ သွားရောက်မည်ဟုပြော၍ ထွက်သွားခဲ့ကြောင်း၊ ယင်းနောက် အာနိုဝါရ်အာရှတ်သည် မြင်းလွတ်မြို့ အလယ်ရွာအနီးတွင် အသတ်ခံရကြောင်း ၎င်း၏ ယောက်ဖဖြစ်သူက ဖုန်းဆက်ပြောကြားသဖြင့် လိုက်လံရှာဖွေရာ မြင်းလွတ်မြို့ ရပ်ကွက်(၅) အရှေ့ဘက် မြေပဲစိုက်ထားသည့် လယ်ကွင်းအတွင်း အာနိုဝါရ်အာရှတ်အား လက်ဝဲဘက်ချိုင်းအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ပြတ်ရှဒဏ်ရာ နှစ်ချက်၊ နောက်ကျောတွင် ထိုးသွင်းဒဏ်ရာ လေးချက်၊ လက်ဝဲဘက် လက်မောင်း ပြတ်ရှဒဏ်ရာ ငါးချက်၊ လက်ယာဘက် မျက်လုံး ဖောက်ထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ အာနိုဝါရ်အာရှတ်အား ဓားဖြင့်ခုတ်သတ်သွားသူ မောင်တောစ်နှင့် ဘာယုတို့ နှစ်ဦးအား အရေးယူပေးရန် မာမတ်အီနုစ်က ဧပြီ ၃ ရက် နံနက်ပိုင်းတွင် အလယ်သံကျော်ရဲစခန်းသို့ တရားလိုပြုလုပ်တိုင်ကြားလာသဖြင့် တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ဧပြီ ၃ ရက်အထိ အပြစ်မဲ့ အရပ်သားပြည်သူ ၂၃ ဦး သေဆုံးခဲ့ပြီးဖြစ်ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

### မောင်တောဒေသအတွင်း သေဆုံး/ပျောက်ဆုံး စာရင်း

(၃-၄-၂၀၁၇ ရက်နေ့အထိ)

| စဉ် | ရက်စွဲ | အမည် | သေဆုံး | ဖမ်းဆီး/ပျောက်ဆုံး/ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | မောင်မောင်စိုး (ခ) ရှုနာမျာနှင့် မာမတ်တာလီ | ၂ | - | |
| ၂။ | ၁၄-၁၀-၂၀၁၆ | စိစစ်ဆဲ | ၁ | - | |
| ၃။ | ၇-၁၁-၂၀၁၆ | မာမွတ်အာရှိ (ခ) ဖိုက်ဆဲ ပါ ၂ ဦး | - | ၂ | ပြန်လည်တွေ့ရှိ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ဂျာမ (ခ) ဇော်မာဟူဆွန် | ၁ | - | |
| ၅။ | ၁၃-၁၂-၂၀၁၆ | ဟာဘီဇော်မာန် | - | ၁ | |
| ၆။ | ၂၁-၁၂-၂၀၁၆ | ဒုစ်မာမတ် (ခ) ရှုနာမျာ | ၁ | - | |
| ၇။ | ၂၅-၁၂-၂၀၁၆ | ဇော်ဟီ | ၁ | - | |
| ၈။ | ၂၆-၁၂-၂၀၁၆ | ဆိရာဇုဟွတ် | ၁ | - | |
| ၉။ | ၂၈-၁၂-၂၀၁၆ | ဆွေဇွာအာမီ | ၁ | - | |
| ၁၀။ | ၂၉-၁၂-၂၀၁၆ | အန်နာမှလာ | - | ၁ | မိုးခုတ်အင်္ဂရာဖြင့် ပြန်လည်ရောက်ရှိ |
| ၁၁။ | ၂-၁-၂၀၁၇ | လာလူး | - | ၁ | |
| ၁၂။ | ၁၃-၁-၂၀၁၇ | စိစစ်ဆဲ | ၁ | - | |
| ၁၃။ | ၁၄-၁-၂၀၁၇ | ဖွေယာ(ခ)ဖွေယာရှုဟောက် | - | ၁ | ပြန်လည်တွေ့ရှိ |
| ၁၄။ | ၂၀-၁-၂၀၁၇ | စွန်တာအာမတ်၊ မာမတ်ရော့ဖီးနှင့် မာမတ်စုပိုင် | ၃ | - | |
| ၁၅။ | ၂၂-၁-၂၀၁၇ | အီးရှာဟိန်း | - | ၁ | |
| ၁၆။ | ၂၇-၁-၂၀၁၇ | ရော့ဖီရာမောက်နှင့် ဆွေဒုပ်အာမိန် | - | ၂ | |
| ၁၇။ | ၂၈-၁-၂၀၁၇ | ဇော်ဂျီး အာမောက် | ၁ | - | |
| ၁၈။ | ၄-၂-၂၀၁၇ | အီဒရစ် | ၁ | - | |
| ၁၉။ | ၂၄-၂-၂၀၁၇ | မာမတ်တာစီမ်း | ၁ | - | |
| ၂၀။ | ၂၆-၂-၂၀၁၇ | ထွန်းသာမောင် | ၁ | - | |
| ၂၁။ | ၂-၃-၂၀၁၇ | နူရ်ကာရင် | ၁ | - | |
| ၂၂။ | ၅-၃-၂၀၁၇ | ဇာမာဟူဆိန်း | ၁ | - | |
| ၂၃။ | ၁၀-၃-၂၀၁၇ | မာမောက်ဆော်လီ | ၁ | - | |
| ၂၄။ | ၁၂-၃-၂၀၁၇ | မာမတ်ရော့ဖီး | - | ၁ | |
| ၂၅။ | ၁၆-၃-၂၀၁၇ | ဆိုလီမုလ္လာ | ၁ | - | |
| ၂၆။ | ၃၀-၃-၂၀၁၇ | ယာယာ | - | ၁ | |
| ၂၇။ | ၃၁-၃-၂၀၁၇ | ရှိုဝလီနှင့် နူမာမောက် | ၁ | ၁ | |
| ၂၈။ | ၁-၄-၂၀၁၇ | နမာမတ်၊ အဒုလာဟာ ဒုလာမိ၊ အီဘရာဟိန်းနှင့် ဟာမစ်ဒုလာ | ၁ | ၃ | အဒုလာဟာ ဒုလာမိအား ကြိုးတုပ်လျက် ပြန်လည်တွေ့ရှိ |
| ၂၉။ | ၂-၄-၂၀၁၇ | အာနိုဝါရ်အာရှတ် | ၁ | - | |
| စုစုပေါင်း | | | ၂၃ | ၁၅ | |

မှတ်ချက်။ ဖမ်းဆီးခေါ်ဆောင်သွားသူ ၁၅ ဦး ရှိသည့်အနက် ၅ ဦး ပြန်လည်တွေ့ရှိခဲ့သည်။



# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တရားရုံးတို့တွင် စစ်ဆေးလျက်ရှိသောအမှုများ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရန် တွေ့ဆုံဆွေးနွေး

**ဘူးသီးတောင် ဧပြီ ၃**

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်နှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့သည် ရခိုင်ပြည်နယ် တရားရေးဦးစီးမှူး ဦးစိုးစိုး၊ ပြည်နယ်ဥပဒေအရာရှိ ဦးစောမြတို့နှင့်အတူ မောင်တောခရိုင်တရားရုံး(ဘူးသီးတောင်ရုံးထိုင်)နှင့် ဘူးသီးတောင်မြို့နယ်တရားရုံးတို့တွင် စစ်ဆေးလျက်ရှိသောအမှုများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရန်အတွက် ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ ခရိုင်ဥပဒေအရာရှိ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ အမှုလိုက်ပါဆောင်ရွက်နေသောရှေ့နေများနှင့် ယနေ့ မွန်းလွဲပိုင်းကတွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တရားခွင်အသီးသီးရှိ တရားခံများနှင့်တွေ့ဆုံပြီး ၎င်းတို့၏တင်ပြချက်များအပေါ် သက်ဆိုင်ရာတရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး)**

# မောင်တောမြို့ နယ်စပ် ဝင်၊ ထွက်စခန်း၌ လူဝင်၊ ထွက်သွားလာမှုမရှိသော်လည်း ကုန်စည်ကူးသန်းမှုရှိ

**မောင်တော ဧပြီ ၃**

မောင်တောမြို့ရှိ နယ်စပ်အဝင်၊ အထွက်စခန်း၌ နှစ်နိုင်ငံ ဝင်၊ ထွက် ကူးသန်းသွားလာမှု ပိတ်ပင်ထားခြင်းမရှိသော်လည်း လူဝင်၊ ထွက်သွားလာမှုမရှိဘဲ ကုန်စည်ကူးသန်းမှုသာရှိနေကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနမှ သိရသည်။

"လူဝင်၊ ထွက်ပြုလုပ်မှုကို အရင်ကတည်းက အခုချိန်ထိ ပိတ်ပင်ထားတာမျိုးမရှိပါဘူး။ ဒေသတွင်း အခြေအနေအရ ကူးသန်းသွားလာမှုမရှိတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ခြမ်းက လုံးဝပိတ်မထားပါဘူး။ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝင်၊ ထွက်ခွင့်ပိတ်ပင်ထားလို့ ဒီဘက်ကလည်း မသွားကြသလို ဟိုဘက်ကလည်း လာရောက်မှုမရှိတာပါ"ဟု နယ်စပ် ဝင်/ထွက်စခန်း (မောင်တော)မှ လဝကမှူး ဦးရှာမွေလခွန်းက ပြောသည်။

အဆိုပါနယ်စပ်ဂိတ်တွင် နှစ်နိုင်ငံကူးသန်းသွားလာမှုအတွက် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်ညအိပ် သုံးရက်ခရီး (Boder Pass-BP)နှင့် နေ့ချင်းပြန် (Boder Pass-BP) နှစ်မျိုးဖြင့် နှစ်နိုင်ငံကြား ကူးသန်းသွားလာနိုင်ရန် ဆောင်ရွက်ပေးနေကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ် မဖြစ်ပွားမီကာလက နှစ်နိုင်ငံကူးသန်းသွားလာမှုမှာ တစ်ရက်လျှင် လူဝင်၊ ထွက်မှု ၂၀ နှင့် ၃၀ ခန့်မှ ၁၀၀ ခန့်အထိပင်ရှိကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် လူဝင်၊ ထွက် သွားလာမှုမရှိဘဲ ကုန်စည်များသာ ကူးသန်းမှုရှိကြောင်း လဝကမှူး ဦးရှာမွေလခွန်းက ဆက်လက်ပြောကြားသည်။

**(ရာမည၊ တင်စိုး)**

# ဘော်တလီကျေးရွာသားတစ်ဦးအား မျက်နှာတွင် အဝတ်နက်စည်းထားသူ ခုနစ်ဦးက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဧပြီ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဘော်တလီ(၁) ကျေးရွာသားတစ်ဦးအား မတ် ၃၁ ရက် ညသန်းခေါင်ခန့်တွင် မျက်နှာတွင် အဝတ်နက်စည်းထားသည့် လူခုနစ်ဦးခန့်က ဓားဖြင့်ထောက်၍ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဘော်တလီ(၁) ကျေးရွာနေ နူမာမောက်သည် မိသားစုနှင့်အတူအိပ်နေစဉ် မတ် ၃၁ ရက် ညသန်းခေါင်တွင် မျက်နှာအဝတ်နက်စည်းထားသည့် လူခုနစ်ဦးခန့်က အိမ်အားဖျက်၍ ဝင်ရောက်လာပြီး နူမာမောက်အား ဓားဖြင့်ထောက်၍ ပါးစပ်ပိတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် ကြိမ်ချောင်းရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ်ဝန်အလေးချိန်ထက် လူဦးရေတင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပစ်ကပ်ယာဉ်များ (လိုက်ထရပ် မီနီပစ်ကပ်)အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်းမပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၈ စီး၊ သွင်းကုန် ၆၂၃ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းကတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၂၆၄၂ သန်းခန့်ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Fuso ၁၂ ဘီးယာဉ်ကို မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Monosodium Glutamate (5000)Kg၊ တရားဝင်စာရွက်စာတမ်း အထောက် အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Instant Noodle (400) Kg၊ Ensure(52)Pkgs၊ BRANDS Bird's Nest(71) PKgs၊ Best Foods Mayonnaise (100) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ဝ၇ဝ၄ သန်းခန့် တွေ့ရှိ၍ဖမ်းဆီး ခဲ့ကြောင်း သိရသည်။




**(သတင်းစဉ်)**

■

## မကွေးမြို့ ရွှေမြတ်မင်းသမီးကာရာအိုကေစားသောက်ဆိုင်မီးလောင်မှုဖြစ်ပွား

**မကွေး ဧပြီ ၃**

မကွေးမြို့ မြင်သာရပ်ကွက် သစ္စာလမ်းနှင့် ၂၉ လမ်းထောင့်ရှိ ရွှေမြတ်မင်းသမီး KTV တွင် ဧပြီ ၂ ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ခဲ့ရာ လူ ၁၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးလေး ဦး သေဆုံးသဖြင့် မီးလောင်မှုဖြစ်ပွားရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိသည်။

“ဂက်စ်ပေါက်ကွဲသံကြောင့် ဂက်စ်အိုးပေါက်ကွဲတယ်လို့ ယူဆခဲ့ကြပေမယ့် မီးလောင်ရတဲ့ အကြောင်းရင်းက မီးသုံးစွဲမှုများပြီး မီးပလပ်ခုံ အပူလွန်ကဲရာက စတင်လောင်ကျွမ်းတာကို စစ်ဆေးတွေ့ရှိရပါတယ်”ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။



အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ တိုင်းခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးမီးသတ်မှ မီးသတ်ယာဉ် ခုနစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မင်းဘူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ကမ္ဘောဇ ဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှု ယာဉ်တစ်စီးနှင့် ရပ်ကွက်အသီးသီးရှိ မြို့ပြည်သူများ ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်တွင်မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် ၂၇ပေ x ၃၇ပေ အုတ်ညှပ် ပျဉ်ခင်း နှစ်ထပ် အဆောက်အအုံအပေါ်ထပ် မီးလောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေကျပ် ၅၆ သိန်းကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေး ဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦးမှာ မီးလောင်ဒဏ်ရာ (စိုးရိမ်ရ) ရရှိသဖြင့် မကွေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က “KTV လိုင်စင်ရောယစ်မျိုးလိုင်စင်ပါရှိပါတယ်။ အမျိုးသမီးတွေပါ ရှိနေမှုအပေါ်မှာတော့ စစ်ဆေးရဦးမှာ ဖြစ်ပါတယ်”ဟု ပြောပြသည်။

မြင်သာရပ်ကွက် သစ္စာလမ်းနှင့် (၂၉) လမ်းထောင့်ရှိ ရွှေမြတ်မင်းသမီး KTVဖွင့်သည့် အဆောက်အအုံကို ငှားရမ်း၍ KTV ဖွင့်လှစ်ထားသူ ဦးရဲညွှန့်မှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်းအား မကွေးမြို့မရဲစခန်းတွင် (ပ)၁၉၁/၂၀၁၇ ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-မေသူလွင်(မကွေးကိုယ်ပွား)၊**
**ဓာတ်ပုံ- သန်းနိုင်ဦး(ဇဖဲ)**

■

## တာဝါတိုင်များမှ ဘက်ထရီအိုးနှင့် ကေဘယ်ကြိုး ခိုးယူသူများအားဖမ်းဆီးရမိ

**ကျောက်တံခါး ဧပြီ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေးရှိ အူရီဒူးတာဝါတိုင်များမှ ဘက်ထရီအိုးနှင့် ကေဘယ်ကြိုးများ ခိုးယူခံရကြောင်း သတင်းအရ ယာဉ်များကို စစ်ဆေးရာ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်က လှည်းကူးမြို့နယ်အမှတ် (၃) လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှူး ရဲအုပ်အောင်သင်းဦးနှင့်အဖွဲ့တို့က အမြန်လမ်းမကြီးမိုင်တိုင်အမှတ် (၀/၂) ရှိ မော်တော်ယာဉ်စစ်ဆေးဂိတ်၌ မော်တော်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေစဉ် ဦးဥက္ကာ (၃၀)နှစ် ဥဿာမြို့သစ် ပဲခူးမြို့နေသူရောက်ရှိလာပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးရှိ အူရီဒူးတာဝါတိုင်များမှ ဘက်ထရီအိုးနှင့် ကေဘယ်ကြိုးများ ခိုးယူခံရကြောင်း လာရောက်သတင်းပေးပို့ခဲ့ကြောင်းသိရသည်။

သတင်းပေးတိုင်ကြားချက်အရ ရဲအုပ်အောင်သင်းဦးနှင့်အဖွဲ့က အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ စောင့်ဆိုင်း၍ ယာဉ်များကို စစ်ဆေးခဲ့ရာ ည ၇ နာရီခန့်တွင် အမြန်လမ်းမကြီးအတိုင်း နေပြည်တော်မှရန်ကုန်သို့ ယာဉ်မောင်း အောင်ဇင်ဟိန်း (၃၅) နှစ် ဒလမြို့နယ်နေသူ မောင်းနှင်လာပြီး ယာဉ်ပေါ်တွင် ဖြိုးကျော် (၃၂) နှစ် သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ စီးနင်းလိုက်ပါလာသော ယာဉ်အမှတ် CC/---- PROBOX အဖြူရောင် အငှားယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ကြောင်း သိရသည်။

ပရိုဘောက်ယာဉ်ပေါ်မှ Panasonic 12 ဗို့ ဘက်ထရီ တစ်လုံး၊ Bosch ၁၂ ဗို့ ဘက်ထရီတစ်လုံး၊ DS ၁၂ ဗို့ဘက်ထရီတစ်လုံး၊ ကေဘယ်ကြိုး ခဲရောင် အရှည် ပေ ၄၀ ခန့်၊ ဖိုက်ဘာဦးထုပ်အဖြူရောင်တစ်လုံးနှင့် တစ်ပေ ပတ်လည်ခန့်ရှိ လက်သမားသုံးဖိုက်ဘာ သေတ္တာအတွင်းမှ အရိုးတပ်ပလာယာ၊ ကေဘယ်ကြိုးဖြတ်လွှ၊ ဝက်အူလှည့်၊ ဂွများနှင့် အခြားဆက်စပ်ပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ပြီး အောင်ဇင်ဟိန်းနှင့်ဖြိုးကျော်တို့နှစ်ဦး၏ ထွက်ဆိုချက်အရ ဖဒိုနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၈၅) နှင့် (၉၀) အကြားရှိ တယ်လီနောနှင့်အူရီဒူးတာဝါတိုင်များမှ ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခိုးယူလာသည့်ပစ္စည်းများနှင့်ခိုးယူလာသူများအား အမြန်လမ်းမကြီး အမှတ် (၃) လမ်းဆုံစခန်းမှူး ရဲအုပ်အောင်သင်းဦးက ဖဒိုနယ်မြေရဲစခန်းမှူး ရဲထွန်းကို ထံသို့ လွှဲပြောင်း အပ်နှံခဲ့ကြောင်းသိရသည်။

“ဖြစ်စဉ်ကတော့အမှန်ပါပဲ ကျွန်တော်တို့ အမှုကိစ္စအတွက် တရားစွဲဆိုနိုင်ရေးဆောင်ရွက်နေပါတယ်”ဟု ဖဒိုနယ်မြေရဲစခန်းမှစခန်းမှူး ရဲအုပ်ရဲထွန်းကိုက ပြောကြားခဲ့သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**





မူဆယ်ခရိုင် တာမိုးညဲမြို့တွင် ဧပြီ ၂ ရက် ညက မိုးသက်လေပြင်း တိုက်ခက်မှုကြောင့် အထက (တာမိုးညဲ) သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင် (ဥက္ကာဆောင်)၏ သွပ်မိုးများ၊ ဒိုင်းများ၊ ထုပ်တန်းများ ပြုတ်ထွက် ပျက်စီးမှု ဖြစ်ပွားခဲ့စဉ်။

**တာမိုးညဲ (ပြန်/ဆက်)**

## အိုးဘိုအနောက်ရပ်ကွက် တွံတေးတူးမြောင်း မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**တွံတေး ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘိုအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း တွံတေးတူးမြောင်းနံဘေးတွင် ဧပြီ ၃ ရက် နံနက် ၅ နာရီခွဲခန့်က တွံတေးတူးမြောင်း ဒီရေအတက်အကျနှင့် ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး အလျားပေ ၁၀၀၊ အနံပေ ၃၀ခန့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပါးပြိုကျမှုနှင့် နီးကပ်သည့် လူနေအိမ် သုံးလုံး လူဦးရေ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦးတို့အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး လူနေအိမ် သုံးလုံးကို နံနက် ၈ နာရီမှ ၁၂ နာရီအထိ နေအိမ်များဖျက်သိမ်း၍ ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ကြသည်။ ယင်းကမ်းပါးပြိုကျမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ယခင်ကမ်းပါးပြိုကျမှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ်းထိန်းနံရံများ စတင်ပြုလုပ်ပြီးဖြစ်ကြောင်းလည်း သိရသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ရေကင်းများချ၍ စောင့်ကြည့်လျက်ရှိသည်။

**မျိုးလှိုင်(တွံတေး)**



# ပြဿနာပေါင်းစုံနဲ့ ပြီးစီးသွားတဲ့ အာဆင်နယ်-မန်စီးတီးပွဲ

အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ပွဲပြီးခါနီး နောက်ဆုံးမိနစ်အရောက်၌ အာဆင်နယ်နောက်ခံလူ မွန်ရီယယ်မှာ ပင်နယ်တီဧရိယာအတွင်း လက်ထိဘော ကျူးလွန်ခဲ့မိသည်ကို မန်စီးတီးနည်းပြ ဂွါဒီယိုလာသို့ ဝန်ခံလိုက်ကြောင်း ဂွါဒီယိုလာက ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ သရေရလဒ်ထွက်ပေါ်နေချိန်တွင် မွန်ရီယယ်၏ လက်ထိဘောကြောင့် မန်စီးတီးအသင်း ပင်နယ်တီရရှိမည့် အခွင့်အရေးရရှိခဲ့သော်လည်း ဒိုင်ဖြစ်သူက လျစ်လျူရှုခဲ့သဖြင့် အနိုင်သုံးမှတ်ရရှိမည့် အကောင်းဆုံးအခွင့်အရေးတစ်ရပ်ကို ဆုံးရှုံးခဲ့သည်ဟု ဆိုနိုင်သည်။

ဂွါဒီယိုလာက "မွန်ရီယယ်က သူ့လက်နဲ့ ဘောလုံးထိခဲ့တယ်လို့ ဝန်ခံခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂလန်မှာ ဒါမျိုးဖြစ်ရပ်တွေအတွက် သက်သေမရှိဘူးလို့ သူက ဆက်ပြောတယ်။ ကျွန်တော်က ဒီကိစ္စအတွက် ဒိုင်တွေကို ပြောခဲ့ပါသေးတယ်"ဟု ဆိုခဲ့သည်။

ထို့ပြင် အာဆင်နယ်တိုက်စစ်မှူး သီယိုဝဲလ်ကော့က ဂျရူးနှင့် လူစားလဲလိုက်ချိန်တွင် နည်းပြဝင်းဂါးကို လက်ဆွဲနှုတ်ဆက်မှု မရှိခြင်း၊ ပွဲချိန်အတွင်း အာဆင်နယ်ပရိသတ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ခြင်း၊ အာဆင်နယ်အသင်းနောက်တန်းခံစစ်ယိုယွင်းမှုကို တွစ်တာစာမျက်နှာများတွင် ပွဲပြီး တစ်နာရီမပြည့်မီမှာပင် ဝေဖန်မှုများစွာ တက်လာခဲ့ခြင်းတို့လည်း ရှိခဲ့သည်။ ဝဲလ်ကော့သည် အာဆင်နယ်အသင်းအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ကစားပုံ ဆိုးရွားခဲ့ကာ ပွဲချိန်တစ်လျှောက် ဘောလုံးထိချက် ၂၂ ချက်သာ ရှိခဲ့သည်။ ဝဲလ်ကော့က လူစားလဲခံရချိန်တွင် နည်းပြ ဝင်းဂါးဘက်ကို တစ်ချက်မှ ကြည့်ရှုခဲ့ခြင်းမရှိသလို ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်ခြင်းပင်မပြုခဲ့သည့်အတွက် ဝင်းဂါးကို ဆန့်ကျင်သူများထဲတွင် အာဆင်နယ်အသင်း၏ သက်တမ်းရှည်ကစားသမား ဝဲလ်ကော့ပင် ပါဝင်နေပြီဟူသော ဝေဖန်ချက်များ ထွက်လာခဲ့သည်။

မန်ယူအသင်းကစားသမားဟောင်း ဂယ်ရီနဗီးလ်ကမူ အိုဇေးလ်၊ ဝဲလ်ကော့နှင့် ကိုစီယယ်နီတို့ အသင်းအပေါ် အကျိုးပြုမှု နည်းပါးခြင်းက အာဆင်နယ်အသင်း အိမ်ကွင်းနိုင်ပွဲကို ဝေးကွာစေသည့် အကြောင်းတရားဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

# အက်ရှ်လေယန်း၊ ဒါမီယန်နှင့် ဒါလေဘလိုင်းတို့နောက်တွင် လုခ်ရှော များစွာပြတ်ကျန်နေပြီဟု မော်ရင်ဟို ဝေဖန်



မန်ယူနည်းပြ မော်ရင်ဟိုက ခံစစ်ကစားသမား လုခ်ရှောမှာ လေ့ကျင့်မှု၊ ရည်မှန်းချက်နှင့် အာရုံစူးစိုက်မှုတို့တွင် အက်ရှ်လေယန်း၊ ဒါမီယန်နှင့် ဒါလေဘလိုင်းတို့နောက် များစွာပြတ်ကျန်နေပြီဟူသော စကားဖြင့် လုခ်ရှောအပေါ် ဝေဖန်တိုက်ခိုက်လိုက်သည်။ လုခ်ရှောသည် နည်းပြ မော်ရင်ဟို လက်အောက်တွင် နေရာပျောက်နေသည့် ကစားသမားဖြစ်ပြီး အရန်ခုံပေါ် ထိုင်နေရခြင်းကြောင့် ဆရာဟောင်း ပိုချက်တီနိုရှိရာ စပါးအသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိသည့် သူ၏ သဘောထားကို ပေါ်ပေါ်ထင်ထင် ထုတ်ဖော်ပြောကြားခဲ့သည်။ ပေါင် ၃၃ သန်းတန် လုခ်ရှောမှာ ဝက်စ်ဘရွန်းနှင့် ဂိုးမရှိသရေကျသည့် ပွဲစဉ်တွင် မန်ယူ၏ ကစားသမား ၁၈ ဦးစာရင်းတွင် မပါဝင်ခဲ့ဘဲ မော်ရင်ဟိုက ဘယ်တောင်ပံခံစစ်ပိုင်းအတွက် အက်ရှ်လေယန်းကို အသုံးပြုခဲ့သည်။

အင်္ဂလန်လက်ရွေးစင် လုခ်ရှောကို အသင်း လူစာရင်းမှ ချန်လှပ်သည့် မော်ရင်ဟို၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုများရှိနေသော်လည်း မော်ရင်ဟိုကမူ "ဂျိုးဟတ်လည်း အင်္ဂလန်လက်ရွေးစင်ကစားသမားပဲလေဗျာ။ သူက အီတလီမှာ အငှားနဲ့ သွားကစားနေရတယ်" ဟူသော စကားဖြင့် တုံ့ပြန်ခဲ့သည်။ ထို့ကြောင့် မော်ရင်ဟို လက်အောက်တွင် မည်သည့်အကြောင်းနှင့်မျှ လုခ်ရှော နေရာပြန်ရရန် မဖြစ်နိုင်တော့သလို လာမည့်နွေ ဘယ်တောင်ပံခံစစ်ပိုင်းအတွက် ဆယ်လ်တစ် ဆယ်ကျော်သက် ကစားသမား ကီရန် တိုင်ယာနေးအား စောင့်ကြည့်နေပြီဖြစ်သည်။

မန်ယူအသင်း လက်ရှိကစားသမားစာရင်းတွင် ဒဏ်ရာရကစားသမား များပြားနေပြီး ဖီးလ်ဂျုံးစ်၊ မာတာနှင့် စမောလင်းတို့မှာ ကာလရှည် အနားယူရဖွယ်ရှိနေသည်။ သို့သော် ပွဲပယ်ပြစ်ဒဏ်မှ ပြန်လည် လွတ်မြောက်လာမည့် အီဗရာဟီမိုဗစ်နှင့် ဟာရဲရားတို့မှာ လာမည့် ကြာသပတေးနေ့ အဲဗာတန်ကို ရင်ဆိုင်မည့် ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်သော်လည်း ပေါ့ဘာ ပါဝင်ခြင်း ရှိ၊ မရှိဆိုသည်ကို တိတိကျကျမပြောနိုင်သေးကြောင်း မော်ရင်ဟိုက ဆိုသည်။

## တော့တီ၏ တစ်ရာသီ သွင်းဂိုးစံချိန်ကို ဇက်ကို ကျော်ဖြတ်နိုင်ခဲ့

ရိုးမားက အမ်ပိုလီအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် ရိုးမားတိုက်စစ်မှူး အေဒင်ဇက်ကိုမှာ ရိုးမားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့ပြီးနောက် တော့တီတင်ထားသည့် တစ်ရာသီအတွင်း သွင်းဂိုး ၃၂ ဂိုးစံချိန်ကို ကျော်ဖြတ်ကာ သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။ စီးရီးအေထိပ်တန်းဂိုးသွင်းရှင်စာရင်းတွင်လည်း တိုရီနို တိုက်စစ်မှူး ဘာလော့တီထက် တစ်ဂိုးအသာဖြင့် ထိပ်ဆုံးမှ ရပ်တည်နေသည်။ ဇက်ကိုမှာ ၂၀၀၇ ခုနှစ် တော့တီ ဥရောပရွှေဖိနပ်ဆု ရယူနိုင်ခဲ့ပြီးနောက်ပိုင်း စီးရီးအေပြိုင်ပွဲမှ ရွှေဖိနပ်ဆုရယူနိုင်သည့် ပထမဦးဆုံး ကစားသမားဖြစ်ရန် အလားအလာကောင်းသွားခဲ့ပြီဖြစ်သည်။

ဇက်ကိုမှာ ရိုးမားသို့ မပြောင်းရွှေ့မီ မန်စီးတီးနည်းပြ မန်စီနီနှင့် ပယ်လီဂရီနီတို့လက်ထက်တွင် ပွဲထွက်ခွင့်နည်းပါးသည့် တိုက်စစ်မှူးဖြစ်ခြင်းကြောင့် သူ၏ စွမ်းဆောင်ရည်အပေါ် အမြဲမေးခွန်းထုတ်ခံခဲ့ရသည်။

## အစ္စကိုအား စာချုပ်သစ် လက်မှတ်ရေးထိုးရန် ဇီဒန်းတိုက်တွန်း

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ကွင်းလယ်လူ အစ္စကိုမှာ ရီးယဲလ်အသင်း၏ အရေးကြီးဆုံး ကစားသမားတစ်ဦးဖြစ်သောကြောင့် ကလပ်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံရန် တိုက်တွန်းစကားဆိုလိုက်သည်။ အစ္စကိုနှင့် ရီးယဲလ်တို့ ချုပ်ဆိုထားသည့်စာချုပ်မှာ လာမည့် ၂၀၁၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စပိန်မှလာသော သတင်းရင်းမြစ်များကမူ အစ္စကိုအနေဖြင့် ဘာစီလိုနာသို့ အံ့အားသင့်ဖွယ်ရာ ပြောင်းရွှေ့လိမ့်မည်ဟု ဖော်ပြခဲ့ကြသည်။

အစ္စကိုက ယခုထက် ပွဲထွက်ကစားခွင့်ရလိုသည့် သူ၏ ဆန္ဒကို အစောပိုင်းကတည်းက အကြိမ်ကြိမ် ဖော်ပြခဲ့ဖူးပြီး အလာဗက်စ်နှင့် ပွဲစဉ်တွင် သူ့အတွက် ယခုနှစ်ဘောလုံးရာသီ လာလီဂါ ၁၄ ပွဲမြောက်အဖြစ် ဝင်ရောက်ကစားခဲ့သည်။ အစ္စကိုသည် အလာဗက်စ်နှင့် ပွဲစဉ်တွင် အားပါးသည့်ကန်ချက်ဖြင့် ရီးယဲလ်အတွက် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် လိဂ်ပွဲ ခြောက်ပွဲတွင် ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

# ၂၀၁၇ ခုနှစ်အတွင်း ပြင်သစ်အိုးပင်းမှ လွဲ၍ မည်သည့်မြေစေးကွင်းပြိုင်ပွဲကိုမျှ ယှဉ်ပြိုင်မည်မဟုတ်ဟု ဖက်ဒဲရာ အတည်ပြု

ဆွစ်တင်းနစ်အကျော်အမော် ရိုဂျာ ဖက်ဒဲရာက ၂၀၁၇ ခုနှစ်အတွင်း ပြင်သစ်အိုးပင်းပြိုင်ပွဲမှလွဲပြီး ဘယ်မြေစေးကွင်းအမျိုးအစား တင်းနစ်ပြိုင်ပွဲများကိုမျှ ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဧပြီ ၂ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် မိုင်ယာမီအိုးပင်း ဗိုလ်လုပွဲတွင် ဖက်ဒဲရာက ပြိုင်ဘက် ရာဖေးလ်နာဒဲလ်ကို ၆-၃၊ ၆-၃ဖြင့် အနိုင်ယူကစားပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖက်ဒဲရာသည် မြေမာနှင့် မြက်ခင်းကွင်း တင်းနစ်ပြိုင်ပွဲအမျိုးအစားတို့တွင် လက်စွမ်းထက်သည့် ကစားသမားဖြစ်သော်လည်း ၂၀၀၉ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်မှလွဲ၍ ထူးခြားသည့် မြေစေးကွင်းစွမ်းဆောင်ရည်မျိုး ပြသနိုင်ခြင်းမရှိခဲ့ဘဲ မြေစေးကွင်းတွင် နောက်ဆုံးဗိုလ်စွဲခဲ့သည်မှာ ၂၀၁၅ အစ္စတန်ဘူလ်အိုးပင်းပြိုင်ပွဲ၌ ဖြစ်သည်။



ထို့ကြောင့်ယခုကဲ့သို့ မြေစေးကွင်းပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မှုကို ကန့်သတ်လိုက်ခြင်းဖြင့် မွန်တီကာလိုမာစတာ၊ ဘာစီလိုနာအိုးပင်း၊ ဟန်ဂေရီယန်အိုးပင်း၊ မက်ဒရစ်အိုးပင်းနှင့် အစ္စတန်ဘူလ် အိုးပင်းတို့တွင် ဖက်ဒဲရာ ဝင်ရောက်ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုနိုင်မယ့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ပြီဖြစ်သည်။ ဖက်ဒဲရာက ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒုတိယရာသီဝက်တွင် ဒူးဒဏ်ရာကြောင့် ရာသီလက်ကျန်ပွဲစဉ်များ အားလုံးကို လွဲချော်ခဲ့ပြီးနောက် ဩစတြေးလျအိုးပင်းရောက်မှသာ ပြန်လည် ယှဉ်ပြိုင်နိုင်ခဲ့သည်။ သူသည် ၂၀၁၇ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်းနှင့် အင်ဒီယန်ဝဲလ်တို့တွင် ဗိုလ်စွဲခဲ့ပြီးနောက် မိုင်ယာမီအိုးပင်းချန်ပီယံဆုကို ထပ်မံရယူနိုင်ခဲ့ရာ ၂၀၁၇ ခုနှစ်အစမှာပင် ဖလားသုံးလုံး ရယူနိုင်ခဲ့ပြီးဖြစ်သည်။

## ကြော်ငြာ

**Asia Top** သကြီးနိုခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ

▲မန်းရွှေစက်တော်နှင့် ကျောင်းတော်ရာ၊ စက္ကိန်းတဲ၊ နဂါးပွက်၊ မကွေးမြသလွန်၊ ပြည်(လမ်းဘုရားစုံ)

▲မန်းရွှေစက်တော်နှင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သိဟိုဠ်ရှင်၊ ရွှေကူ(တကဲတော်)

▲မန်းရွှေစက်တော်နှင့် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်

▲မန်းရွှေစက်တော်နှင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်

▲အလောင်းတော်ကဿပ(သီးသန့်)၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်

▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ၊ မိန်းမရဲတောင် (ဆက်၍) လွိုင်ကော်

▲ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မြောက်ရစ်၊ ကျိုက်ခမီ၊ စက်ခဲ။ April 12,17,22 ထွက်မည်

(ခရီးစဉ်တိုင်း-တည်းခိုခန်းတည်း၊ ထမင်းကျွေး၊ တစ်ဆင့်သွားခများ စရိတ်ငြိမ်း)

09 43164118, 09 421099574, 09 8635520 ကားမျိုးစုံစီးလုံးငှားသည်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
( ၇ / ၂၀၁၇ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(17-18) | Redress Kit, Casing Packer, Shifting Tool & Sliding Sleeve (6) Items | Ks |
| (၂) | DMP/L-002(17-18) | OTECO Gate Valves and Spares for Rig Pumps (16) Items | Ks |
| (၃) | DMP/L-003(17-18) | 2", 3" & 4" Pipe Fitting (13) Items | Ks |
| (၄) | DMP/L-004(17-18) | Welding Electrode (6) Items | Ks |
| (၅) | DMP/L-005(17-18) | Steel Wire Rope for Oil Field Truck (2) Items | Ks |
| (၆) | DMP/L-006(17-18) | 2" Oteco Pressure Relief Valves (PRV Type), Thread End (2) Nos | Ks |
| (၇) | DMP/L-007(17-18) | Foreign Bentonite (500) Tons | Ks |
| (၈) | DMP/L-008(17-18) | Steel Helmet (2000) Nos | Ks |
| (၉) | DMP/L-009(17-18) | A3 Digital Multifunction Copier | Ks |
| (၁၀) | DMP/L-010(17-18) | 18 R 22.5 x 18 PR Tyre Tubeless (12) Sets | Ks |
| (၁၁) | DMP/L-011(17-18) | Assorted Sizes of PDC Bits (2) Items | Ks |
| (၁၂) | DMP/L-012(17-18) | 5 1/2" Change Nipple (2) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၂-၅-၂၀၁၇) ရက်နေ့ ( ၁၆း၃၀ ) နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း ၊ ၀၆၇ - ၄၁၁၂၀၆ / ၄၁၁၂၇၄

## လက်ထပ်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဗိုလ်မှူးကြီးငွေအောင်(ငြိမ်း)၊ အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန-ဒေါ်ခင်သူဇာသန့်တို့၏သားကြီး

**မောင်ပြည့်ဖြိုးသန့်**
**B.A (English)**
**ဒု-လေယာဉ်မှူးကြီး (APEX AIRLINES)**

နှင့်

ရန်ကုန်မြို့နေ ဦးညီညီလှိုင်(ခ)ညောင်ညောင်-ဒေါ်ကျင်သက်ဦးတို့၏ တစ်ဦးတည်းသော သမီး

**မခန့်ခန့်ခင်ဦးလှိုင်**
**B.A(English)**
**CABIN CREW (GOLDEN MYANMAR AIRLINES)**

တို့၏ ၁၂-၂-၂၀၁၇ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးဒေါ်တင်မြ၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ သယ်န်းကျွန်းမြို့နယ်၊ ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ (၂-၄-၂၀၁၇)ရက်တွင် **NOVOTEL Yangon Max Hotel (Yangon Ballroom)**၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေနှင့်ဇနီးတို့အားလည်းကောင်း၊ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးတို့အားလည်းကောင်း၊ ဗိုလ်ချုပ်ကြီး(ငြိမ်း) သီဟသူရမဟာသီရိသုဓမ္မတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၏ဇနီး၊ မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး စိုးမောင်(ငြိမ်း)နှင့်ဇနီး၊ သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)နှင့် ဇနီးတို့အားလည်းကောင်း၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်ဇနီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာအခါပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော မင်္ဂလာတေးသံသာ ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မခင်မီကျော်ဆန်း၊ မင်္ဂလာပန်းကုံးဗန်းကိုင် မအိမ့်မှူးပန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မခင်မြတ်နိုးထွဋ်၊ မင်္ဂလာသတို့သားအရံ မောင်ဉာဏ်ထက်ဝင်းနှင့် မောင်ထက်အောင်၊ မင်္ဂလာသတို့သမီးအရံ မကြည်ဖြူဖြူနိုင်နှင့် မဇာခြည်မင်းနိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော **"Precious Gems & Jewellery"** ၊ "သဇင်ရတနာ" လက်ဝတ်ရတနာဆိုင်၊ "စိန်သရဖူ"လက်ဝတ်ရတနာဆိုင်တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးပေးပါသော မိတ်ကပ်ဒီဇိုင်ဘာနှင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုစိုးဝေနှင့်အဖွဲ့၊ **(Kulala Photography)**ကိုသီဟနှင့်အဖွဲ့၊ ကိုနိုင်လင်း **(Visual Arts)**တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးပါသော ကိုမင်းသက်စံ**(Sweet & Smart Fashion)**အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအလှဆင်ပေးပါသော **(Eternal Flowers & Signature Wedding Planning)** အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ပြည့်ဖြိုးသန့်-မခန့်ခန့်ခင်ဦးလှိုင်**

**uJDebpyif pdyfuvdif pGtifvnf& jynfvnfvS**

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန် အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလ လုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့် ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစား ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

၃၀၆၃

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၅၄၂,၂၇၈ | | ၂၈,၈၆၅,၉၅၆ | | ၁၁,၀၁၄,၉၃၅ | ၁၃၄,၆၀၀ | | | | | | ၄၀,၅၅၇,၇၆၉ |
| | ပေါင်း | | ၅၄၂,၂၇၈ | | ၂၈,၈၆၅,၉၅၆ | | ၁၁,၀၁၄,၉၃၅ | ၁၃၄,၆၀၀ | | | | | | ၄၀,၅၅၇,၇၆၉ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅,၈၅၇,၀၆၅ | | ၁၁,၀၁၄,၉၃၅ | ၂,၈၀၃,၄၄၇ | | | | | ၃၉,၆၇၅,၄၄၇ |
| | ပေါင်း | | ၂၅,၈၅၇,၀၆၅ | | ၁၁,၀၁၄,၉၃၅ | ၂,၈၀၃,၄၄၇ | | | | | ၃၉,၆၇၅,၄၄၇ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၇၉၂,၁၃၉,၀၈၅ | | | | | | ၃,၉၅၇,၉၀၀ | | | ၇၉၆,၀၉၆,၉၈၅ |
| | ပေါင်း | | | | ၇၉၂,၁၃၉,၀၈၅ | | | | | | ၃,၉၅၇,၉၀၀ | | | ၇၉၆,၀၉၆,၉၈၅ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၄၃,၂၂၂,၅၇၉ | | | ၂,၆၇၀,၂၄၆ | | | | | ၃၄၅,၈၉၂,၈၂၅ |
| | ပေါင်း | | ၃၄၃,၂၂၂,၅၇၉ | | | ၂,၆၇၀,၂၄၆ | | | | | ၃၄၅,၈၉၂,၈၂၅ |

## ကျေးလက်ရေပေးရေးဖွင့်ပွဲကျင်းပ

**မုဒုံ ဧပြီ ၃**
မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သောအခွန်ကျေးရွာ ရေပေးရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်တွင်ကျင်းပခဲ့သည်။ ဖွင့်ပွဲသို့ မွန်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသီဂီမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းက ဖွင့်ပွဲအထိမ်းအမှတ် အလံအား ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရေပေးရေး (မြေသားရေကန်) လုပ်ငန်းကို တင်ဒါအောင် ကုမ္ပဏီဖြစ်သည့် အောင်A2ကြယ် ကုမ္ပဏီမှ သိန်း ၁၂၀ အကုန်ကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၃ ဒသမ ၇၅ ဧက ကျယ်ဝန်းပြီး အနက် ရှစ်ပေရှိသော မူလရေကန်အားအနက် ငါးပေ ထပ်မံတူးဖော်ကာ ကန်ပေါင်မြှင့်တင်ထားခြင်းဖြစ်သည်။ အခွန်ကျေးရွာသည် ယခင်နှစ်များတွင် နွေရာသီ၌ သောက်သုံးရေမလုံလောက်သဖြင့် ပြင်ပအလှူရှင်များ၊ ဌာနဆိုင်ရာများမှ ကားဖြင့် သောက်သုံးရေများ ပေးဝေခဲ့သည်။ ထိုကဲ့သို့ သုံးရေဂါလန် ၁၀ သန်းခန့်ဆံ့သော မြေသားရေကန် တူးဖော်ခြင်းဖြင့် ယခုအခါ သောက်သုံးရေ လုံလောက်စွာရရှိ တော့မည်ဖြစ်သောကြောင့် ကျေးရွာသူကျေးရွာသားများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

## ကျေးလက်လမ်းတံတား လျာထားလုပ်ငန်းများ ကွင်းဆင်းတိုင်းတာ

**မြင်းမူ ဧပြီ ၃**
၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ကျေးလက်လမ်းတံတား လုပ်ငန်းများ လျာထားဆောင်ရွက်နိုင်ရေးအတွက် မြင်းမူမြို့နယ် ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများသည် ဧပြီ ၂ ရက်က ရွှေကျောင်းကန်-သာယာအေး (၁/၀ မိုင်× ၁၂ပေ×၉လက်မ)ကျောက်ချောလမ်း စံတင်းကင်း -အလကပ္ပ - တောချောင်းဦးလမ်း ရွှေယင်းမာ လမ်းခွဲ (၂/၅ မိုင် × ၁၈ပေ ×၄လက်မ) ဂျင်းလမ်းကုန်းရွာ - ရွှေယင်းမာ (၁/၀ မိုင်× ၁၈ပေ × ၄လက်မ ဂျင်းလမ်းပဲတောင်း- ကင်းလေးတော (၂/၀× ၁၈ပေ×၂လက်မ)မြေသား လမ်းဂျင်း ၂လက်မ ညောင်ပင်ကန် - စိုင်မြစ် (၀/၅. ၅ မိုင် × ၁၈ပေ×၂လက်မ) မြေသားလမ်းဂျင်း ၂လက်မ တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

(၆၂၄)

❖

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဆွေးနွေး

**သန်လျင် ဧပြီ ၃**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၉ ရွာမှ တွေ့ကြုံရသော အခက်အခဲများ၊ စိန်ခေါ်မှုများ ၊ အကြံပြုသုံးသပ်ဆွေးနွေးပွဲကို မတ် ၂၇ ရက်က တောင်ပိုင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီဝင်များ၊ သန်လျင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

# လာမယ့်မေလအတွင်း လက်ထပ်ကြတော့မယ့် ဂျူဆန်ဝတ်နဲ့ ချာယေယွန်း

တောင်ကိုရီးယားရဲ့အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဂျူဆန်ဝတ်နဲ့ မင်းသမီး ချာယေယွန်းတို့ရဲ့မင်္ဂလာပွဲကိုလည်း ယခုနှစ်အတွင်းကျင်းပသွားတော့မှာဖြစ်ပါတယ်။ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ သူတို့နှစ်ဦးဟာ မကြာသေးမီက နှစ်ဖက်မိဘတွေ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးတဲ့နောက်မှာ လက်ထပ်ပွဲအခမ်းအနားကို လာမယ့်မေလအတွင်း ကျင်းပသွားဖို့ သဘောတူလိုက်ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၉ ရက်မှာ မင်းသား ဂျူဆန်ဝတ်က ပရိသတ်တွေအတွက် အံ့သြဖွယ် မင်္ဂလာသတင်းကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် သယ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ ဂျူဆန်ဝတ်က သူ့ရဲ့လက်ထပ်တော့မယ့် သတင်းနဲ့အတူ သတို့သမီးလောင်းအပေါ်မှာထားရှိတဲ့ ခံစားချက်တွေကို ရေးသားဖော်ပြခဲ့ကာ သူတို့ စုံတွဲရဲ့ ဓာတ်ပုံတွေကိုလည်း ပူးတွဲဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဂျူဆန်ဝတ်က "ကျွန်တော့်ရဲ့ တလှပ်လှပ်ခုန်နေတဲ့ နှလုံးသားအကြောင်းကို ကျွန်တော့်ရဲ့ ပရိသတ်တွေကို ကိုယ်တိုင်ပြောပြချင်တဲ့အတွက် ဒီစာကိုရေးခဲ့တာပါ။ ပထမဆုံးအနေနဲ့ ပရိသတ်တွေကို ဒီထက်စောစောအသိမပေးနိုင်ခဲ့လို့ ကျွန်တော်တောင်းပန်ပါတယ်" လို့ ပရိသတ်တွေအတွက် ရေးသားဖော်ပြခဲ့ပါတယ်။ ဆက်လက်ပြီး သူက ချာယေယွန်းနဲ့ ပတ်သက်ပြီး "ကျွန်တော်တို့နှစ်ယောက်ဟာ ကိုယ်ပိုင်ခံစားချက်တွေသေချာပြီလားဆိုတာ အတည်ပြုဖို့ အချိန်သိပ်ကြာကြာမယူခဲ့ရပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း ကျွန်တော့် အကြောင်းကို အမြဲတွေးနေတဲ့၊ ကျွန်တော့်ကို အမြဲဂရုစိုက်တတ်တဲ့မိန်းကလေးနဲ့ အဆုံးတိုင် လက်တွဲသွားဖို့ သေချာနေပါပြီ။ ကျွန်တော့်ဘဝရဲ့ အချိန်တိုင်းမှာ ပျော်ရွှင်မှုတွေကို ဖန်တီးဖို့ အတွက် ကျွန်တော်အတတ်နိုင်ဆုံးနဲ့ အရိုးသားဆုံး၊ အကျိုးနွံဆုံးကြိုးစားသွားမှာပါ။ သရုပ်ဆောင်ကောင်းတစ်ယောက်အဖြစ်နဲ့ရော ခင်ပွန်းကောင်းတစ်ယောက်အဖြစ်နဲ့ပါ အကောင်းဆုံးလုပ်ဆောင်သွားမှာပါ"လို့ ရေးသားထားတာတွေ့ရပါတယ်။

ဒါ့အပြင် အားပေးကြတဲ့ ပရိသတ်တွေအတွက် အထူးကျေးဇူးတင်ကြောင်းနဲ့ ဆက်လက် အားပေးသွားကြဖို့လည်း တိုက်တွန်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ချာယေယွန်းကတော့ မကြာသေးမီက ကျင်းပသွားတဲ့ အနုပညာရှင်တစ်ဦးဖြစ်တဲ့ ဘာဒါရဲ့ လက်ထပ်ပွဲအခမ်းအနားမှာ သတို့သမီးရဲ့ မင်္ဂလာပန်းစည်းကို ရအောင်ဖမ်းယူထားနိုင်ခဲ့သူဖြစ်ပြီး မကြာမီမှာတော့ သူ့ရဲ့မင်္ဂလာပွဲကို ဆင်နွှဲခွင့်ရတော့မှာ ဖြစ်ပါတယ်။ လတ်တလောမှာ ပျော်ရွှင်နေတဲ့ ချာယေယွန်းက အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကြောင့် မအားလပ်နိုင်တဲ့အကြားက မင်္ဂလာပွဲကို အချိန်ပေးကာ ကျင်းပပေးခဲ့တဲ့ ဂျူဆန်ဝတ်ရဲ့ လုပ်ဆောင်ချက်အပေါ် ပျော်ရွှင်ကျေနပ်နေကြောင်းလည်း သိရပါတယ်။

သတင်းရင်းမြစ်အချို့ရဲ့ ထုတ်ဖော်ပြောကြားချက်အရ အဆိုပါကြယ်ပွင့်စုံတွဲဟာ မင်္ဂလာဓာတ်ပုံကိုတော့ လက်ထပ်ပွဲအခမ်းအနားမတိုင်မီ နိုင်ငံခြားမှာ သွားရောက်ရိုက်ကူးဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။


ပြီးခဲ့တဲ့ ၁၉၉၈ ခုနှစ်အတွင်း အနုပညာလောကထဲ စတင်ဝင်ရောက်လာခဲ့တဲ့ ဂျူဆန်ဝတ် ဟာ သူ့ရဲ့ဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်ကြောင့်လည်း အထူးကျော်ကြားသူတစ်ဦးဖြစ်ကာ သရုပ်ဆောင်တစ်ဦးအဖြစ် မကျော်ကြားမီက မော်ဒယ်လ်တစ်ဦးအဖြစ် လှုပ်ရှားခဲ့တဲ့ ချာယေယွန်းနဲ့ "Glamorous Temptation"ဇာတ်လမ်းတွဲရုပ်ရှင်ရိုက်ကူးစဉ် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နောက်ပိုင်းမှာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့ကြတာဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကျင်းပမယ့် ရက်အတိအကျနဲ့ နေရာကိုတော့ လတ်တလော အချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေမယ့် လာမယ့်မေလအတွင်းမှာတော့ တောင်ကိုရီးယားရဲ့ ကြယ်ပွင့်မောင်နှံနှစ်ဦး ထပ်မံပေါ်ပေါက်လာတော့မှာ အသေအချာပင် ဖြစ်ပါကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။




အေးပြည့် ရေးသားသည်

# ဟယ်ရီစတိုင်၏တေးသီချင်းသစ် ထုတ်လွှင့်မည့်ရက်ကြေညာ



တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်တန့်ကာ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ တစ်ကိုယ်တော်တေးဂီတသစ်တွေကို ပရိသတ်ဆီအရောက်ပို့ပေးခဲ့တဲ့ "One Direction"ရဲ့ နောက်ထပ်အဖွဲ့ဝင်တစ်ဦးကတော့ ဟယ်ရီစတိုင်ပဲ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ဟယ်ရီစတိုင်ဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းသစ် စတင်ထုတ်လွှင့်မယ့်ရက်ကို တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၃၁ ရက်မှာတော့ ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်က "One Direction"ပရိသတ်အများစောင့်စားနေခဲ့တဲ့ သူ့ရဲ့တေးသီချင်းသစ်နဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဟယ်ရီစတိုင်ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ကို လာမယ့် ဧပြီ ၇ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး "Sign of the Time"လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

တေးသီချင်းသစ်ထုတ်လွှင့်မယ့်ရက်နဲ့အတူ ဟယ်ရီစတိုင်က သူ့ရဲ့ဓာတ်ပုံတစ်ပုံကိုလည်း လူမှုကွန်ရက်မီဒီယာပေါ်မှာ တွဲဖက်ဖျော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံမှာ ဟယ်ရီစတိုင်ဟာ ရေထဲမှာထိုင်နေရင်းက အနီရောင်ကောင်းကင်ကြီးကို ငေးနေရာ သူ့ရဲ့ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးဟာ ရေထဲမှာ မြုပ်နေပြီး ဟယ်ရီရဲ့ နောက်ကျောဘက်က ရိုက်ကူးထားတဲ့ ဓာတ်ပုံဖြစ်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။

ဟယ်ရီစတိုင်ကတော့ တစ်ကိုယ်တော်တေးသီချင်းနဲ့ပတ်သက်ပြီး မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံကြော်ငြာတစ်ခုမှာ အရိပ်အမြွက်ပြောကြားခဲ့တာကြောင့် ပရိသတ်တွေက ဟယ်ရီကို တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် မြင်တွေ့ဖို့ရာ စိတ်လှုပ်ရှားရင်ခုန်နေခဲ့ကြကာ လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြောကြားလာတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။ ယင်းတေးသီချင်းသစ်ကို လာမယ့်ဧပြီ ၁၅ ရက်မှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Light"မှာ ဟယ်ရီကိုယ်တိုင် တိုက်ရိုက်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး အစီအစဉ်တင်ဆက်သူ ဂျင်မီဖေလန်းက ဟယ်ရီရဲ့ ဖျော်ဖြေမှုကိုကြည့်ရှုရဖို့အတွက် သူကိုယ်တိုင်ပင် အထူးစိတ်လှုပ်ရှားမိနေကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဧပြီ ၁၅ ရက်မှာ ရုပ်သံမှ ထုတ်လွှင့်ပြသသွားမယ့် ဟယ်ရီရဲ့တေးသီချင်းဖျော်ဖြေမှုဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း "One Direction"ရဲ့ တေးဂီတလောကမှ ခေတ္တအနားယူတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်ပိုင်း အဖွဲ့ဝင်တွေရဲ့ ပထမဆုံးသော တေးသီချင်းသစ်နဲ့ ဖျော်ဖြေခဲ့တဲ့ရုပ်သံဖျော်ဖြေမှုဖြစ်လာမှာ ဖြစ်ပါတယ်။

"One Direction" အဖွဲ့ဝင်တွေဟာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကနေ ခေတ္တအနားယူတော့မှာဖြစ်ကြောင်း ပြောကြားခဲ့ပြီးတဲ့နောက် တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် တေးဂီတလှုပ်ရှားမှုတွေကို ပြုလုပ်လာခဲ့ကြပါတယ်။ လတ်တလော စတင်လာတဲ့ ဟယ်ရီစတိုင်ရဲ့ တစ်ကိုယ်တော်လှုပ်ရှားမှုဟာ သူ့ရဲ့အခြားသောအဖွဲ့ဝင်အချို့ထက်တော့ နောက်ကျနေခဲ့တာဖြစ်ပါတယ်။ ဟယ်ရီစတိုင်ထက်ဦးစွာ တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ကြတဲ့ သူတွေကတော့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်နဲ့ လက်ရှိအဖွဲ့ဝင်တစ်ဦးဖြစ်သူ နီးလ်ဟော်ရန်တို့ပဲ ဖြစ်ကြပါတယ်။ ဇေမာလိခ်ကတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလှုပ်ရှားမှုတွေကို ခပ်စိပ်စိပ် လုပ်ဆောင်လာတာကိုတွေ့ရပြီး တစ်ကိုယ်တော်တေးအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ "Mind To Mine" ကိုလည်း ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ကာ ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှာလည်း ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့တွဲဖက်ကာ "Fifty Shades Darker"ရုပ်ရှင်အတွက် ခေါင်းစီးတေး "I Don't Wanna Live Forever" ကို ဖန်တီးခဲ့ပါတယ်။ နီးဟော်ရန်ကတော့ တစ်ကိုယ်တော်တေးသီချင်းသစ် "This Town"ကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တာဖြစ်တာကြောင့် ဟယ်ရီစတိုင်ကတော့ တတိယမြောက် တစ်ကိုယ်တော်တေးသံရှင်အဖြစ် မြင်တွေ့ရမယ့်သူဖြစ်လာခဲ့ပါတယ်။

ကျန်ရှိနေတဲ့ "One Direction"အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းဟာ လတ်တလောမှာ ဖခင်ဘဝကိုရောက်ရှိလာခဲ့ပြီဖြစ်တာကြောင့် မိသားစုအရေးတွေနဲ့ အလုပ်များနေတဲ့ အကြားက တစ်ကိုယ်တော်တေးသီချင်းအတွက်လည်း ပြင်ဆင်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။ နောက်ဆုံးသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လူးဝစ်တွမ်လစ်ဆန်ကတော့ သားလေးဖရက်ဒ်ဒီကို ပိုင်ဆိုင်ခွင့်ရခဲ့ကာ စုံတွဲတေးသီချင်းတစ်ပုဒ်ကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ပြီးနောက် လတ်တလောမှာ တစ်နှစ်ကျော်အရွယ်ရှိပြီဖြစ်တဲ့ ဖရက်ဒီနဲ့သာ အချိန်တွေကုန်ဆုံးနေပါတယ်။ မကြာသေးမီက လူးဝစ်ရဲ့မိခင်ဖြစ်သူ ကွယ်လွန်သွားခဲ့တာကြောင့် မိခင်အတွက်အမှတ်တရဖြစ်စေဖို့ လူးဝစ်က ရုပ်သံအစီအစဉ်တစ်ခုမှတစ်ဆင့် တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတစ်ခုကို ပြုခဲ့ကြောင်းလည်း သိရပါတယ်။

တစ်ကိုယ်တော် တေးသံရှင်အဖြစ် ရပ်တည်ဖို့ ကြိုးစားနေရင်းက တစ်ဖက်မှာလည်း စိတ်ပူပန်မှုတွေရှိနေကြောင်း ဟယ်ရီစတိုင်နဲ့ ရင်းနှီးသူတစ်ဦးက သူ့ရဲ့လက်ရှိခံစားချက်နဲ့ပတ်သက်ပြီး ဖွင့်ဟပြောကြားလာခဲ့တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ အသက် (၂၃)နှစ်ရှိပြီဖြစ်တဲ့ ဟယ်ရီစတိုင်က သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ကို ထုတ်လွှင့်ဖို့စိတ်လှုပ်ရှားနေပြီး တစ်ချိန်တည်းမှာ ဝယ်ယူအားပေးမယ့်သူမရှိမှာကိုလည်း စိုးရိမ်စိတ်ဖြစ်နေကြောင်းသိရပါတယ်။

ဟယ်ရီစတိုင်ဟာ တစ်ကိုယ်တော်တေးသီချင်းတွေကို ဖန်တီးနေရင်းက တစ်ဖက်မှာလည်း သူ့ရဲ့အနုပညာနယ်ပယ်ကို ချဲ့ထွင်လာခဲ့ပါတယ်။ "One Direction" မှာ အသက်အငယ်ဆုံးသော အဖွဲ့ဝင်ဖြစ်တဲ့ ဟယ်ရီစတိုင်ဟာ သရုပ်ဆောင်နယ်ပယ်ဘက်ကိုလည်း ခြေလှမ်းလာခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ဟယ်ရီစတိုင်ဟာ ဒုတိယကမ္ဘာစစ်ကို နောက်ခံထားတဲ့ ရုပ်ရှင် "Dunkirk"မှာ ခရစ်စတိုဖာနော်လန်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ယင်းရုပ်ရှင်မှာ ဟယ်ရီနဲ့အတူ အခြားသော ဟောလိဝုဒ်နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ တွမ်ဟာဒီ၊ မာ့ခ်ရိုင်လန့်စ်နဲ့ ကန်းနိသ်ဘရန်နက်တို့လည်း ပါဝင်သရုပ်ဆောင်ထားကာ ယင်းရုပ်ရှင်ကို လာမယ့် ဇူလိုင် ၂၁ ရက်မှ စတင်ကာ အမေရိကန်နိုင်ငံတစ်ဝန်း ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုက်ကြီးမြို့နယ်အတွင်း မြေလျောင်သင့် သာသနိက အဆောက်အအုံများအတွက် အလှူငွေပေးအပ်

**တိုက်ကြီး မေ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မတ် ၁၃ ရက်ည ၈ နာရီ ၄၉ မိနစ်ခန့်က တိုက်ကြီးမြို့ အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာကို ဗဟိုပြုလျက် ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိအင်အားရှိသော မြေငလျင်လှုပ်ခတ်ခဲ့သောကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက တိုက်ကြီးမြို့ ပြည်သဒ္ဒမ္မဇောတိကာရုံ စာသင်တိုက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ထို့နောက် တိုက်ကြီးမြို့နယ် ငလျင်သင့် သာသနိက အဆောက်အအုံများအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၂၆၇ သိန်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းလှူဒါန်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်မှ လက်ခံရယူသည်။

"ဘုန်းကြီးတို့မြို့နယ်မှာ ငလျင်ဒဏ်သင့် သာသနိက အဆောက်အအုံတွေကို သာသနာရေးဦးစီးဌာနက လာလှူတာကို သာသနာချီးမြှောက်ရာကြလို့ အင်မတန်မှဝမ်းသာပါတယ်။ ပျက်စီးသွားတဲ့အဆောက်အအုံတွေအတွက် ပြုပြင်ဖို့ တစ်စိတ်တစ်ဒေသ အထောက်အပံ့ရတာပေါ့။ ဘုန်းကြီးတို့လည်း သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းပြီး စနစ်တကျခွဲဝေပေးမှာပါ" ဟု မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကောဝိဒက မိန့်ကြားသည်။

အခမ်းအနားသို့ ငလျင်ဒဏ်သင့် ကျောင်းတိုက်များမှ သံဃာတော်ဆရာတော်များ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်၊ မြို့နယ်သာသနာရေးမှူး ဦးမျိုးသူရ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် မြို့မိ မြို့ဖများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သာသနနုဂ္ဂဟအသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## (၁၃) ကြိမ်မြောက် အလှစွန်လွှတ်ပွဲတော်နှင့် စွန်ဖြတ်ပြိုင်ပွဲကျင်းပ



**ရန်ကုန် မေ ၃**

မြန်မာ့ရိုးရာအားကစားနည်း မတိမ်ကောမပပျောက်စေရန်နှင့် ဆန်းသစ်ခေတ်မီသော စွန်အလှများဖြင့် အပြည်ပြည်ဆိုင်ရာ စွန်ပွဲတော်များသို့ သွားရောက်နိုင်စေရန် ဆိုသည့်အတိုင်း ရှေးခေတ်အခါမှ စတင်ကစားခဲ့ကြတာနှင့်အညီ စွန်အလှများကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်စေရန် စွန်အလှပညာရှင်များအနေဖြင့် တစ်နှစ်နှင့် တစ်နှစ်ပိုမို ဆန်းသစ်လှပသေသပ်သော စွန်အလှများ ပြုလုပ်စေခြင်းဖြင့် ပြိုင်ပွဲကို ဖော်ထုတ်ပေးရန် ရည်ရွယ်၍ (၁၃) ကြိမ်မြောက် အလှစွန်လွှတ်ပွဲတော်နှင့် စွန်ဖြတ်ပြိုင်ပွဲကို မေ ၁ ရက် ညနေ ၅ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ ကျိုက္ကဆံကွင်းရှိ ဘော့စ်ဘောကွင်း၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် နှစ်စဉ်နှစ်တိုင်း ယခင်နှစ်ထက် ပြိုင်ပွဲဝင်အားကစားသမားများ ပိုမိုများပြားလာသဖြင့် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၇၅ ဦးတို့သည် မေ ၈ ရက်အထိ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရိုးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အလှစွန်နှင့် စွန်ဖြတ်ဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြေးမုံ**

## သတ်မှတ် ထီဈေးနှုန်းအတိုင်းသာ ရောင်းချရမည်ဖြစ်ပြီး ကိုယ်စားလှယ်များ တွက်ခြေကိုက်မှုမရှိပါက နိုင်ငံတော်အနေဖြင့် ထီရောင်းချမှုအခြားနည်းလမ်းများကို စဉ်းစားသုံးသပ်မည်

**ရန်ကုန် မေ ၃**

၅၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ် ရောင်းချမှုတွင် ထီလက်မှတ်ပေါ်ပါ ဈေးနှုန်းအတိုင်းသာ ရောင်းချရန် ဆက်လက် ကြပ်မတ်သွားမည်ဖြစ်ပြီး ထီအရောင်းကိုယ်စားလှယ်များအနေဖြင့် ယင်းသို့သတ်မှတ်မှုအပေါ် တွက်ခြေကိုက်မှုမရှိဘဲ ရောင်းချနိုင်ခြင်းမရှိပါက နိုင်ငံတော်အနေဖြင့် ထီရောင်းချမှု အခြားသော နည်းလမ်းများကို စဉ်းစားသုံးသပ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိမ်းဆည်းဌာနခွဲမှ ညွှန်ကြားရေးမှူးဦးထွန်းထွန်းအောင်က ကြေးမုံသတင်းစာနှင့် သီးခြားတွေ့ဆုံစဉ် ပြောကြားသည်။

မေ ၁ ရက်တွင် ပထမဦးဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့သည့် တစ်ကြိမ်မြောက် ၅၀၀ ကျပ်တန် အောင်ဘာလေထီဖွင့်ပွဲတွင် အမြင့်ဆုံးဆုကြေး ကျပ်သိန်း ၁၀၀၀၀ ချီးမြှင့်ခြင်းနှင့်အတူ အောင်ဘာလေထီအပေါ် အများပြည်သူများ စိတ်ဝင်စားမှုရှိလာသော်လည်း ထီဈေးကွက်တွင် ကိုယ်စားလှယ်အဆင့်ဆင့်ထံမှ ဝယ်ယူကံစမ်းကြရာတွင် သတ်မှတ်ဈေးနှုန်းထက် ပိုမိုပေးနေရမှု အပေါ်ဝေဖန်မှုများဖြစ်ပေါ်နေကြောင်း ထီဈေးကွက်အတွင်းမှ သိရသည်။

"အခုတွေ့ကြုံနေရတဲ့ ထီနဲ့ပတ်သက်ပြီး ပြဿနာတွေက နိုင်ငံတော်က သတ်မှတ်ထားတဲ့ လက်မှတ်မှာပါတဲ့ ရောင်းဈေးထက်ပိုပြီးတော့ ဈေးကြီးပေးပြီးတော့ ဝယ်ပြီး ထိုးရတဲ့ ပြဿနာကို ဒါကိုလည်း အထူးအလေးထားပြီးတော့ ထီလက်မှတ်မှာပါတဲ့ ဈေးနှုန်းအတိုင်းပဲ ထိုးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်ပြီးတော့လည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ထီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးမှာကြားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၁၀ စောင်မှာ တစ်စောင်ကို ပေးထားပြီးတော့ ထိုက်တန်တဲ့ ထိုက်သင့်တဲ့ဟာကို ပေးပြီးဖြစ်တဲ့အတွက် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းဖို့ ကြပ်မတ်သွားဖို့ရှိပါတယ်" ဟု မေ ၁ ရက်က ပြုလုပ်ခဲ့သည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က "မြန်မာပြည်မှာ လူဦးရေ ၅၁ သန်းရှိတယ်ဆိုရင် ထီရောင်းချတဲ့ လူဦးရေကို တွက်ကြည့်မယ်ဆို ရင် ငါးသိန်း၊ အလွန်ဆုံးရှိ တစ်သန်းပေါ့ ထားလိုက်ပါ။ အဲဒီ တစ်သန်း မျက်နှာနဲ့ ကျန်တဲ့ ထီထိုးတဲ့ ပြည်သူ သန်း ၅၀ မျက်နှာနဲ့ ဘယ်ဟာ ကြည့်မလဲဆိုရင် အများပြည်သူရဲ့ သန်း ၅၀ မျက်နှာကြည့်ပြီး ထီဈေးနှုန်းကို သတ်မှတ်ဈေးအတိုင်းပဲ ရောင်းချအောင် ဆောင်ရွက်သွားမှာပါ။

အကျိုးအမြတ်ရာခိုင်နှုန်းကို ၁၀ စောင်မှာ တစ်စောင် အပိုပေးထားပြီးဖြစ်တဲ့အတွက် အဲဒီရာခိုင်နှုန်းနဲ့ ကိုက်မယ်ဆိုရင် ဒီစီးပွားရေးကို ဆက်လုပ်ပါ။ မကိုက်ရင် မလုပ်ပါနဲ့။ နိုင်ငံတော်အနေနဲ့ တခြားထီရောင်းချတဲ့ နည်းလမ်းကို စဉ်းစားပြီး လုပ်ဆောင်သွားပါမယ်။ လောလောဆယ်တော့ ဒီရာခိုင်နှုန်းအကျိုးအမြတ်ကို ကိုက်နေသေးတယ်လို့ ယူဆတဲ့အတွက် ထီလုပ်ငန်းရှင်တွေက ဆက်လက်ရောင်းချမယ်လို့ မျှော်လင့်ရပါတယ်" ဟု ပြောသည်။

၅၀၀ ကျပ်တန် အောင်ဘာလေ ထီစနစ်တွင် ဆုမဲပေါင်း တစ်သိန်းကျော်အထိ ပါဝင်သောကြောင့် ယခင်ထီစနစ်ထက် ထီပေါက်နိုင်ချေ သုံးဆပိုမိုမြင့်မားလာသည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မေ ၁ ရက် ထီဖွင့်ပွဲတွင်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအတွင်းမည်သည့်ဒေသ၊ မည်သည့်နေရာတွင်မဆို မူရင်းသတ်မှတ်ဈေးနှုန်းအတိုင်း အောင်ဘာလေထီကို ဝယ်ယူကံစမ်းနိုင်မည်ဆိုပါက အောင်ဘာလေထီအပေါ် စိတ်ဝင်စားသူ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ထီထိုးကံစမ်းသူများက ပြန်လည်သုံးသပ်အကြံပြုကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိမ်းဆည်းဌာနခွဲအနေဖြင့် ၂၀၁၇ ဖေဖော်ဝါရီ ၂၈ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး၅၀၀ ကျပ်တန် ထီလက်မှတ်များ ရောင်းချခြင်းနှင့်ပတ်သက်၍ ထီလက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော မူရင်းထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်း ရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း ထီကိုယ်စားလှယ်အား အမည်ပျက်စာရင်း Black List အဖြစ် သတ်မှတ်မည်ဟု ထုတ်ပြန်ခဲ့သည်။

ယင်းအပြင် လစဉ်ထီစာအုပ် ဝယ်ယူခွင့်ကို ပြန်လည်ရုတ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသည့် အာမခံငွေ Deposit အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဈေးပိုရောင်းသည်ကို တွေ့ရှိပါက ဆက်သွယ်တိုင်ကြားရန် ဖုန်းနံပါတ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထီကိုယ်စားလှယ်ကြီးများအနေဖြင့် ထီဈေးနှုန်းကို သတ်မှတ်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော်လည်း ၎င်းတို့ထံမှ အဆင့်ဆင့် ဝယ်ယူရောင်းချသော ကိုယ်စားလှယ်များအနေဖြင့် အဆင့်ဆင့်စရိတ်များကြောင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချနေရခြင်းဖြစ်ကြောင်း အရောင်းကိုယ်စားလှယ်များထံမှ သိရသည်။ **ဆုနှင်းလဲ့**

## ရေတွင်းကုန်းနှင့်သပြေကုန်းရပ်ကွက်၌ နောက်ဖေးလမ်းကြားအမှိုက်များရှင်းလင်း

**မင်္ဂလာတောင်ညွန့် မေ ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တော်သန့်ရှင်းသာယာ လှပစေရေးအတွက်



လည်းကောင်း မိဘပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ရရှိစေရေးအတွက် လည်းကောင်း နောက်ဖေးလမ်းကြားများ ရှင်းလင်းကာ အမှိုက်များ သယ်ယူ စွန့်ပစ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၃၀ ရက် နံနက်က ဒုတိယဌာနမှူး ဦးစောဝင်းမောင်၊ တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွဋ်၊ သန့်ရှင်းရေးဌာနတောင်ပိုင်းခရိုင်မှူး ဦးသက်ဝေ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးဝင်းဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အမှိုက်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုတို့အား လာရောက်ကြည့်ရှုအားပေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး မှာကြားခဲ့သည်။

"ရေတွင်းကုန်းရပ်ကွက်ကိုမတ် ၂၉ ရက်က စတင်ဆောင်ရွက်တာပါ။ သပြေကုန်းရပ်ကွက်ကတော့ရာ နှုန်းပြည့်ပြီးစီးအောင်မြင်ပြီ ဖြစ်တဲ့အတွက် ကွန်ကရစ်ခင်းပေးတာတွေ ဆက်လက် လုပ်ဆောင်ပေးမယ်လို့ သိရပါတယ်" ဟု သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးဝင်းဦးက ပြောသည်။ **မောင်မောင်**

## မှုခင်းကျဆင်းရေး စာပေဟောပြော

**အင်္ဂပူ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်အုပ်စု တိုင်တရာကျေးရွာရှိအ. မ. ကကျောင်း၌ မေ ၁ ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းနှင့် မှုခင်းသတင်းဂျာနယ်မှ တာဝန်ခံများပူးပေါင်း၍ မှုခင်းကျဆင်းရေး စာပေဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မဲဇလီကုန်းစခန်းမှူးရဲအုပ်ကျော်ထူးက အမှာစကားပြောကြားခဲ့ပြီး စာရေးဆရာ ဆရာမများဖြစ်ကြသော နိုင်ငံတော်ရွှေတံဆိပ်ဆုရ အသံတု ရဲမြင့်လေး၊ ရွှေမန်း(အင်းစိန်)၊ မျိုးမဟာ(ဥဿာ)၊ ကျေးလက်လမင်း (တွံတေး)တို့က လူမှောင်ခိုဖြစ်ပွားမှု ကြိုတင်ကာကွယ်၊ ရှောင်ရှားနိုင်ကြစေရန်၊ မူဒိန်းမှု၊ သက်ငယ်မုဒိန်းမှုများ ဖြစ်ပွားနေမှုအပေါ် အမိအဖတို့၏ သွန်သင်ဆုံးမခြင်း၊ ကြိုတင်ကာကွယ်နိုင်ကြစေရန်နှင့် ပြစ်မှုပြစ်ဒဏ်တို့အား သိရှိလိုက်နာနိုင်ကြစေရန် ပညာပေးဟောပြောခဲ့ကြရာ ကျေးရွာမှ ရွာသူရွာသား ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

"ဒီလို မှုခင်းကျဆင်းရေး ပညာပေးတွေ မကြာခဏ ဟောပြောပေးမှ မှုခင်းအသိပညာတွေရရှိပြီး ကြိုတင်ကာကွယ်နိုင်ကြမှာပါ" ဟု ရာအိမ်မှူး ဦးစိုးမင်းထွန်းကဆိုသည်။ **၅၈၇**




## တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူး မြို့နယ်အတွင်းရှိဝန်ထမ်းများနှင့်တွေ့ဆုံ

**အထက်မင်းလှ ဧပြီ ၃**
သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေဇင်ထွန်းက ဝန်ထမ်းများအား မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်များ၊ သိရှိလိုက်နာကြရမည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရန် ရှောင်ရန်အချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## မြန်မာ့ထွက်ကုန် ဇီးပုလဲများ ဝယ်လိုအားကြောင့် ဈေးနှစ်ဆကျော်ခုန်တက်

**မန္တလေး ဧပြီ ၃**
မြန်မာ့ထွက်ကုန် ဇီးပုလဲများ စတင်ထွက်ရှိသည့် ဖေဖော်ဝါရီလလယ်ပိုင်းမှစ၍ အထွက်နှုန်းနည်းခဲ့သဖြင့် အဖွင့်ဈေးကောင်းခဲ့ပြီး ယခုလှိုင်လှိုင်ပေါ်ချိန်၌လည်း ဝယ်လိုအားကြောင့် ဈေးနှစ်ဆကျော် ခုန်တက်လာကြောင်း ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ယခင်နှစ်များက တစ်ပိဿာလျှင် ကျပ် ၁၈၀ နှင့် ၂၀၀ အတွင်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၃၈၀ ဖြင့် အဖွင့်ဈေးစခဲ့ပြီး ယခုမတ်အတွင်း လှိုင်လှိုင်ပေါ်ချိန်တွင် ကျပ် ၅၀၀ အထိ ဈေးခုန်တက်လာသည့်အပြင် အဝယ်သွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ကအထွက်နှုန်းကနည်းပြီး တရုတ်က ဝယ်လိုအားလည်းကောင်းနေတယ်။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်းဝယ်ချင်ပေမယ့် တင်ပို့မှုအခက်အခဲရှိနေတယ်။ ဇီးအစေ့ကိုခွဲပြီးထုတ်ထားတဲ့ ဇီးအဆန်ကိုလည်း တရုတ်က တစ်ပိဿာကို ကျပ် ၅၀၀၀၀ အထိပေးပြီးဝယ်နေတယ်" ဟု ၎င်းက ပြောသည်။

ယခင်နှစ်များက ဈေးကောင်းမရခဲ့ခြင်းကြောင့် ဇီးပင်များကို ခုတ်ထွင်ရှင်းလင်းကာ ပဲစင်းငုံများ အစားထိုးစိုက်ပျိုးခဲ့သဖြင့် ယခုနှစ်တွင် ဇီးအထွက်နည်းခဲ့ပြီး ဈေးကောင်းနေသော်လည်း ပဲစင်းငုံမှာ ယခုနှစ်တွင် ဈေးများကျဆင်းနေကြောင်း ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာမှ ဇီးစိုက်တောင်သူ ဒေါ်သန်းလှက ပြောသည်။

"ကျွန်မတို့တောင်သူတွေကတော့ ဈေးကောင်းရမယ့်အပင်တွေကို ပြောင်းပြီးရွေးချယ်စိုက်ပျိုးပေမယ့် ကိုယ်ပြောင်းပြီးစိုက်တဲ့နှစ်ကျရင် ဈေးက ထင်သလောက်မရတာတွေနဲ့ပဲ ကြုံနေရတယ်။ ဒီနှစ် ဇီးသီးက ဈေးကောင်းနေပေမယ့်လည်း ဇီးကောက်၊ ဇီးလှမ်းဝန်ထမ်းစရိတ်ကလည်း မြင့်တက်လာတာပါပဲ" ဟု ၎င်းကရှင်းပြသည်။

ဇီးပင်များအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ကြီးမြို့နယ် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည့်အပြင် အညာဒေသအများအပြားတွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ်နေ့အခမ်းအနားကျင်းပ၊ ကလေးများအနုပညာစွမ်းရည်တင်ဆက်

**မန္တလေး ဧပြီ ၃**
အထွေထွေဖွံ့ဖြိုးမှု နောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်သည့်ကလေးများအတွက် ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ်နေ့ (World Autism Awareness Day)ကို ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ ပညာဒါနအဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် NEW HOPE ASSOCIATION နာယက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာယုယုမေက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ NEW HOPE ASSOCIATION ဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်တို့က ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ်နေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက အော်တစ်ဇင်ကလေးများ နေ့ပိုင်းစောင့်ရှောက်ရေးဆောင်ရွက်ပေးသော NEW HOPE ASSOCIATION သို့ အလှူငွေများပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံရယူသည်။ ဆက်လက်၍ အထွေထွေ ဖွံ့ဖြိုးမှု နောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်သောကလေးများ၏ အနုပညာစွမ်းရည်တင်ဆက်ရာ NEW HOPE ASSOCIATION နယက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးဒေါက်တာယုယုမေနှင့် အစိုးရအဖွဲ့အစည်းဝင်များ၏ ဇနီးများက ကလေးများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

အော်တစ်ဇင်သည် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး ကျား၊ မ မရွေးဖြစ်နိုင်သည်။ ကမ္ဘာတွင် ကလေး ၆၈ ဦးမွေးတိုင်း အော်တစ်ဇင်တစ်ဦး မွေးဖွားနေသည်။ ကမ္ဘာတွင် အော်တစ်ဇင်ဖြစ်သူ ၆၇ သန်းနီးပါးရှိနေပြီး အော်တစ်ဇင်ဖြစ်ပွားနှုန်းတိုးလာနေ၍ နှစ်စဉ် ဧပြီ၂ ရက်နေ့ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ကာ ကလေးများ စောစီးစွာစနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ရေး ကျန်းမာရေးပညာပေးအခမ်းအနားများ ကျင်းပကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဝန်းသိုမြို့နယ်၌ လေပြင်းများတိုက်ခတ်

**ဝန်းသို ဧပြီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်း ဧပြီ ၂ ရက် ည ၇ နာရီခွဲမှ ည ၉ နာရီခွဲထိ လေပြင်းများတိုက်ခတ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်များတွင် ကြီးမားသောပျက်စီးဆုံးရှုံးမှု မရှိခဲ့သော်လည်း သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းနှင့် အုတ်ဖိုရွာ၊ သရက်အိုက်ရွာ၊ ကြိုင်းခွင်ရွာ၊ မှန်ပင်ရွာ၊ အိုးပစ်ရွာ၊ ချမ်းမြသီတာကျေးရွာတို့တွင် လူနေအိမ် ၃၀ခန့် အမိုးများ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအား လိုအပ်သော ကူညီထောက်ပံ့မှုများပေးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လူမှုရေးအသင်းအဖွဲ့များ ကွင်းဆင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**





## တာချီလိတ်မြို့ပေါ်ရှိလမ်း၊ တံတား ဆောင်ရွက်နေမှုများအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဧပြီ ၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်း လမ်း၊ တံတားများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးအလိုက် ရန်ပုံငွေများခွဲဝေကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ကျောင်းလမ်း အမှတ်(၃)အား ရန်ပုံငွေကျပ် ၁၇၈၄၈၀၀၀ ဖြင့် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်းကို မတ် ၃၀ ရက်တွင် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့တွင်းသွားလာမှု လွယ်ကူအဆင်ပြေစေရေး ခွင့်ပြုငွေကျပ် ၃၁၀၃၀၀၀၀ ဖြင့် ဟံသာဝတီ (၇) လမ်းတွင် အရှည် ၂၆ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၀ ပေ ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ပုံငွေကျပ် ၄၁၈၀၀၀၀ ဖြင့် ဆေခမ်းရပ်ကွက်၊ လေယာဉ်ကွင်းလမ်းဆုံမှ မယ်ဟုတ်ချောင်းဆုံ အထိ အရှည် ၄၃၂၀၀၀ ကုဗပေရှိ ဟောင်လိတ်ချောင်း ရေနုတ်မြောင်းဆယ်ခြင်း လုပ်ငန်းများအား သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီကောင်းမွန်ရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းအောင်လင်း နှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က ရှင်းလင်းတင်ပြပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရွှေကူမြို့၌ မူးခင်းပညာပေးပြခန်းယာဉ်လှည့်လည်ပြသ

**ဗန်းမော် ဧပြီ ၃**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန် အကြိုကာလအတွင်း ပြည်သူများစိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရန်နှင့် မူခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲမှူး တင်မောင်လတ်ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၀)ယာဉ်ထိန်း တပ်ဖွဲ့စုမှ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဖြိုးထက်အောင်တို့က မူခင်းလျော့နည်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် မြို့ပေါ်(၄)ရပ်ကွက်ဖြစ်သည့် လူစည်ကားရာဖြစ်သော မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး လမ်းဆုံ၊ အဝေးပြေးကားဂိတ်များ၊ သင်္ဘောဆိပ်နှင့် မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဒေသခံပြည်သူများရှိရာ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီက ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ပြသဆောင်ရွက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲစေနိုင်ရေး ၆ ဒသမ ၆ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းတိုးချဲ့ဆောင်ရွက်

**ဒလ ဧပြီ ၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့ပြ၊ ရပ်ကွက်များတွင်သာမက ကျေးလက်နေပြည်သူများပါ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာပိုမိုသုံးစွဲလာနိုင်ရေး၊ တိုးတက်လာသော ဓာတ်အားသုံးစွဲမှုနှင့် အညီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်းများအတွက် ထရန်စဖော်မာများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဓာတ်အားလိုင်းများကို ဓာတ်အားလိုင်းကြိုးအကြီးများဖြင့်လဲလှယ်ခြင်း၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် အရည်အသွေးကျဆင်းနေပြီဖြစ်သော ဓာတ်အားလိုင်းကြွေသီးများ လဲလှယ်ခြင်း၊ ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၅၀၀ ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒလမြို့နယ်အတွင်းရှိ ရေတံခါးကျေးရွာ၊ ညောင်ချောင်း(ချောင်းဦး) ကျေးရွာ၊ ရခိုင်ချောင်(တောင်)ကျေးရွာနှင့် ရခိုင်ချောင်(မြောက်)ကျေးရွာတို့တွင် ကျေးရွာမီးလင်းရေးအတွက် ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်း အရှည်ပေ ၁၇၃၀၀ တပ်ဆင်ခြင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည်ပေ ၈၃၀၀ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဆွေးမြည့်သစ်သားတိုင် ၁၆၀ ကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်းတို့ကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ကျေးရွာမီးရရှိစေရေးနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းရှင်းစေရေးအတွက် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း လမ်းမီးလင်းရေးအတွက် LED မီးသီး ၁၁၀ အား အလှူရှင် ဦးကိုကိုနိုင်နှင့် ဒေသခံပြည်သူများက ဒလသင်္ဘောဆိပ်မှ ကျန်းမာရေးဝန်ထမ်းအိမ်ရာအထိ ၂ ဒသမ ၅၄ မိုင်ခန့်ကို လမ်းမီးများရရှိစေရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရန်ပုံငွေဖြင့် ဒလမြို့နယ်အတွင်းရှိ ကမာကသွယ်ရပ်ကွက်၊ ရာဇာသကြ်န်ရပ်ကွက်နှင့် တာကြီးရပ်ကွက်တို့တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ် သုံးလုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများကို ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများ ဗို့အားကို ပြည့်ဝစွာ သုံးစွဲနိုင်စေရေး၊ ဗို့အားကျဆင်းနေသော ကိစ္စရပ်များ မဖြစ်စေရေး၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် လျာထားကြောင်း၊ ယခုအခါ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက် (၂၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၃)အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၆ ရွာ တို့တွင် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုး က ပြောကြားခဲ့သည်။

**နိုင်လင်းကျော်(ဒလ)**

## ညောင်တုန်းမြစ်ကမ်းပြိုကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်

**ညောင်တုန်း ဧပြီ ၃**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် တည်ရှိသောညောင်တုန်းမြို့သည် မြစ်များ၏ ရေစီးကြောင်းများပြောင်းလဲလာခြင်း၊ ရေနက်အိုးများဖြစ်တည်နေခြင်း၊ ရေစီးကြောင်းများထိုးနေခြင်းများကြောင့် ညောင်တုန်းမြို့ ၂၁ လမ်းမြစ်ကမ်းတွင် လွန်ခဲ့သော ဖေဖော်ဝါရီ ၇ ရက်က စတင်ကွဲအက်နိမ့်ကျသွားသည့်အပြင် မတ် ၁၈ ရက်က ဒုတိယအကြိမ် ထပ်မံကွဲအက်နိမ့်ကျသွားကာ ဆက်တိုက်ကွဲအက်နိမ့်ကျမှုများ ဖြစ်ပေါ်နေသဖြင့် မြို့လူထုမှာ စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်နေကြောင်း သိရသည်။

ထို့အပြင် ၂၅ လမ်းနှင့် ၂၆ လမ်း မြစ်ကမ်းများတွင်လည်း လိုက်စားပြိုကျမှုများရှိနေသဖြင့်လည်း မြို့လူထုမှာ ပိုမိုစိုးရိမ်ပူပန်နေကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်တုန်းမြစ်ကမ်းပြို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရန်ပုံငွေမှ ခွင့်ပြုထားသည့်ငွေနှင့် ဌာနရန်ပုံငွေများဖြင့် အဓိကအရေးကြီးသော ၂၁ လမ်းမြစ်ကမ်းတွင်ကမ်းလျှောခြင်း၊ ဝိတ်(အလေး) လျှော့ခြင်း၊ ရေစွယ်ထိုးမှု ကာကွယ်နိုင်ရေးအတွက် လှိုင်းကာများ၊ ရေကာများတည်ဆောက်ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

"ညောင်တုန်းမြစ်ကမ်း ကာကွယ်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတဲ့ ငွေကျပ်သိန်း ၉၀၀၀ နဲ့လည်း တင်ဒါခေါ်ယူပြီး အမြန်ဆောင်ရွက်ဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်။ စိုးရိမ်ရတဲ့နေရာများဖြစ်တဲ့ ၂၁ လမ်းမြစ်ကမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းမြစ်ကမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်း မြစ်ကမ်းများမှာ မြစ်ကမ်းထိမ်းနိုင်ရေးအတွက် ဘိုးပိုင်များနဲ့ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညောင်တုန်းမြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က ပြောသည်။

ယခုအခါ မိုးရာသီသို့ရောက်ရှိရန်အလွန်နီးကပ်နေပြီဖြစ်ရာ မိုးရွာသွန်းလာလျှင်၊ မြစ်ရေတက်လာလျှင် မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သဖြင့် ညောင်တုန်းမြို့ မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အမြန်တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူများက စိုးရိမ်စိတ်ဖြင့် ပူပန်နေကြခြင်းဖြစ်ကြောင်းသိရသည်။

**နေလင်း(ညောင်တုန်း)**



## မိခင်နှင့်ကလေးကျန်းမာရေးနှင့်သားဖွားခန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေတချောင်းလမ်း၌ ဧပြီ ၃ ရက် နံနက် ၈ နာရီက ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း စေတနာဆေးခန်း၏ KITAMURA အမှတ်တရ မိခင်ကျန်းမာရေး နှင့် သားဖွားခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒု-တိုင်းဦးစီးမှူး ဒေါက်တာသီဟနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်တို့က ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း စေတနာဆေးခန်း၏ KITAMURA အမှတ်တရ မိခင်ကျန်းမာရေးနှင့် သားဖွားခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူအားလုံး ကျန်းမာပျော်ရွှင်ပြီး၊ ရောဂါကင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက်နေ့ညမနား မြို့ပြကျေးရွာမခွဲခြားဘဲ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးစသည့်အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ယခုဖွင့်လှစ်သည့် မိခင်နှင့် ကလေးများအတွက် သားဖွားခန်းသည် နိုင်ငံတော်အစိုးရ၊ အရပ်ဘက်မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လက်တွဲပြီး ပြည်သူလူထုအခြေပြု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များပါဝင်သည့် အတွက် ထူးခြားလေးနက်သည့် အဓိပ္ပာယ်ပေါ်လွင်နေပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ကို ယုံကြည်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် ကျရာကဏ္ဍမှ စိတ်ဝင်တစား အားသွန်ခွန်စိုက် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သားဖွားဆောင်အလှူရှင်ကိုယ်စား ဂျပန်နိုင်ငံ Okayama University မှ Professor Shigeru Okada က သားဖွားဆောင်လှူဒါန်းပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

အဆိုပါ သားဖွားဆေးခန်းတွင် အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် ကျွမ်းကျင်သူများနှင့် အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ အိုကာယားမားမြို့၊ မြန်မာ- ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ကြီးမှူးပြီး၊ မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးအတွက် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး (ပဲခူး)**



jrefmEJifhwkdif;&if;om;vlrsKd;rsm;ÓPfvmt&nftaoG;ìiHh&pfom ESifh ausmif;om;rsm; b0cef;aps;rSmxkwfvkyfwnfwkdufxGefuGifpDtzGJUESifh rnD ... (garbled; see below)

## စစ်တောင်းမြစ်အတွင်း ရှော့တိုက်ငါးဖမ်းဆီးသူများအား အရေးယူဆောင်ရွက်မှုမရှိဟု သုံးသပ်ပြောကြားမှုများရှိနေ

**ရေတာရှည် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မြောက်မှတောင်သို့ စီးဆင်းသွားသည့် စစ်တောင်းမြစ်အတွက် ငါးဖမ်းဆီးရမိမှုလျော့နည်းလာခြင်းနှင့်အတူ တရားမဝင်လျှပ်စစ်ဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီး ခြင်း၊ ကွန်ကျင်စက်များအသုံးပြုငါးဖမ်းဆီခြင်းအပြင် ဓါတုဆေးဝါးများအသုံးပြု၍ ပုဇွန်များအားဖမ်းဆီးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာသို့ တင်ပြသတင်းပို့သော်လည်း ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းမရှိကြောင်း သာဂရမြို့ အရှေ့ ချောင်းကျိုးကျေးရွာဒေသခံများက သုံးသပ်ပြောကြားသည်။

တံငါလှေကလေးများအား စက်တပ်ယာဉ်အဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာ သွားရောက် ငါးဖမ်းဆီးနိုင်ကြခြင်းကြောင့် သမားရိုးကျ ငါးဖမ်းဆီးသူများမှာ ငါးအမိအရနည်းလာပြီး ဟင်းစားပင်ရရှိနိုင်ရန် မလွယ်ကူတော့ကြောင်း အထက်ပါဒေသခံများက ဆက်လက်ပြောသည်။

"ကျွန်တော်တို့ဖုန်းဆက်ပြီး အကြောင်းကြားတော့လာမယ်ဖမ်းပေးမယ်ပြောတယ် ဒီကနေ့အထိဘယ်တာဝန်ရှိသူမှ ရောက်လာတာမရှိပါဘူး လုပ်တဲ့သူတွေက ပိုတောင်အတင့်ရဲလာတယ် ပုဇွန်ဆေးချတဲ့သူတွေဆို သူတို့ရတဲ့ပုဇွန်ကိုသူတို့မစားဘူး ဆေးအနံ့ရလို့ ဈေးကိုသွားရောင်းတာ စားသုံးတဲ့သူတွေရဲ့ကျန်းမာရေးကို ထည့်မတွက်ဘူးသူတို့ငွေရဖို့တစ်ခုပဲကြည့်တာ ထိထိရောက်ရောက် အရေး ယူဆောင်ရွက်စေချင်တာပါ" စစ်တောင်းမြစ်အနီးရှိ ယာခင်း၌နေထိုင်သူ ဒေသခံတစ်ဦးကပြော သည်။ **ကိုလွင်(ဆွာ)**

## ပုသိမ်-ရန်ကုန် ခရီးသည်ယာဉ်များ ညောင်တုန်းမြို့သို့ ဝင်ရောက်ရေး ပြည်သူများလိုလား

**ညောင်တုန်း ဧပြီ ၃**

ပုသိမ်-ရန်ကုန်မြို့သို့ တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ်များသည် ဗိုလ်မြတ်ထွန်းတံတားဖွင့်လှစ်ပြီးသည့် ၁၉၉၉ ခုနှစ် အချိန်နောက်ပိုင်းမှစ၍ ညောင်တုန်းမြို့သို့ ဝင်ရောက်ပြေးဆွဲပေးခြင်းများမရှိသဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ သွားရောက်လုပ်ကိုင်ဆောင်ရွက်ရမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရီးသွားလုပ်သားပြည်သူများ ပုသိမ်မြို့သို့ သွားရောက်ရာတွင် တိုက်ရိုက်သွားရောက်နိုင်ခြင်းမရှိဘဲ ညောင်တုန်းမြို့မှ ၇ မိုင်ခန့်ကွာဝေးသော ဆားမလောက်ကျေးရွာမှလည်းကောင်း (သို့မဟုတ်) ညောင်တုန်းမြို့မှ ၅ မိုင်ခန့်ကွာဝေးသော နတ်ပေးကျေးရွာ(တာကွေ့)ရွာမှလည်းကောင်း တစ်ဆင့်ခံ၍သွားရောက်ကားစီးရသဖြင့် အချိန်ကုန်ခြင်း၊ ကားခ(မော်တော်ယာဉ်)ခ ထပ်မံငွေကြေးပေးရခြင်း၊ ခရီးကြန့်ကြာခြင်း၊ အရေးကြီးကိစ္စရှိပါက ချက်ချင်းမသွားနိုင်ပါကြောင်း ညောင်တုန်းမြို့မှ ဝန်ထမ်းတစ်ဦးက ပြောပြသည်။

ထို့အတွက် ရန်ကုန်တိုင်းဒေသကြီး (လှိုင်သာယာ) အဝေးပြေးယာဉ်ရပ်နားစခန်းမှ ပုသိမ်မြို့သို့ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များသည် ညောင်တုန်းမြို့သို့ ဖြတ်သန်းဝင်ရောက်ပြေးဆွဲနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အခြေပြု ရန်ကုန်-ပုသိမ်ခရီးစဉ်ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်များကို နေ့စဉ် ညောင်တုန်း မြို့သို့ နှစ်စီးခန့် ဝင်ရောက်ပေးပါရန်နှင့် ဝင်ရောက်မည့် ခရီးသည်တင်ယာဉ် ဝင်/ထွက်ချိန်များကို ခရီးသွားလုပ်သားပြည်သူများ၊ ဌာနဆိုင်ရာများတွင် အသိပေးကြေညာခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်း ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံခရီးသွားလုပ်သားပြည် သူများက လိုလားလျက်ရှိနေကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# အခွင့်အရေးနှင့်တာဝန်ယူမှု၊ တာဝန်ခံမှု

မောင်သောင်းဝင်း(တမန်ဟောင်း)

လူတိုင်းတွင်အခွင့်အရေးနှင့်တာဝန်ယူမှု၊တာဝန်ခံမှုများရှိကြသည်။ အခွင့်အရေးသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပြောဆိုရေးသားခွင့်တို့ကိုဆိုလိုသည်။ တရားဥပဒေကြောင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာအခွင့်အရေးများ များစွာရှိသည်။ အခွင့်အရေးသည် လူတစ်ဦးအား သဘာဝအရခွင့်ပြုပေးထားသော အရာဖြစ်သည့်အပြင် လူတစ်ဦးပိုင်ဆိုင်သင့်သည့် အခြေခံကျသော စံနှုန်းတစ်ရပ်လည်းဖြစ်သည်။ အခွင့်အရေးသည် လူမှုအဖွဲ့အစည်းနှင့် ယဉ်ကျေးမှု တည်ဆောက်ရာတွင်ထောက်တိုင်တစ်ခုဖြစ်သည်။

**တရားဥပဒေကြောင်းအရ ကာကွယ်**

ယဉ်ကျေးသော လူ့အသိုက်အဝန်းတွင် အခွင့်အရေးကို အခြေခံကျကျ အလေးထားကြသည်။ ထို့အပြင် အခွင့်အရေးသည် တရားဥပဒေစိုးမိုးရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတွင်လည်း အခရာကျလျက်ရှိသည်။ အမှန်စင်စစ်မှာမူ အခွင့်အရေးဆိုသည်မှာ တရားဥပဒေကြောင်းအရ အကာကွယ်ပေးထားသော အရာပင်ဖြစ်သည်။

သက်ရှင်နေထိုင်ခွင့်၊ရွေးချယ်ပိုင်ခွင့်၊ မဲပေးပိုင်ခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ လွတ်တော်ဖျက်သိမ်းခွင့်၊ နိုင်ငံရေးခိုလှုံခွင့်၊ တရားဥပဒေရှေ့မှောက်တွင်ညီမျှသောတရားစီရင်မှုမျိုးရရှိခွင့်၊ တစ်ဦးတည်းနေထိုင်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ကလေးများ၏ အခွင့်အရေး၊ တိရစ္ဆာန်များ၏ အခွင့်အရေး၊ အလုပ်သမားများ၏ အခွင့်အရေး၊ ပြည်သူများ၏ အခွင့်အရေး၊ အမျိုးသမီးများ၏အခွင့်အရေး စသည်ဖြင့်အခွင့်အရေး ပေါင်းများစွာရှိသည်။

**တရားဥပဒေဘောင်အတွင်းမှ ရယူ**

စာရိတ္တပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကိုမူ ကျိုးကြောင်းဆီလျော်စွာ တည်ဆောက်ရမည်ဖြစ်သည်။ တရားဥပဒေကြောင်းဆိုင်ရာ အခွင့်အရေးကို လူအသိုက်အဝန်းတွင် ကျင့်သုံးနေသော တရားဥပဒေဘောင်အတွင်းမှ ရယူသွားရမည်ဖြစ်သည်။ ဓလေ့ထုံးတမ်းအခွင့်အရေးများကို ဒေသဆိုင်ရာ အလေ့အထများ၊ အမြင်သဘောထားများအတွင်းမှ ရယူသွားရမည်ဖြစ်သည်။

တာဝန်သည်လူတစ်ဦး လုပ်ဆောင်သင့်၊ လုပ်ဆောင်ရမည့်အရာဖြစ်သည်။ လူ့ဘောင်လောကတွင် မိဘတာဝန်၊ သား၊သမီးတာဝန်၊ ကျောင်းသားတာဝန်၊ တပည့်တာဝန်၊ ဆရာ့တာဝန်၊ ပြည်သူ့တာဝန်၊ အစိုးရတာဝန်စသည်ဖြင့် ကိုယ်စီတာဝန်များအသီးသီးရှိကြသည်။ လူတစ်ဦးသည် မိမိ၏ မူဝါဒ၊ပြောဆိုရေးသားမှု၊ ဆုံးဖြတ်မှု၊ အရေးယူဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှု အပါအဝင် လုပ်ဆောင်ချက်မှန်သမျှကို အသိအမှတ်ပြုခြင်းနှင့်တာဝန်ယူခြင်းကို တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) ဟု ယေဘုယျဖွင့်ဆိုနိုင်ပါသည်။ လူတစ်ဦးချင်းစီ၏ အခြေခံကျသော စားဝတ်နေရေးတာဝန်မှသည် နိုင်ငံ့ခေါင်းဆောင်အဆင့်အထိ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုများရှိနေရန်လိုအပ်သည်။

**တာဝန်ယူမှုနှင့် တာဝန်ခံမှု**

လူတစ်ဦးချင်းစီတွင်တာ ဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍ အခြေခံအားဖြင့်လိုက်နာရန် လိုအပ်သည့် ဝတ္တရား သုံးခုရှိသည်ဟုဆိုကြသည်။ ထိုတာဝန်များမှာ တရားဥပဒေကြောင်းအရလိုက်နာ လုပ်ဆောင်ရသော တာဝန်ဝတ္တရား (Legal Obligation)၊ လူမှုရေးအရ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သောတာဝန် ဝတ္တရား (Social Obligation) နှင့် ကိုယ်ကျင့်တရားမြင့်မားမှုကြောင့် မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်သော တာဝန်ဝတ္တရား (Moral Obligation) တို့ဖြစ်ကြသည်။ ဆိုခဲ့ပါတာဝန်သုံးရပ်အနက် လူ့ကျင့်ဝတ်အရ ဆောင်ရွက်ရသောတာဝန်ဝတ္တရားသည် အမြင့်ဆုံးဖြစ်သည်ဟု စာရေးသူကို အင်္ဂလိပ်စာသင်ကြားပြသခဲ့သော ဆရာကြီးဦးမြကြိုင်ကပြောဖူးပါသည်။

ဥပဒေအရ၊ လူမှုရေးအရလိုက်နာဆောင်ရွက်သည်ထက် လူ့ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းသည် မြင့်မြတ်သောဂုဏ်ဒြပ်တစ်ရပ်ပင်ဖြစ်သည်။ လူ့ကျင့်ဝတ်ဝတ္တရားလိုက်နာမှုကို သာဓကထုတ်ပြရလျှင် လမ်းပေါ်တွင်အမှိုက်မစွန့်ခြင်း၊ အမှိုက်တွေ့ပါကလည်း ကောက်သိမ်းခြင်း၊ အများသုံး အိမ်သာများတွင် မလိုအပ်ဘဲ ရေပိုက်ခေါင်းများဖွင့်ထားပါက ပိတ်ပေးခြင်းနှင့် မလိုအပ်သော မီး၊ပန်ကာ များအားခလုတ်ပိတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား လေလွင့်ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများဖြစ်သည်။ အရောင်အသွေးမပါသည့် ပရဟိတလုပ်ငန်းများသည်လည်းမြင့်မြတ်သော လုပ်ဆောင်မှုများဖြစ်သည်။

လူတစ်ဦးသည် Moral Obligation ကျေပွန်နေပြီဆိုလျှင် တာဝန်ယူမှု၊ တာဝန်ခံမှု Accountability ကိုအလိုအလျောက် တည်ဆောက်ထားပြီးဖြစ်သည်။ မိသားစုတစ်စုတွင် မိဘနှစ်ဦးနှင့်သား၊ သမီးများ စသည့် မိသားစုဝင်အားလုံးသည် ကိုယ်စီတာဝန်ယူမှု၊တာဝန်ခံမှုရှိရန်လိုအပ်သည်။ သို့မှသာလျှင်ထိုမိသားစုသည် အောင်မြင်တိုးတက်ကြီးပွားနိုင်မည်ဖြစ်သည်။

> “ဝန်ထမ်းများ၏ တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်ကို မြှင့်တင်တည်ဆောက်ရန်အတွက် သင့်တင့်လျောက်ပတ်သော ခံစားခွင့်ပေးထားရန်အထူးလိုအပ် . . . လက်အောက်ဝန်ထမ်းများသည် တာဝန် ယူမှု၊ တာဝန်ခံမှုကင်းမဲ့သော ခေါင်းဆောင်တစ်ဦးကိုယုံကြည်မှု . . .”

**ကိုယ်စီတာဝန်ရှိ**

ထိုသို့မဟုတ်ဘဲ ဖခင်ဖြစ်သူသည် အလုပ်ကိုလက်ကြောတင်းအောင်မလုပ်ဘဲ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာ၊ မိန်းမတို့ကို မှီဝဲလိုက်စားနေမည်ဆိုလျှင်၊ မိခင်ဖြစ်သူကလည်း ယောကျ်ားရှာဖွေသမျှချွေတာစုဆောင်းမှုမရှိဘဲ အကုန်သုံးဖြုန်းနေမည်ဆိုလျှင်၊ သား၊ သမီးများကလည်း ပညာရေးမှလွဲလျှင် လျှပ်ပေါ်လော်လီမှုမှန်သမျှကို စိတ်ပါဝင်စားနေမည်ဆိုလျှင် ကိုယ်စီတာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေခြင်းဖြစ်သည်။ ဆိုခဲ့ပါမိသားစုသည် အကြွေးသံသရာလည်နေမည့် မိသားစုပင်ဖြစ်သည်။

ထိုနည်းတူစွာပင် ရုံး၊ ဌာန၊ကုမ္ပဏီ၊အဖွဲ့အစည်းများတွင်လည်း ထိပ်ဆုံးရှိခေါင်းဆောင်နှင့် သူဌေးမှသည် အောက်ခြေသန့်ရှင်းရေးဝန်ထမ်းအထိ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရန်လိုသည်။ နိုင်ငံတစ်နိုင်ငံရှိ အုပ်ချုပ်သည့် အစိုးရ၊ ဥပဒေပြုရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားများတွင်လည်း တစ်ဦး၊ တစ်ဖွဲ့ချင်းစီ၌တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိနေရမည်ဖြစ်သည်။ အုပ်ချုပ်သူများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သလို ပြည်သူများအပိုင်းကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သည်။ ဆိုလိုသည်မှာ အစိုးရသည်ပြည်သူ့စား၊ ဝတ်၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်သက်သာချောင်ချိရေး မှန်သမျှကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။ ပြည်သူများအပိုင်းကလည်း ဝင်ငွေခွန်ကိုကျေပွန်စွာ ထမ်းဆောင်ဖို့လိုအပ်သည်။

**ယုံကြည်အားကိုးမှုရ**

တာဝန်ယူမှု၊တာဝန်ခံမှုရှိသော ပုဂ္ဂိုလ်တစ်ဦးသည် ၎င်းတာဝန်ထမ်းဆောင်နေသော ရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် အထက်နှင့်အောက်အပြင် ရာထူးအဆင့်တူလုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်အားကိုးမှုကိုပါ လက်ခံရရှိမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုဌာန၊ အဖွဲ့အစည်းသည် လုပ်ငန်းတာဝန်များအချိန်မီ ပြီးမြောက်အောင်မြင်မည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် တာဝန်ယူမှု၊တာဝန်ခံမှုကင်းမဲ့သော လူတစ်ဦးဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုတွင် တစ်ဦးအပေါ်တစ်ဦး လက်ညှိုးထိုးအပြစ်ပုံချတတ်သည်။ ထိုအဖွဲ့အစည်းအား ပတ်ဝန်းကျင်မှ ယုံကြည်မှုကင်းမဲ့လာသဖြင့် ကာလရှည်ကြာရပ်တည်နိုင်စွမ်းမရှိဘဲ အဆုံးတစ်နေ့တွင် အရှုံးဖြင့်သာ ရင်ဆိုင်ကြရသည်။

ရုံး၊ ဌာန၊ကုမ္ပဏီ၊အဖွဲ့အစည်းတစ်ခုတွင် ခေါင်းဆောင်တစ်ဦး တာဝန်ယူမှု၊တာဝန်ခံမှုကင်းမဲ့ နေမည်ဆိုလျှင် လက်အောက်ဝန်ထမ်းများစိတ်ပျက်အားငယ်မှုဖြစ်ရသည်။ အထူးသဖြင့် လုပ်ရဲကိုင်ရဲသည့် စိတ်ဓာတ်ပျောက်ကွယ်လာခြင်း၊ လုပ်ဖော်ကိုင်ဖက်များအကြား ယုံကြည်မှုကင်းမဲ့လာခြင်း၊ လုပ်ငန်းတာဝန် အပေါ် စေတနာကင်းမဲ့လာခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ အကျိုးဆက်အနေဖြင့်ထိုအဖွဲ့စည်းသည် ကျရှုံးမည်ဖြစ်သည်။

**လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်**

အထူးသဖြင့် မိမိတာဝန်ယူရသော လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်နှံ့စပ်မှုမရှိသော ခေါင်းဆောင်များ၊ ဝန်ထမ်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့လေ့ရှိကြသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု တိုးတက်လာစေရန် အဆင့်အလိုက်၊ ရာထူး၊ နေရာအလိုက်လေ့ကျင့်သင်တန်းပေးမှုများလိုအပ်သည်။ မိမိထမ်းဆောင်နေသောတာဝန်ဝတ္တရားနှင့်လျော်ညီစွာ အသိပညာဗဟုသုတများ စဉ်ဆက်မပြတ် ရှာဖွေလေ့ကျင့်နေရန် အထူးလိုအပ်သည်။ ထိုမှတစ်ဆင့် တာဝန်ယူမှု တာဝန်ခံမှုကို တည်ဆောက်သွားရမည်ဖြစ်သည်။

အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့၌ အဆင့်တိုင်းတွင် တာဝန်ယူမှု၊တာဝန်ခံမှုအပြည့်အဝရှိနေရန်လိုအပ်မည်ဟုထင်ပါသည်။အဆင့်အတန်းအားလုံးတွင် တစ်ဦး၊ တစ်ယောက်တာဝန်ယူမှု၊တာဝန်ခံမှုကင်းမဲ့ခဲ့မည်ဆိုလျှင် တန်ဖိုးရှိသော လူ့အသက်ပေါင်းများစွာပေးဆပ်သွားရနိုင်ပါသည်။

**ခံစားခွင့်ပေး**

ထို့ကြောင့်အဆင့်တိုင်းတွင် လေ့ကျင့်သင်တန်းပေးမှုများစဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှု တိုးတက်လာစေရန်အတွက် အခြေခံအားဖြင့် သင့်တင့်လျောက်ပတ်သော ခံစားခွင့်ပေးထားရန်လိုအပ်သည်။ ဝန်ထမ်းတစ်ဦး၏ လစာ၊စရိတ်ခံစားခွင့်သည် ခေတ်ကာလကုန်ဈေးနှုန်းကို ကာမိနိုင်ရန်လည်းလိုအပ်သည်။

ခေါင်းဆောင်များတာဝန်ခံမှု၊ တာဝန်ယူမှု ကင်းမဲ့ခဲ့သဖြင့် နိုင်ငံပြိုကွဲခဲ့ရသည့်ဖြစ်စဉ်များကမ္ဘာပေါ်တွင်ရှိခဲ့သည်။ သာဓကအနေဖြင့် ဆိုဗီယက်ပြည်ထောင်စု၊ လစ်ဗျားနှင့် အီရတ်နိုင်ငံတို့ဖြစ်ကြသည်။ အကျိုးဆက်အနေဖြင့် ရုရှားသည်အနောက်အုပ်စုနှင့် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေသည်။ လစ်ဗျားနိုင်ငံသည် ခိုင်မာသော အစိုးရတစ်ရပ်မရှိဘဲ သူပုန်အုပ်စုနှစ်ခုက တိုင်းပြည်ကိုနှစ်ခြမ်းခွဲအုပ်ချုပ်နေကြသည်။ အီရတ်နိုင်ငံရှိ ပြည်သူများသည် သွေးထွက်သံယိုသေကျေမှုများကို နေ့စဉ်ကြုံတွေ့နေကြရသည်။ ထိုဖြစ်စဉ်များကို သင်ခန်းစာယူပြီး ကျွန်ုပ်တို့ တစ်ဦးချင်းစီ၏တာဝန်ယူမှု၊တာဝန်ခံလိုမှုစိတ်ဓာတ်ကို မြှင့်တင်တည်ဆောက်သွားကြရမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် လူတစ်ဦးချင်းစီတွင် မွေးရာပါရပိုင်ခွင့်များနှင့် တာဝန်ယူမှု၊ တာဝန်ခံရမှုများရှိနေသည်။ ရပိုင်ခွင့်ကိုအပြည့်အဝယူထားသလိုတာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်းရှောင်လွှဲ၍မရနိုင်ပါ။ လူတစ်ဦးချင်းစီသည် ကိုယ်စီတာဝန်ကျေပွန်ရန် လိုအပ်သလို မိမိထမ်းဆောင်သော လုပ်ငန်းတာဝန်ကိုတာဝန်ယူမှု၊ တာဝန်ခံမှု ရှိနေရန်လည်းလိုအပ်သည်။ အစိုးရနှင့် ပြည်သူတို့သည် မိမိလုပ်ငန်းတာဝန်ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့် ရှိနေမည်ဆိုလျှင်ထိုနိုင်ငံတွင် တိုးတက်မှုများ တစ်နေ့တစ်ခြားရရှိနေမည်ဖြစ်သည်။

**အဆင့်အတန်းအလိုက်**

ဝန်ထမ်းများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုစိတ်ဓာတ်ကို မြှင့်တင်တည်ဆောက်ရန်အတွက် သင့်တင့်လျောက်ပတ်သော ခံစားခွင့်ပေးထားရန် အထူးလိုအပ်သည်။ လက်အောက်ဝန်ထမ်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့သောခေါင်းဆောင်တစ်ဦးကို ယုံကြည်မှုကင်း မဲ့ကြသည်။ ထိုလူမျိုးသည် ရည်မှန်းချက်ပန်းတိုင်ကို အချိန်မီ ထမ်းဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ထို့ကြောင့် အဆင့်အတန်းအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုတည်ဆောက်နိုင်ရန်အတွက် အသိပညာဗဟုသုတရှာဖွေခြင်း၊ လေ့ကျင့်ခြင်း၊ သင်တန်းများ တက်ရောက်ခြင်းတို့ကိုစဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်။

တာဝန်ယူမှုနှင့် တာဝန်ခံမှုအားနည်းသည့် အဆင့်ဆင့်သော တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်သူများဖြင့်သာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နေမည်ဆိုလျှင် “ခြင်းကြားနှင့်ရေသယ်၊ အိတ်ပေါက်နှင့်ဖားကောက်” သလိုသာဖြစ်နေပြီး ရည်မှန်းချက်ပန်းတိုင်ကို အလှမ်းဝေး နေဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့နိုင်ငံသားအားလုံး မိမိကျရာအခန်းကဏ္ဍတွင်ရသင့် ရထိုက်သည့်အခွင့်အရေး၊ အထူးသဖြင့်နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ခံစားသလိုတာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကိုလည်း ရာနှုန်းပြည့်ယူသွားနိုင်ကြပါစေ။



# လက်တွေ့အသုံးချဆေးနည်းတိုများ (၂၁)

ကြည်လွင်မြင့်(မုံရွာ)

**ဆရာရှင့်၊ တစ်ခုလောက် ကူညီပါ။ သမီး အရင်က ချွေးနံ့မနံပါဘူး။ အခုနောက်ပိုင်း ချွေး နည်းနည်းထွက်တာနဲ့ ကိုယ့်အနံ့ ကိုယ်နံနေပါတယ်။ ဈေးရောင်းရတာက အလုံပိတ် အဲကွန်းခန်းဆိုပေမယ့် ပစ္စည်းသယ်ရရင် ချွေးနည်းနည်းထွက်တာနဲ့ နံတာပါပဲ။ ဈေးဝယ်ကိုလည်း အားနာ၊ သူငယ်ချင်းတွေလည်း အားနာရ၊ ရေမွှေးလဲမကယ်နိုင်ဘူးဖြစ်နေပါတယ်။ ဝမ်းနုတ်ဆေးလည်း သောက်ပါတယ်။ သွေးသန့်ဆေးလည်းသောက်ပါတယ်။ မသက်သာပါဘူး။ အကြံဉာဏ်ပေး ကူညီပါဦးဆရာ။**

ရှောက်သီးကို အခွံပါ ရေနွေးစိမ်သောက်ရင် ချွေးနံ့ သက်သာပါတယ်။ တစ်နေကုန် သောက်နိုင်သမျှ သောက်ပါ။ အဆီလည်းကျ လူလည်း ကျစ်လစ်စေပါတယ်။ ရှောက်သီးမရရင် သံပရိုသီးကို ပါးပါးလှီး ရေနွေးစိမ် သောက်ရင်လည်းရပါတယ်။ တစ်လလောက်တော့ သောက်ရတယ်။ ပျောက်ဖူးသူ ရှိပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့လည်ပင်းမှာ ပွေးလိုလို၊ ညှင်းလိုလို ယားနာအကွက်လေးဖြစ်နေတာ တစ်လလောက်ရှိပါပြီခင်ဗျာ။ ဘယ်လိုဆေးမျိုးလိမ်းရမလဲ ညွှန်ကြားပေးပါ။**

တမာရွက်ပြာချ အုန်းဆီနဲ့လိမ်းပါ။ (တစ်နည်း) ကြွေပုပ်ကို သံပရာရည်နဲ့ စိမ်ထား ပျော်သွားရင် သနပ်ခါးနဲ့ စပ်လိမ်းပါ။ ညှင်းကွက်ဖြစ်ရင် ဒီဆေးနည်းနဲ့ ပျောက်ဖူးပါတယ်။

**မင်္ဂလာပါ ဆရာ၊ ခေါင်းလျှော်ရည် တစ်မျိုးသုံးပြီး ကျွန်မဆံပင်တွေအကွက်လိုက်ကျွတ်နေလို့ပါ။ ဆံပင်ပြန်ပေါက်အောင် ဆေးနည်းရှိရင် ကူညီပေးပါ။**

ကြိတ်မှုန်ရွက် အရည်ညှစ် ဆန်ဆေးရည်နဲ့ရောခေါင်းမှာဆွတ်ပြီး တစ်နာရီလောက်ကြာအောင် ပေါင်းထားပါ။ ပြီးရင် တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပါ။ ထောလပတ်ရွက်နဲ့ အုန်းဆီစိမ်ထားပြီးလိမ်းပါ။

**ဆရာခင်ဗျာ နှစ်စဉ် အေးချမ်းတဲ့ဆောင်းဥတုမှာ နှာစေးလေ့ရှိပါတယ်။ ပိုးသတ်ဆေးမသောက်ချင်တဲ့အတွက် သဘာဝအစာနဲ့ ကာကွယ်နိုင်သလဲ သိလိုပါတယ်။**

အအေးမိနှာစေးတာကို ကာကွယ်ဖို့အတွက် ကြက်သွန်ဖြူဥတစ်လုံး မီးဖုတ်စားပေးပါ။ တစ်နေ့ကို ခုနှစ်မွှာလောက်စားပေးရင် လုံလောက်ပါတယ်။ အနံ့မွှေးပြီး စားလို့လဲကောင်းပါတယ်။

**ဆရာရှင့် ဝပြီး အဆီတိုးလာတဲ့အတွက် ပျားရည်ကို နေ့စဉ်သောက်ရတယ်ဆိုတာ မှန်ပါသလားရှင့်။ ပိန်တယ်ဆိုပေမယ့် သိပ်မပိန်အောင် ထိန်းထားချင်ပါတယ်။**

အဆီကျပြီး ကျန်းမာလိုသူတွေအတွက် ပျားရည်က အသင့်တော်ဆုံးပါ။ မပိန်ဘဲ အသားအရည် စိုပြည်ဖို့အတွက် ရေသောက်တာက ဆေးတစ်ပါးပါ။ ရေကို မျှတအောင် သောက်တာနဲ့ မပိန်မဝ ခန္ဓာကိုယ် အချိုးကျစေနိုင်ပါတယ်။ ရေနဲ့ပျားရည်ကို နံနက်ခင်း နေရောင်ခြည်မှာ တစ်နာရီလောက်ပြပြီးသုံးစွဲပါ။ နေရောင်ခြည်ကရတဲ့ OPS တေဇောဟာ လူကိုကျစ်လစ်စေပါတယ်။ ပျားရည်ဟာ ကောင်းတဲ့အဆီကို တိုးစေပြီး မကောင်းတဲ့အဆီကို ကျစေပါတယ်။ နံနက် အိပ်ရာထချိန်မှာ ပျားရည်ဟင်းစားဇွန်း တစ်ဇွန်းကို ရေအေးတစ်ဖန်ခွက်နဲ့ သောက်ရင် အဆီကျပြီး အသားအရေကို စိုပြည်လှပစေနိုင်တယ်။

**ဆရာကြီးရှင့် ခြေဖဝါးမှာ အသားမာလိုအဖုလေးတွေရှိပါတယ်ရှင့်။ ငါးမျက်စိလို့ ပြောပါတယ်။ ပျောက်နိုင်မယ့် ဆေးနည်းလေးညွှန်ကြားပေးပါရှင့်။**

ငှက်ပျောသီးအခွံကို အသားဘက်က ကပ်၊ အဝတ်ဒါမှမဟုတ် ပတ်တီးနဲ့ စည်းထားပေးပါ။ သုံးရက်လောက်စည်းရင် အသားမာအဖုတွေ ပွလာပြီး ဆွဲနုတ်ရင် ကျွတ်ထွက်သွားနိုင်ပါတယ်။ အဲဒီကျွတ်ထွက်သွားတဲ့နေရာမှာ အသားမာ ထပ်မဖြစ်စေဖို့ ပျားရည်နဲ့အုန်းဆီ ရောစပ်လိမ်းပေးပါ။

**ဆရာရှင့် သမီးအစ်မတစ်ယောက်မှာ လိပ်ခေါင်းဖြစ်နေလို့ပါရှင့်။ ဝမ်းသွားပြီးရင် လက်သန်း တစ်ဆစ်လောက် အပြင်မှာထွက်ပြီး ကျန်နေပါတယ်။ သူက ကိုယ်ဝန်ဆောင်လည်း ဖြစ်နေပါတယ်ရှင့်။ မွေးခါနီး တစ်လလောက်လိုတော့တာမို့ လိပ်ခေါင်းကို မကုနိုင်တော့ပါဘူးရှင့်။ ပြန်ဝင်နိုင်တဲ့နည်းလမ်းရှိရင် ညွှန်ပြပေးပါရှင့်။**

ဆားခါးအထုပ် ဝယ်ပါ။ (ဝမ်းနုတ်တဲ့ ဆားခါးပါ) တစ်ထုပ်လုံးကို ရေဖျော်ပြီး ထိုင်နိုင်တဲ့ အင်တုံ ဒါမှမဟုတ် ပလတ်စတစ်ဇလုံကြီးကြီးမှာထည့်ပြီး မိနစ် ၂၀ ခန့် စိမ်ပေးရင် ပြန်ဝင်နိုင်ပါတယ်။ (တစ်နည်း) ကျားမနိုင် အမြစ်ကို သွေးပြီးလိမ်းပေးရင်လည်း လိပ်ခေါင်းကျုံ့ပြီး ပြန်ဝင်နိုင်ပါတယ်။

**ဆရာ ခြေသလုံးမှာ ဆိုင်ကယ်အိပ်ဇောအပူ ကပ်မိသွားလို့ပါ။ ဘယ်လိုလုပ်ရမလဲ ပြောပြပေးပါအုံးခင်ဗျ။**

ငံပြာရည် သို့မဟုတ် ဆားကို ရေအေးနဲ့ဖျော်ပြီး အမြန်လောင်းချပါ။ ငှက်ပျောပင်ရဲ့ အလယ်အူတိုင်က အရည်ကို ညှစ်ချရင်လည်း အပူဖုမထွက်ပါ။

**ဆရာရှင့် ဖနောင့်တွေ သိပ်နာနေတယ်။ လမ်းလျှောက်ရင်လည်း နာပါတယ်။ မတ်တပ်လည်း ကြာကြာ မရပ်နိုင်ပါဘူး။ ကျွန်မကိုယ်အလေးချိန်ကတော့ ၁၄၈ ပေါင်ရှိပါတယ်ရှင့်။ အရပ်က ငါးပေ နှစ်လက်မ ဆေးနည်းလေးပြောပြပေးပါ။ ကျေးဇူးတင်ပါတယ် ဆရာကြီးရှင့်။**

အရပ်နဲ့စာရင် ကိုယ်အလေးချိန်က နည်းနည်းများနေလို့ ခြေဖနောင့်တွေနာတာပါ။ အစားလျှော့စား၊ ကိုယ်အလေးချိန် ဝိတ်လျှော့ဖို့လိုပါတယ်။ ခြေမျက်စိနှစ်ဖက်မြုပ်အောင် ဆားရည်နွေးနွေး စိမ်ပေးပါ။ သက်ရင်းကြီးရွက်ကိုထောင်းပြီး ဖနောင့်မှာ အုံ၊ စည်းအိပ်ပါ။ နံနက်အိပ်ယာထမှာ ဖြေရင်ရပါတယ်။ ခုနှစ်ရက် တစ်ပတ်လောက် ဆက်စည်းပါ။

**ဆရာ လေ့ကျင့်ခန်းလုပ်ရင်း ခါးနာသွားပါတယ်။ ဘယ်လိုလုပ်ရမလဲ ပြောပြပေးပါ။**

မုန်ညင်းဆီကို မီးနဲ့အပူပေး၊ ခါးမှာ ခပ်နွေးနွေး လိမ်းပြီး အဝတ်နဲ့ပတ်ထားပါ။ သက်သာတဲ့အထိ လေ့ကျင့်ခန်းလုပ်တာကို တစ်ရက်၊ နှစ်ရက် နားထားပါ။ လေ့ကျင့်ခန်းလုပ်ရင် စနစ်တကျလုပ်ပါ။ အပြင်းအထန် မလုပ်ပါနဲ့။

**ဆရာရှင့်၊ ချောင်း တအားဆိုးနေပါတယ်။ ချောင်းဆိုးလိုက်တိုင်း ခေါင်းထဲက ထိုးပြီးကိုက်ပါတယ်။ ဘာလုပ်ရမလဲရှင့်။**

ဆားလှော်၊ ကွမ်းရွက်စိမ်းအရည်၊ သံပရာရည် သုံးမျိုးကို ရောစပ်ဖျော်ပြီး လျက်ပေးပါ။ ခေါင်းကိုက်ရင် ချင်းတက် ပါးပါးလှီး၊ နားထင်နှစ်ဖက်မှာ ကပ်ပေးပါ။

**ဆရာ အအေးပပ်ပြီး အသက်ရှူမရအောင် နှာပိတ်နေလို့ပါ။ သင့်တော်မယ့် ဆေးနည်း ပြောပြပေးပါ။**

ရှောက်သီးကို လေးစိတ်စိတ် မတ်ခွက်မှာထည့်၊ ရေနွေးပူပူလောင်းချပြီး အုပ်ထားပါ။ ခဏကြာရင် ဖွင့်ပြီး အငွေ့ကို ရှူရှိုက်ပေးပါ။ နလင်ကျော်မြစ်၊ တောရှောက်မြစ်တွေရှိရင် သွေးပြီး နှာခေါင်းမှာ လိမ်းပေးပါ။ ကွမ်းရွက်အရည်ညှစ်၊ အုန်းဆီနဲ့ရော ဦးခေါင်းငယ်ထိပ်မှာ လိမ်းပေးပါ။

**ဆရာရှင့်၊ ကျွန်မရဲ့အဖေမှာ ရင်ဘတ်အောင့်တဲ့ ရောဂါဖြစ်နေပါတယ်။ ဆေးစစ်ကြည့်တော့ နှလုံးသွေးကြောကျဉ်းတယ်လို့ ပြောပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ ပျောက်နိုင်မယ့် ဆေးနည်းတွေရှိရင် ပြောပြပေးပါရှင့်။**

ထမင်းစားတဲ့အခါတိုင်း ကြက်သွန်ဖြူဥသေးတွေကို သုံးမွှာကနေ ခုနစ်မွှာအထိ အစိမ်းအတိုင်း စားပေးပါ။ ကြက်သွန်နီဥကို ပါးပါးလှီး ရှောက်ရည်၊ သံပရာရည်ဆမ်းပြီး စားပေးရင်လည်း အကျိုးရှိစေနိုင်ပါတယ်။ ငရုတ်သီးအစိမ်းတောင့်ကို အသုပ်အမျိုးမျိုးမှာ ထည့်ပြီး နေ့တိုင်းစားပေးရင် သွေးကြောပိတ်တာကို ကာကွယ်စေနိုင်ပါတယ်။ ငရုတ်ကောင်းကို ဟင်းချို တစ်မျိုးမျိုးမှာ ထည့်ချက်ပြီးဖြစ်ဖြစ်၊ အမှုန့်ဖြူးပြီးဖြစ်ဖြစ် သောက်သုံးပေးရင် နှလုံးသွေးကြောကျဉ်းရောဂါအတွက် အထောက်အကူဖြစ်ပါတယ်။ အငန်နဲ့ အချိုကို လျှော့ပြီး စားသုံးသင့်တယ်။ အချဉ်၊ အစပ်၊ အပွင့်ဓာတ်များတဲ့ အစာအာဟာရတွေကို စားသုံးတာနဲ့ နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်စေနိုင်ပါတယ်။

**ဆရာရှင့်၊ ကျွန်မက ဗိုက်ခေါက်ထူပြီး ဗိုက်ကြီးပူနေပါတယ်။ ဘယ်လိုလုပ်ရမလဲ ညွှန်ကြားပေးပါရှင့်။ သက်ရင်းကြီးရွက်တို့တာ မထူးခြားလို့ပါ။**

ဆားခါးကို လှော်ပါ။ မန်ကျည်းဖျော်ရည်တစ်ဖန်ခွက်မှာ ဆားခါးလှော် ဟင်းစားဇွန်းတစ်ဇွန်း ထည့်ဖျော် ညအိပ်ရာဝင်ခါနီးတိုင်း သောက်ပါ။ ဆားခါးက နေ့စဉ်သောက်လို့ အန္တရာယ် မရှိပါ။ ၁၄ ရက်လောက် သောက်ရင် ဗိုက်ခေါက်ကျသွားတာ တွေ့ဖူးပါတယ်။ လမ်းများများလျှောက် လေ့ကျင့်ခန်းလုပ်သင့်ပါတယ်။

**မင်္ဂလာပါ ဆရာ။ ကျွန်တော် တစ်ခုလောက် မေးချင်လို့ပါ ဆရာ။ ကျွန်တော့ ရင်ဘတ်အလယ်ရိုး ပြားတည့်တည့်က စူးစူးပြီး အောင့်နေတာ ဘာဖြစ်လို့ပါလဲ။ ဘယ်လို ပျောက်အောင်လုပ်လို့ရပါသလဲ ခင်ဗျာ။**

အစာအိမ် လေပူနာပါ။ အစာအိမ် ရောင်ချင်လို့ဖြစ်နိုင်ပါတယ်။ အချဉ်၊ အပူ၊ အစပ်နဲ့ အကြော်အလှော်တွေရှောင်ပါ။ ငါးဆန်ပြုတ်သောက်၊ ဖီးကြမ်းငှက်ပျောသီး တစ်နေ့ကို နှစ်လုံးစားပါ။ ထောပတ်သီးနဲ့ သကြားခေါက်စားပါ။ ဝမ်းမချုပ်အောင် ညအိပ်ရာဝင် မန်ကျည်းမှည့်နဲ့ ထန်းလျက်စိမ် ဖျော်ရည်သောက်ပါ။ အစာကို အချိန်မှန်မှန်ပူပူစားပါ။ ထမင်းအေးစားရင် ရောဂါမပျောက်ပါ။ ကွမ်း၊ ဆေးလိပ်ရှောင်ပါ။ အစာအိမ်မှာ အနာဖြစ်တတ်ပါတယ်။

**ဆရာ ကျွန်တော် ဝမ်းနည်းနည်းချုပ်တတ်ပါတယ်။ ဝမ်းသွားတာ အားမရလို့ ညှစ်ရင်းနဲ့ စအိုနားမှာ အသားပိုလို ထွက်လာပါတယ်။ လိပ်ခေါင်းရောဂါလား ဆရာ။ ဆေးနည်း သိလိုပါတယ်။**

ဝမ်းမချုပ်အောင် ဆားခါးကို ညအိပ်ရာဝင်ခါနီးတိုင်း ဟင်းစားဇွန်းတစ်ဇွန်း ပုံမှန် သောက်ပေးပါ။ ဗိုက်မရစ်အောင် ဆားခါးကို လှော်လိုက်ပါ။ မန်ကျည်းမှည့်ဖျော်ရည်တစ်ခွက်မှာ ဆားခါးလှော် တစ်ဇွန်းထည့်သောက်ရင် ဝမ်းအလွယ်တကူသွားပါတယ်။ စအိုက ထွက်တဲ့အဖုကို ကျားမနိုင်မြစ် သွေးလိမ်းပေးပါ။

**ဆရာ ညဘက် အိပ်ခါနီး ခြေထောက်ရေဆေးအိပ်ရင် အပူထွက်တယ်လို့ ကြားဖူးပါတယ်။ ခန္ဓာကိုယ်က အပူများလို့ပါ။ ရေလောင်းမယ်ဆိုရင် ဒူးအထက်က စ လောင်းရမလား။ ဒူးအောက်ကနေ လောင်းရမလား သိလိုပါတယ်။**

အပူတွေ အောက်ကို သက်အောင် ရေအေးကို ဒူးအထက် (ပေါင်လယ်)ခန့်မှ အောက်ကို ရေလောင်းပြီး ခြေဆေးပါ။ များများလောင်းပါ။ ငါးခွက်ကနေ ခုနှစ်ခွက်အထိ လောင်းပါ။ ညအိပ်ရာဝင်ချိန်တိုင်း ပုံမှန်ပြုလုပ်ရင် ခန္ဓာကိုယ်အပေါ်ပိုင်း ဦးခေါင်း၊ မျက်စိအထိ အပူအခိုးတွေ ရိုက်တာ သက်သာပြီး မျက်စိကြည်တာ၊ မျက်ရိုးကိုက်၊ ခေါင်းကိုက်၊ ဆံပင်ကျွတ်တာတွေ သက်သာစေနိုင်ပါတယ်။




# (၂၅) နှစ်ပြည့် ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်လှစွာသော ဖေဖေ **ဦးကျော်အောင်**(အောင်စည်းဇိမ်စီးပွားရေးလုပ်ငန်းစု) နှင့် မေမေ **ဒေါ်အေးအေးသွက်** (သန်းကြွယ်နို့ဆီရောင်းဝယ်ရေး)တို့၏ ၄-၄-၂၀၁၇ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရှည်ကျန်းမာစွာဖြင့် ချစ်သော သား၊ သမီးများနှင့်အတူ ပျော်ရွှင်နိုင်ပါစေ။

ဘာသာ၊ သာသနာအကျိုး၊ ရပ်ကျိုး၊ ရွာကျိုးများကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ချစ်သားကြီး - ဟိန်းကိုကို (See Zein Commercial Group)
ချစ်သမီး - ယမင်းကျော်အောင်
ချစ်သားငယ် - မင်းခန့်ကျော်အောင်




MYANMAR ACADEMIC EMPEROR COLLEGE

Professional General 4 skills သင်တန်းများကို ကျောင်းအပ်လက်ခံနေပါပြီ
- Oversea တွင်ပညာတော်သင်များလျှောက်ထားလိုပါသလား ?
- အင်္ဂလိပ်စာအပေါ်ကြောက်ရွံ့မှုရှိနေပါသလား ?
- အင်္ဂလိပ်စာအပေါ်အမြင်နှင့် Performance ကို (၂) အတွင်းပြောင်းလဲလိုပါသလား?
- Native Speaker များနှင့်ယှဉ်၍အင်္ဂလိပ်စကားကိုကျွမ်းကျင်စွာပြောနိုင်လိုပါသလား?

- Cambridge Courses များဖြင့်နိုင်ငံတကာသင်ရိုးများအတိုင်း Presenation, Projects, Oral tests,Interviews စသည်ဖြင့်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။
- Level တစ်ခုကို (၂)လ တက်ရောက်ရပါမည်။ တနင်္လာ မှ သောကြာထိ တက်ရောက်ရပါမည်။
- Native Speaker များနှင့်သာမက Experience နှစ် ၂၀ကျော်ဝါရင့်ဆရာ/မများဖြင့် ထိရောက်စွာသင်ကြားပေးပါမည်။

နှစ်လအတွင်း အင်္ဂလိပ်စာအား ကြောက်ရွံ့မှုမရှိစေရန် MAEC မှတာဝန်ယူသင်ကြားပေးပါသည်။

အသေးစိတ်စုံစမ်းလိုပါက- **EARLY BIRDS 10% OFF**

**MYANMAR ACADEMIC EMPEROR COLLEGE(MAEC)**

အမှတ်-၁၁၃၆(က)၊ ဝေသန္တရာလမ်း၊၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 444436001, 09 444436002, 09 444436003, 09 5002947

GARTEN FLOOR

Specialize of Vinyl & Laminate Floor

ခေတ်မီ နောက်ဆုံးပေါ် ဒီဇိုင်းများကို Garten တွင်ရွေးချယ်ပါ။

သင့်အိမ်အတွက် ကြမ်းခင်းဆိုလျှင် ဒီဇိုင်းသစ်လွင် အရည်အသွေးကောင်းမွန် စိတ်ချရသော Garten Floor Show Roomသို့ကြွလှမ်းခဲ့ပါ။

Garten Material
Bring Up Happy Life




မြန်မာနှစ်သစ်ကူးအထူး PROMOTION အနေဖြင့် (1.3.2017) မှ (30.4.2017)နေ့အထိ Laminate Floor နှင့် Vinyl Floor များအား(၅ ကျင်း) နှင့် အထက် ဝယ်ယူအားပေးသော Customer များအတွက် 5% Discount ပေးနေပါပြီ။

Vinyl Floor
- 100% ရေစိုခံနိုင်ခြင်း။
- ရေငွေ့ရိုက်မှုခံနိုင်ခြင်း။
- ခေတ်မီသေသပ်လှပခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ခြင်း။
- ရာသီဥတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%)ကာကွယ်နိုင်ပါသည်။

HOT LINE 09 459 177778, 09 240 0988

Laminate Floor
- အလွယ်တကူ ခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဒဏ်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်း တောက်ပအရောင်မမှိန်ခြင်း။

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | 09-790 177709, 09-790 178988 | garten.sh@gmail.com

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

SQA
Racer Engineering College
City & Guilds
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများနှင့် အင်ဂျင်နီယာပညာ လိုလားသူများအတွက် အခွင့်လမ်းကောင်းများ
Higher National Diploma ( SQA,UK )
City & Guilds Diploma ( UK )
SQA, Ambassador Award
ဆုရှင် ( ၃ ) ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။
Architecture
Civil Engineering
Electronics Engineering
No.D-22,23,ရွှေဖြူပလာဇာ၊ ၃၂-၃၃ လမ်းကြား၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။ ☎ ၀၉-၂၀၁၄၄၅၀

NELC
Don't Worry, Just Speak!
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation
စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

ပညာရေးအတွက် ငွေများများသုံးစရာမလိုဘဲ ထူးချွန်အောင်မြင်ဖို့ သပြေညိုဘော်ဒါရှိတယ်
အောင်မြင်မှုနှင့်ကြံ့ခိုင်မှု
ဆရာဦးမြင့်စိန်
THA PYAY NYO MANDALAY PRIVATE HIGH SCHOOL
သပြေညို
ကိုယ်ပိုင်အထက်တန်းကျောင်း
- ဝင်းခြံကျယ်မှာ ကျောင်းသား/သူ သီးသန့် အဆောင်တွေဖြစ်တယ်
- နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးဝန်ဆောင်မှု အဆင့်မီတယ်။
- ဆရာ ၊ ဆရာမအင်အား ၊ သင်ကြားရေး၊ လေ့ကျင့်ရေးကောင်းမွန်ဖို့ အာမခံတယ်။
၅၈လမ်း ၊ ( စ )ရပ်ကွက် ၊ တတ-၁၈/၇၀ ၊ ရတနာပုံမြို့သစ်ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ Ph : 09 - 2015309 , 09 - 2210327 , 09 - 772015309

TechnoEye computer & cctv 09 50 69 617, 09 42 81 28782
(၄လုံးစက်) ကြိုး+တပ်ဆင်ခ အပြီးအစီး

- HDCVI Digital 4CH RECORDER
- HDCVI 1000 Bullet (In/Out)Door 4 Units
- 1TB SATA HARDDISK SYSTEM
- 20AMP SUPPLY SYSTEM
- MIC RECORDER SYSTEM 1 UNIT
- BNC + DC Jack ,Waterproof Joint Box 4 Sets
- Coaxial Cable Meter 50 + Installation
350,000-Ks
PRICE CHALLENGE
ပစ္စည်း အကန့်အသတ်ရှိပါသည်
Promotion ကာလမှာ
မြေလကုန်ထိသာ အကျုံးဝင်ပါသည်။
2 Years Warranty
720 P Full HD
(၈လုံးစက်) ကြိုး+တပ်ဆင်ခ အပြီးအစီး

- HDCVI Digital 8CH RECORDER
- HDCVI 1000 Bullet (In/Out)Door 8 Units
- 1TB SATA HARDDISK SYSTEM
- 20AMP SUPPLY SYSTEM
- MIC RECORDER SYSTEM 1 UNIT
- BNC + DC Jack ,Waterproof Joint Box 8 Sets
- Coaxial Cable Meter 80 + Installation
550,000-Ks

၂၆၀၀ ကြိမ် + တစ်နှစ်လျှင် အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း
(မရှိ) အူမကြီးမှန်ပြောင်း ကြည့်ရှု၊ နေစဉ်နှင့် ကြည့်ရှု၊ စစ်ဆေးပြီးချိန်တွင် နောက်ဆက်တွဲထိခိုက်မှုဖြစ်ပေါ်မှု
၃၆.၄ ရာခိုင်နှုန်း ကင်ဆာအကျိတ်အား တွေ့ ရှိမှုနှုန်း vs ပုံမှန်နည်းပညာဖြင့် တွေ့ ရှိမှုနှုန်း ၂၅ ရာခိုင်နှုန်း
BLUE RIBBON
BEATING COLON CANCER
Medical collaboration
Totally, Truly Care
01-378583
www.samitivejhospitals.com
สมิติเวช SAMITIVEJ

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

မူလတန်း၊ အလယ်တန်း
ဘာသာရပ်သင်
ဆရာ၊ ဆရာမများ အလိုရှိသည်။
ခြံအမှတ်(၄၅)၊ နဝရတ်လမ်း၊ နဝရတ်အိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်။
09-250804096

တာဝတိံသာ
အသင့်ဖြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အလုပ်သမားများအပါ
ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 32152526, 09 421024222
09 31483218, 09 49344288

P.E.M မော်တာ
PREMIUM EFFICENCY MOTOR

တရားဝင်မှတ်ပုံတင်ထားပြီး
လက်လီလက်ကား
ဖြန့်ချီရေး
RM Royal Myanmar Trading

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနပိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄-တိုးချဲ့)ရပ်ကွက်၊ သုဓမ္မာလမ်းတွင်တည်ရှိသည့် သီရိရတနာလက်လီ/လက်ကားဈေး၊ အဆောက်အအုံအမှတ်(G)၊ ဆိုင်ခန်းအမှတ်(၁၉)၊ အကျယ်ပေ(၂၀×၄၅)ရှိ အဆောက်အအုံဆိုင်ခန်းနှင့်တကွ ကိုယ်ပိုင်အသုံးပြုခွင့်ရ ယာဉ်ရပ်နား ဧရိယာအကျယ်ပေ(၂၀×၄၅)အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်အမည်ပေါက် ပိုင်ဆိုင်သူ Panthu Geological Services Co.,Operative Ltd. (အသင်းမှတ်ပုံတင်အမှတ်- ၃-၆၄/၀ဆ/လှိုင်)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါဆိုင်ခန်းအဆောက်အအုံနှင့် ဆိုင်ခန်းအဆောက်အအုံပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးအေး**
**(LL.B, D.B.L, D.M.L, D.I.L)**
**WIPO, DL-101 Switzerland**
**(စဉ်-၈၅၅၈)(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၃၅၈၂၇၀**

ဝတ်ုသူတွေစားနေရတဲ့ တင်းကျပ်တဲ့ ဒဏ်တွေလျော့အောင် ကိုယ်ပေါ်က အဆီပိုတွေကိုအမြန်ဆုံးထိရောက်ပြီး ဘေးကင်းဆုံးဖယ်ရှားပေးနိုင်တာ...
7-Days အဆီချရေပြင်မ်
လို့
လက်တို့ပြီး ပြောပြလိုက်မယ်...
အသုံးပြုပုံ
အဆီများတဲ့နေရာ
(ခါး၊ ဗိုက်၊ တင်၊ လက်မောင်း၊ ပေါင်စသဖြင့်)ကို အဆီချရေပြင်မ်ဖြင့်
နေရာနှံ့စပ်အောင်
ပွတ်လိမ်းပြီးနိုင်နယ်ပေးပါ။

FDA မှ အလုပ်မျှ ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021
Pepper (အစိမ်း)
Ginger (အဝါ)
Apple Production Co.,Ltd. - 09 49316408, 09 8618081

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

GOLDEN VALLEY CLUSTER HOUSE

# ဂုဏ်ပြု မိတ်ဆက်ပွဲ နှင့် နှစ်သစ်ကူး အထူး ဈေးရောင်းပွဲတော်

၁၃၇၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မြန်မာနိုင်ငံ၏ တန်ဖိုးအရှိဆုံး အထင်ကရနေရာဖြစ်သည့် ရွှေတောင်ကြားတွင် အဆင့်အမြင့်ဆုံး ဂုဏ်အရှိန်အဝါရှိစွာ ပထမဆုံးတည်ဆောက် ပြီးစီးသော

## GOLDEN VALLEY CLUSTER HOUSE PROJECT

မိတ်ဆက် အရောင်းဖွင့်ပွဲ နှင့် ၂၀၁၇ ခုနှစ်အတွင်း တည်ဆောက် ပြီးစီးမည့် ကွန်ဒိုများမှ အခန်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ပွဲတော်အား ( ၇-၄-၂၀၁၇ ) မှ ( ၈-၄-၂၀၁၇ ) အထိ ကျင်းပမည် ဖြစ်ပါသဖြင့် ဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်အားပေးနိုင်ပါရန် NAING Group မိသားစုမှ လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

NGC NAING Group Capital Co.,Ltd.

NAING Group Capital




Khin Sabè Oo

Khin Sabe' Oo

## အခမ်းအနား အစီအစဉ်

ဖွင့်ပွဲ ကျင်းပမည့်နေ့ - ၂၀၁၇ခုနှစ်၊ဧပြီလ (၇)ရက် (သောကြာနေ့)

ဖွင့်ပွဲ ကျင်းပမည့်အချိန် - နံနက် (၉) နာရီ
(အရောင်းပွဲတော်ကို ဧပြီလ (၇) ရက် မှ (၈) ရက်နေ့ အထိ
နေ့ စဉ်နံနက် (၉) နာရီ မှ ညနေ (၅) နာရီ အတွင်း ကျင်းပမည် ဖြစ်ပါသည်။)

ဖွင့်ပွဲ ကျင်းပမည့်နေရာ - အမှတ်(၁၀)၊ရွှေတောင်ကြားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Golden Valley Cluster House (ဓမ္မစေတီလမ်း Marketplace ဘေးလမ်းမှ ဝင်ရန်)

### ပွဲရက် (7th ~ 8th April) အတွင်း ဝယ်ယူသူများ အတွက် အထူး အခွင့်အရေး

(၁) ကျပ်သိန်းပေါင်း ၃၀၀ မှ ၃၀၀၀ အထိ သက်သာမည့်အထူးအခွင့်အရေး
(၂) Customer များနှစ်မြို့က်စေမည့် ငွေချေမှု အစီအစဉ်များ
(၃) Bank နှင့် ချိတ်ဆက်၍ ဝယ်ယူနိုင်မည့် အခွင့်အရေးများအား လက်မလွှတ်ရန်

R.S.V.P:
Thet Hnin Aye : 09 977122202, Zin Ei Chit : 09 977122203, Zin Min Phyu : 09 977122204

# THE CENTRAL

## WHERE THE FINEST MEETS

| Retail Street Completing in Q4 2017 |





At the **Corner of Kabar Aye Pagoda Road and Kanbe Road,**
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

**ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်**
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။




**ENQUIRY HOTLINE**
+95 9777 773 770

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm


**INFORMATION CENTER ADDRESS**
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

# မြန်မာအမျိုးသမီး ဂေါက်သီးရိုက်ကစားသမားများ အမေရိကန်၌ ကျင်းပသည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိ

**ဖလော်ရီဒါ မေ ၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် မြန်မာအမျိုးသမီး ဂေါက်သီးရိုက်ကစားသမားများ အောင်မြင်မှုရရှိခဲ့သည်။ မြန်မာအမျိုးသမီး ဂေါက်သီးရိုက်ကစားသမားများဖြစ်သော သင်းဝေခိုင်က ချန်ပီယံဆုနှင့် ဝင့်ဖူးနဒီအောင်က ဒုတိယဆုတို့ ရရှိခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ✳**




ချန်ပီယံဆုရခဲ့သည့် သင်းဝေခိုင်(ယာ)အား တွေ့ရစဉ်။



# ရခိုင်ပြည်နယ် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၃**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အကောင်အထည်ဖော်မှုဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

# အာရှဖလားခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အနိုင်ရ

**ဗီယက်နမ် မေ ၃**

၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ စတင်ကျင်းပခဲ့ပြီး ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော အုပ်စု(ဃ)ပွဲတွင် မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

**မြန်မာ - နှစ်ဂိုး**

**အီရန် - ဂိုးမရှိ**

မြန်မာအမျိုးသမီးအသင်းအနေဖြင့် မျှော်မှန်းသလောက် သွင်းဂိုးမရခဲ့သော်လည်း အီရန်အသင်းကို အမှားအယွင်းမရှိ အနိုင်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အီရန်အသင်းကို ခြေအသာရခဲ့သော်လည်း ပထမပိုင်းသွင်းဂိုးများဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲ အောင်မြင်ရန် လက်ကျန်ပွဲများတွင် ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ○**



မြန်မာနှင့် အီရန်အသင်း ယှဉ်ပြိုင်နေစဉ်။

# မြန်မာ ယူ-၁၉ ဘော်လီဘောအသင်း ကွာတားဖိုင်နယ်တွင် ရှုံးနိမ့်

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အဆင့် ၅/၈ နေရာလုပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် တောင်ကိုရီးယားအသင်းက အိမ်ရှင်မြန်မာကို သုံးပွဲပြတ်၊ ဂျပန်အသင်းက တရုတ်(တိုင်ပေ) အသင်းကို သုံးပွဲပြတ်၊ အီရန်အသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်၊ တရုတ်အသင်းက ဩစတြေးလျအသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နာမည်ကြီး တောင်ကိုရီးယားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၂၅-၁၁မှတ်၊ ၂၅-၁၄မှတ်၊ ၂၅-၁၂ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

**(ရဲရင့်ရှိုင်း)**

